# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဘုရားဂုဏ်ကို အာရုံပြု၍ ကောင်းစွာနိုးကြား**

နေ့ရောညဉ့်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်း ကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြား ရကုန်၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ – ၂၉၆)


၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက် | ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၄)၊ အမှတ် (၀၄၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၄ ခုနှစ် မဟာဘုံကထိန် အလှူတော်မင်္ဂလာအခမ်းအနားကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၂

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)မိသားစုများ၏ ၂၀၂၄ ခုနှစ် မဟာဘုံကထိန် အလှူတော်မင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) အနော်ရထာခန်းမ၌ ဆင်ယင်ကျင်းပ ပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်၍ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်း များ ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂ မဟာသဒ္ဓမ္မ ဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသ၊ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ အကျိုးတော်ဆောင်

*စာမျက်နှာ ၃ ကော်လံ ၁* ❖



နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့်ဇနီး ဒေါ်ကြူကြူလှ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မင်းကျောင်း ဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသ ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

## ယနေ့ ဖတ် စ ရာ


**အာရှကိုမဏ္ဍိုင်ပြု ဖွံ့ဖြိုးမည့်ဥက္ကမှာမှာ** — ဆောင်းပါး — စာ ၆

**အမေရိကန်နိုင်ငံခြားရေးဝန်ကြီးအဖြစ် အထက်လွှတ်တော်အမတ် မားကိုစ်ရူဘီယိုအား ခန့်အပ်ရန် ထရမ့်စဉ်းစားလျက်ရှိ** — နိုင်ငံတကာသတင်း — စာ ၁၃



**မင်္ဂလာပါ... ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်** — ဆောင်းပါး — စာ ၁၆

မြန်မာ့အလင်း

# အားကစားစိတ်ဓာတ်

# အားကစားယဉ်ကျေးမှု မြင့်မားစွာမြှင့်တင်

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ကျင်းပရန် ရက်သတ္တပတ် အနည်းငယ်မျှသာ လိုတော့သည်ဖြစ်ရာ ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမားများ၏ လေ့ကျင့်ပြင်ဆင်မှုများလည်း ခရီးအတန်ပင် ပေါက်ရောက်နေကြမည်ဖြစ်သည်။ တိုင်းဒေသကြီးများနှင့် ပြည်နယ်များ၊ ဝန်ကြီးဌာနများမှ အားကစားနည်းအလိုက် အကောင်းဆုံး အားကစားသမားများဖြင့် ပွဲဝင်လာကြမည်ဖြစ်ရာ ၎င်းတို့၏ ကျွမ်းကျင်မှု၊ ခွန်အား၊ သက်လုံ၊ နည်းစနစ်နှင့် စိတ်ဓာတ်တို့ကို မှတ်ကျောက်တင်ခံနိုင်သည်အထိ ပြင်ဆင်လာခဲ့ကြရန်လိုသည်။ ထို့အပြင် နိုင်ငံတော်အဆင့်ကျင်းပသည့် အားကစားပွဲတော်ကြီး၏ ဂုဏ်ပုဒ်နှင့်အညီ အားကစားစိတ်ဓာတ်၊ အားကစားယဉ်ကျေးမှုကိုပါ မြင့်မြင့်မားမား မြှင့်တင်သွားကြရန်လည်း ကြိုတင်ပြင်ဆင်ကြရမည်ဖြစ်သည်။

အားကစားပြိုင်ပွဲများတွင် ယှဉ်ပြိုင်ခြင်းသည် အဓိကဟုဆိုသော်လည်း အမြင့်ဆုံးသော အောင်မြင်မှုကိုသာ အလိုရှိကြသည့် အလျောက် တစ်ခါတစ်ရံပြိုင်ဆိုင်မှုများ ပြင်းထန်ရာမှ အားကစားစိတ်ဓာတ်၊ အားကစားယဉ်ကျေးမှုတို့ ပျောက်ဆုံးပြီး မလိုလားအပ်သည့် ဖြစ်စဉ်များ၊ မြင်ကွင်းများ ပေါ်ထွက်လာလေ့ရှိသည်။ အားကစားပြိုင်ပွဲတို့၏ သဘာဝအရ အတွန်းအတိုက်၊ အထိအခိုက်၊ အငြင်းအခုံတို့မှာ သာမန်အားဖြင့် ရှိကြစမြဲဖြစ်သော်လည်း အားကစားစိတ်ဓာတ်၊ အားကစားယဉ်ကျေးမှုတို့ မြင့်မားသည်နှင့်အမျှ အားကစားပြိုင်ပွဲများမှာလည်း ဂုဏ်သိက္ခာမြင့်ရစမြဲဖြစ်သည်။ အားကစားသမားတိုင်း စည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်း၊ တရားမျှတစွာ ယှဉ်ပြိုင်ခြင်း၊ ရိုင်းပြသည့်အပြုအမူ၊ အပြောအဆိုများကို ရှောင်ကြဉ်စောင့်ထိန်းခြင်း၊ မလျှော့သောဖွဲ၊ လုံ့လ၊ သတ္တိတို့ဖြင့် အနိုင်မခံ အရှုံးမပေး ယှဉ်ပြိုင်ခြင်း၊ မိမိအနိုင်ရပါက ရှုံးနိမ့်သူကို အားပေးခြင်း၊ မိမိရှုံးပါကလည်း ရှုံးနိမ့်မှုကို လက်ခံ၍ အနိုင်ရသူအတွက် အားပေးခြင်း၊ ပြိုင်ပွဲအတွင်း ပြိုင်ဘက်ဖြစ်သူ ဘေးဒုက္ခတစ်စုံတစ်ရာဖြစ်သည်ကို တွေ့ကြုံပါက ကိုယ်ကျိုးစွန့်၍ ကူညီခြင်း စသည့်အားကစားယဉ်ကျေးမှု မြင့်မားသည့် မြင်ကွင်းများကို အားကစားမီဒီယာများတွင် မိမိတို့ မကြာခဏ တွေ့မြင်ဖူးကြရာ အတုယူဖွယ်များပင်ဖြစ်သည်။ ယင်းသို့သော အားကစားသမားများမှာ ဂုဏ်သိက္ခာမြင့်မားသည့် အားကစားသမားများ၊ လူအများ၏ လေးစားမှုအဖြစ် ဂုဏ်ပြုချီးကျူးမှုကို ရရှိကြသည်။

အားကစားယဉ်ကျေးမှုသည် ပရိသတ်များနှင့်လည်း သက်ဆိုင်ပြီး အချို့အားကစားပရိသတ်များမှာ နာမည်ဆိုးဖြင့် ကျော်ကြားခြင်းကြောင့် ကဲ့ရဲ့ရှုတ်ချမှုကို ခံကြရသလို မိမိတို့ကြောင့် မိမိအားပေးသည့် အားကစားအသင်းပါ ထိခိုက်ကြရသည်ကို နိုင်ငံတကာအားကစားသတင်းများတွင် တွေ့ရတတ်သည်။ အားကစားအသင်း ဒဏ်ရိုက်ခံရခြင်း၊ ပွဲပယ်ပြစ်ဒဏ်ပေးခံရခြင်း၊ ပရိသတ်မပါဘဲ ကစားရခြင်း စသည်ဖြင့် ပရိသတ်ဆိုးကြောင့်အသင်း၏ပုံရိပ်ဆိုးရသည်မှာသတိထားစရာပင်ဖြစ်သည်။ အားကစားပြိုင်ပွဲများတွင် အနိုင်ရလိုဇောဖြင့် အပြင်းအထန်ငြင်းခုံခြင်း၊ ကန့်ကွက်ခြင်း၊ တွန်းထိုးခြင်းမှစကာ ကွင်းအတွင်းအပြင် ပရိသတ်များအထိ ကူးစက်ပြီး ခိုက်ရန်ဖြစ်ပွားကြသည့် ဖြစ်ရပ်မျိုးသည် အားကစားပြိုင်ပွဲ၏ပုံရိပ်ကို ထိခိုက်စေသလို အားကစားဖွံ့ဖြိုးတိုးတက်မှုကိုလည်း ထိခိုက်စေသည်။ ပရိသတ်ကြောင့် နိုင်ငံနှင့် လူမျိုးကိုပါ ကမ္ဘာကချီးကျူးအသိအမှတ်ပြုကြရသည်မှာ ဂျပန်ဘောလုံးပရိသတ်ပင်ဖြစ်သည်။ ဂျပန်ဘောလုံးအသင်းယှဉ်ပြိုင်သည့် နိုင်ငံတကာပြိုင်ပွဲများတွင် အားပေးကြသည့် ဂျပန်ပရိသတ်များက အမှိုက်အိတ်များကိုပါ ဆောင်ယူလာကြပြီး ဘောလုံးပွဲကျင်းပပြီးချိန်တွင် ၎င်းတို့ ကြည့်ရှုအားပေးခဲ့သည့် ကွင်းထဲမှ အမှိုက်များကို ရှင်းလင်းသိမ်းဆည်းပေးသွားကြခြင်းကြောင့် စည်းကမ်းရှိသည့် လူမျိုးအဖြစ် နိုင်ငံတကာက လေးစားကြခြင်းဖြစ်သည်။

မကြာမီကျင်းပတော့မည့် အမျိုးသားအားကစားပွဲတော်ကြီးတွင် အားကစားသမားတိုင်း၊ အသင်းတိုင်းက အနိုင်မခံ အရှုံးမပေးစိတ်ဓာတ်ဖြင့် ရေကုန်ရေခန်း အစွမ်းကုန်ယှဉ်ပြိုင်ကြမည်ဟု ယုံကြည်သည်။ အားကစားပြိုင်ပွဲတိုင်းသည် ကစားခုန်စား အားကစားနည်းအလိုက် ခွန်အား၊ သက်လုံ၊ ကျွမ်းကျင်မှု၊ နည်းစနစ်တို့ဖြင့် သက်ဝင်လှုပ်ရှားကြရပြီး အားကစားစိတ်ဓာတ်၊ အားကစားယဉ်ကျေးမှုတို့ဖြင့် ဂုဏ်သိက္ခာမြင့်မားစေရသည်။ သို့ဖြစ်ရာ လာမည့်အားကစားပွဲတော်ကြီးတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမားတိုင်းသည်လည်းကောင်း၊ ကြည့်ရှုအားပေးကြမည့် ပရိသတ်တိုင်းသည်လည်းကောင်း အားကစားစိတ်ဓာတ်၊ အားကစားယဉ်ကျေးမှုကို မြင့်မားစွာစိုက်ထူ၍ အမျိုးသားအားကစားပွဲတော်ကြီး၏ ဂုဏ်ပုဒ်ကို ဝိုင်းဝန်းပါဝင်မြှင့်တင်ကြရပါမည့်အကြောင်း။ ။




## ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်

နေပြည်တော် နိုဝင်ဘာ ၁၂

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်သည်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့် ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

## ပြည်ထောင်စုလယ်သမား အလုပ်သမားအင်အားစုပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၆ / ၂၀၂၄ )
၁၃၈၆ ခုနှစ် ၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်
( ၂၀၂၄ ခုနှစ် ၊ နိုဝင်ဘာလ ၁၂ ရက် )

**ပြည်ထောင်စုလယ်သမား အလုပ်သမားအင်အားစုပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ပဲခူးတိုင်းဒေသကြီး၊ လိပ်ပြာကန်ရပ်ကွက်၊ မော်ကန်(၁)လမ်း၊ လန်းဆန်းအိမ်ရာ၊ အမှတ် (A/၄၀၆) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ပြည်ထောင်စုလယ်သမား အလုပ်သမားအင်အားစုပါတီ** ကို ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင် ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ပြည်ထောင်စုလယ်သမား အလုပ်သမားအင်အားစုပါတီ** ၏ မှတ်ပုံတင်အမှတ်မှာ (၅၃) ဖြစ်ပါသည်။

( ပုံ ) ကိုကို
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## နေ့သင်တန်းများ ဖွင့်လှစ်ကြောင်း ကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
ကြေညာချက်

**နေ့သင်တန်းများ ဖွင့်လှစ်ကြောင်း ကြေညာခြင်း**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်နှင့်ဒီဂရီကောလိပ်များ၏ ဘွဲ့ကြိုတန်းများနှင့်ဘွဲ့လွန်တန်းများကို ၁၄-၁၁-၂၀၂၄ ရက်မှစတင်၍ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ပိတ်ရက်မရှိ ကျောင်းအပ်လက်ခံပြီး ၂၁-၁၁-၂၀၂၄ ရက်မှစတင်၍ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန**

မြန်မာ့အလင်း

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** - စိုးစိုးနိုင် | | **သတင်းထောက်မှူး** - ခင်ရတနာ | |
| **စာတည်းမှူး** - မြင့်စိုး | | **အကြီးတန်း** - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ | |
| **စာတည်းများ** - ဝင်းကျော်၊ နေဇာဇာထွန်း | | **သတင်းထောက်များ** ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) | |
| **ဘာသာပြန်စာတည်း** - ခြူးစန္ဒီနွေး၊ တင်လင်းအောင် | | **အငယ်တန်း** - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး | |
| **သုတေသန** - အိအိခင်နှင့် အဖွဲ့ | | **သတင်းထောက်များ** | |
| **စာပြင်** - အေးအေးမိုးလှိုင်နှင့် အဖွဲ့ | | **ဓာတ်ပုံသတင်းထောက်** - တင်စိုး | |
| **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - သန်းထွန်းအောင်နှင့် အဖွဲ့ | | **အီးမေးနှင့် အွန်လိုင်း** - သက်လွင်ဦးနှင့် အဖွဲ့ | |

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)
**ပုံနှိပ်ခြင်းအမှတ်** - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News
Presented by NPE
www.mdn.gov.mm





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အနော်ရထာခန်းမအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်နှင့် ပန်း၊ သောက်တော်ရေချမ်း၊ ဆီမီး၊ သစ်သီးတို့ကို ဆက်ကပ်လှူဒါန်းစဉ်။

❖ *ရှေ့ဖုံးမှ*

မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက၊ ဓမ္မသမိဒ္ဓိကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ မဟာဓမ္မ ကထိက ဗဟုဇနဟိတ ဓရ ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသနှင့် ဥပ္ပါတသန္တိ စေတီတော်ဂေါပက အဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီး များ အမှူးပြုသည့် ပင့်ဖိတ်ထားသော ဆရာတော်ကြီး ၂၇ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ဇနီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ အရာရှိ၊ စစ်သည်မိသားစုများ တက်ရောက်ကြသည်။

**လှည့်လည်ကြည့်ရှု**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဇနီးနှင့် ဧည့်ပရိသတ်များသည် ဘုန်းတော်ကြီးကျောင်းများသို့ လှူဒါန်းရန် ခင်းကျင်းပြင်ဆင်ထားသည့် ကထိန်လျာသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် ပဒေသာပင်များကို လှည့်လည်ကြည့်ရှုကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် အနော်ရထာ ခန်းမအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်နှင့် ပန်း၊ သောက်တော်ရေချမ်း၊ ဆီမီး၊ သစ်သီးတို့ကို ဆက်ကပ်လှူဒါန်းသည်။

**ကိုးပါးသီလခံယူဆောက်တည်**

ယင်းနောက် အစီအစဉ်အရ မဟာဘုံကထိန် အလှူတော် မင်္ဂလာအခမ်းအနားကို "နမော တဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး သန်လျင်မင်းကျောင်း ဆရာတော်ကြီးထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်ကြီးများ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် ဇနီးတို့က ကထိန်ခံ

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ကထိန်ခံ နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းကံဦးကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဇဝန ထံ ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် ဧည့်ပရိသတ်များ ဘုန်းတော်ကြီးကျောင်းများသို့လှူဒါန်းရန် ခင်းကျင်းပြင်ဆင်ထားသည့် ကထိန်လျာသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် ပဒေသာပင်များကို လှည့်လည်ကြည့်ရှုကြစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် ဧည့်ပရိသတ်များ သန်လျင်မင်းကျောင်းဆရာတော်ကြီးထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တသုတ်ပရိတ်တရားတော်များကို နာယူကြစဉ်။

*စာမျက်နှာ ၃ မှ*

နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းကံဦးကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဇဝန ထံ ကထိန်လျာသင်္ကန်းကို လည်းကောင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်း ဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း ဆက်ကပ်လှူဒါန်းသည်။

**ဆက်ကပ်လှူဒါန်း**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့် ဇနီးတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် ဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို လည်းကောင်း၊ ကောင်စီဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့်ဇနီးတို့က ရေဆင်းကံဦးကျောင်းဆရာတော်ထံ လှူဖွယ်ပစ္စည်းများကို လည်းကောင်း ဆက်ကပ်လှူဒါန်းပြီး တက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီးများနှင့်ဇနီးများက ဆရာတော်၊ သံဃာတော်များထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်း ကြသည်။

ထို့နောက် ရေဆင်းကန်ဦးကျောင်းတိုက်မှ ဆရာတော်နှစ်ပါးတို့က ကထိန်အမေးအဖြေများကို ဆောင်ရွက်တော်မူကြသည်။

*စာမျက်နှာ ၅ သို့*



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် ဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး နှင့် ဇနီး ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့်ဇနီး ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



## မော်တော်ယာဉ်များဖြင့် လှည့်လည်

ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၄ ခုနှစ် မိသားစုမဟာဘုံကထိန် အလှူတော်အဖြစ် လှူဒါန်းထားသည့် ပဒေသာပင်များကို အနော်ရထာခန်းမမှ ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီးသို့ မော်တော်ယာဉ်များဖြင့် လှည့်လည်စဉ်။

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ့ဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ့ဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

*စာမျက်နှာ ၄ မှ*

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ်ဆရာတော်ကြီးထံမှ ကထိန်အနုမောဒနာ တရားနာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

**နေ့ဆွမ်းဆက်ကပ်လှူဒါန်း**

ထို့နောက် အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းပြီး မဟာဘုံကထိန် အလှူတော် မင်္ဂလာအခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးကြသည်။ အခမ်းအနားအပြီးတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီး အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်ဇနီး၊ ဧည့်ပရိသတ်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

**လှည့်လည်**

ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၄ ခုနှစ် မိသားစုမဟာဘုံကထိန် အလှူတော်အဖြစ် လှူဒါန်းထားသည့်ပဒေသာပင်များကို နိုဝင်ဘာ ၁၀ ရက်တွင် ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ အနော်ရထာခန်းမမှ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးသို့ မော်တော်ယာဉ်များဖြင့် လှည့်လည်ခဲ့သည်။

ယနေ့ကျင်းပသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၄ ခုနှစ် မိသားစု မဟာဘုံကထိန်အလှူတော်မင်္ဂလာအခမ်းအနားတွင် ရုံး၊ ဌာနအသီးသီးမှ ပဒေသာပင် စုစုပေါင်း အပင် ၉၀ ၊ ပစ္စည်းတန်ဖိုးငွေကျပ် ၁၃၆၂၉၃၃၉၅ နှင့် ငွေသားတန်ဖိုးငွေကျပ် ၁၀၆၉၈၅၀၁၀ ဖြစ်သဖြင့် စုစုပေါင်း တန်ဖိုးငွေကျပ် ၂၄၃၂၇၈၄၀၅ ကိုလှူဒါန်းခဲ့ကြပြီး သက်ဆိုင်ရာ ဘုန်းတော်ကြီးကျောင်းများသို့ ရုံး၊ ဌာနများအလိုက် မော်တော်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင် လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**







**နေ့ဆွမ်းဆက်ကပ်လှူဒါန်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ သန်လျင်မင်းကျောင်းဆရာတော်ကြီး အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။

## မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး

**နေပြည်တော် နိုဝင်ဘာ ၁၂**

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက် ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့မွန်းလွဲပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကျော်လင်းမောင်နှင့် အဖွဲ့ဝင်များက သွားရောက်၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှုအခြေအနေများ၊ ဆေးဝါးကုသပေးထားမှုအခြေအနေများနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။


**သတင်းစဉ်**



# အာရှကိုမဏ္ဍိုင်ပြု ဖွံ့ဖြိုးမည့်ဉာဏ်ကမ္ဘာမှာ

**ထက်မြတ်**


ဒီတစ်ခေါက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သွားရောက်ခဲ့တဲ့ တရုတ်နိုင်ငံ ခရီးစဉ်က တော်တော်လေးကို ထူးခြားမှုတွေရှိနေတာ တွေ့ရပါတယ်။ အရင်ဆုံး မြန်မာ့အမြင်နဲ့ကြည့်မယ်ဆိုရင် နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ခရီးစဉ်က မြန်မာနိုင်ငံအတွက် ကောင်းကျိုးများစွာကို ဆောင်ကြဉ်းပေးနိုင်ခဲ့သလို ကျွန်တော်တို့ မြန်မာနိုင်ငံကြီး ဒီထက်ပိုပြီး ဖွံ့ဖြိုးတိုးတက်မယ့်အခွင့်အလမ်း အမြောက်အမြားကိုလည်း သယ်ဆောင်လာပေးနိုင်ခဲ့တာ တွေ့ရပါတယ်။ ဒီနေရာမှာ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရရဲ့တာဝန်က ဘယ်လောက်အထိကြီးမားတယ်။ ပါဝင်ဆောင်ရွက်ရတဲ့ အခန်းကဏ္ဍက ဘယ်လောက်အထိ အရေးပါတယ်။ အစိုးရအဖွဲ့ရဲ့ ဦးဆောင်သူ ခေါင်းဆောင်ကောင်းတစ်ယောက်ဟာ အခွင့်အရေးသာ ရမယ်ဆိုရင်၊ အခွင့်အရေးရအောင်သာ ကြိုးပမ်းမယ်ဆိုရင် ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးနဲ့ နိုင်ငံတော်ရဲ့အမျိုးသားအကျိုးစီးပွားအတွက်ကို ဘယ်လောက်အတိုင်းအတာအထိ လုပ်ဆောင်ပေးနိုင်တယ်ဆိုတာ နောင်လာနောက်သားတွေအနေနဲ့ မျက်မြင်ထင်ရှားကြုံတွေ့သင်ယူခွင့်ရရှိလိုက်ပါတယ်။ ဒါကြောင့် နိုင်ငံတော်ရဲ့မျိုးဆက်သစ်တစ်ယောက်ဖြစ်တဲ့ မိမိအနေနဲ့ အခုလိုမျိုး နိုင်ငံတော်အစိုးရတစ်ရပ်ရဲ့ အဓိကအားဖြင့် နိုင်ငံတော်အကြီးအကဲ တစ်ယောက်ရဲ့တာဝန် ဘယ်လောက်အထိကြီးမားတယ်ဆိုတာကို သင်ယူခွင့်ရတဲ့အတွက် ကျေးဇူးတင်ရှိကြောင်း ဦးစွာပထမ ပြောလိုပါတယ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Li Qiang က ကြိုဆိုနှုတ်ဆက်စဉ်။(၇-၁၁-၂၀၂၄ ရက်)

**ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးတဲ့အစည်းအဝေးတွေ**

နိုင်ငံတော်အကြီးအကဲက နိုဝင်ဘာလ ၅ ရက်မှ ၁၀ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ ဖိတ်ကြားချက်အရ တရုတ်နိုင်ငံကို သွားရောက်ခဲ့တာပါ။ အဲဒီခရီးစဉ်မှာ အဋ္ဌမအကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး၊ (၁၀) ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား - မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ ထိပ်သီးအစည်းအဝေးနဲ့ (၁၁) ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို -မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု ထိပ်သီး အစည်းအဝေးတို့ကို တက်ရောက်ခဲ့တာဖြစ်ပါတယ်။ ဒီအစည်းအဝေး သုံးခုဟာ မြန်မာနိုင်ငံအတွက်သာမက ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုအတွက်ပါ သိပ်ကိုအရေးကြီးတဲ့ အစည်းအဝေးတွေဖြစ်တယ်ဆိုတာ အသေအချာပါပဲ။ ဒါ့အပြင် နိုင်ငံတော်အကြီးအကဲက နောက်ထပ်အရေးကြီးတဲ့ အစည်းအဝေးတွေကိုလည်း တက်ရောက်ခဲ့ပါသေးတယ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Li Qiang တို့ တာဝန်ရှိသူများနှင့်အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံအကြား နားလည်မှုစာချွန်လွှာနှင့် သဘောတူစာချုပ်လဲလှယ်ပြီးနောက် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။(၆-၁၁-၂၀၂၄ ရက်)

အဲဒီ အစည်းအဝေးတွေကတော့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီကျန်းနဲ့တွေ့ဆုံမှု၊ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်နှင့် ယူနန်ပြည်နယ်ပါတီအတွင်းရေးမှူး မစ္စတာ ဝမ်နင်းတို့နဲ့ တွေ့ဆုံမှုအပြင် တရုတ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များနဲ့တွေ့ဆုံမှုသည်လည်း မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် သိပ်ကိုအရေးပါတဲ့ တွေ့ဆုံဆွေးနွေးမှုတွေ ဖြစ်ခဲ့ပါတယ်။ ဒါတင်မကပါဘူး။ နိုင်ငံတော်ဝန်ကြီးချုပ်က အစည်းအဝေးကိုတက်ရောက်လာတဲ့ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်း စတဲ့ အိမ်နီးချင်းနဲ့ ဒေသတွင်းနိုင်ငံများမှ ခေါင်းဆောင်များနဲ့လည်း နှစ်နိုင်ငံချင်းစီ တွေ့ဆုံဆွေးနွေးမှုတွေ လုပ်ခဲ့ပါသေးတယ်။ ဒီလိုဆွေးနွေးမှုတွေကနေ အပြုသဘောဆောင်တဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ ဆက်လက်လုပ်ဆောင်သွားဖို့အတွက် သဘောတူညီချက်တွေလည်း ရရှိခဲ့တာ တွေ့ရပါတယ်။

**မြန်မာနိုင်ငံနဲ့ပြည်သူများအတွက် အကျိုးရှိစေမယ့်ဆွေးနွေးမှုများ**

နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့တရုတ်ခရီးစဉ်အတွင်းမှာ ရရှိခဲ့တဲ့သဘောတူညီချက်တွေ၊ ကတိကဝတ်တွေကိုကြည့်လိုက်ရင် မြန်မာနိုင်ငံနဲ့ နိုင်ငံသားများအတွက် အကျိုးဖြစ်ထွန်းစေမယ့် ဆွေးနွေးမှုများသာဖြစ်ပါတယ်။ အရင်ဆုံး တရုတ်နိုင်ငံရဲ့ ကတိကဝတ်ပြုမှုများကို ဦးစွာပထမ တင်ပြလိုပါတယ်။ တရုတ်နိုင်ငံက မြန်မာနိုင်ငံရဲ့ ပြည်တွင်းတည်ငြိမ်အေးချမ်းရေးအတွက် အပြည့်အဝ ထောက်ခံအားပေး ကူညီသွားမည်ဖြစ်ပြီး အိမ်နီးချင်းကောင်းနိုင်ငံအဖြစ် ထာဝရရပ်တည်သွားမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်ကို ထောက်ခံပါကြောင်းနှင့် မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက်လည်း ဆန္ဒပြုကူညီမည့်အကြောင်း၊ မြန်မာနိုင်ငံမြောက်ပိုင်း တည်ငြိမ်အေးချမ်းရေးသည်အရေးကြီးပြီး တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် နယ်မြေပိုင်ဆိုင်မှုတို့ကို ထပ်လောင်းအသိအမှတ်ပြုကြောင်းနှင့် တရုတ်နိုင်ငံအတွင်း အခြေပြု၍ မြန်မာနိုင်ငံ၏ အကျိုးပျက်စီးအောင်ဆောင်ရွက်နေမှုများကို လက်ခံမည်မဟုတ်ကြောင်း၊ နှစ်နိုင်ငံနယ်စပ်ဂိတ်များသည် အစိုးရ၏ စီမံခန့်ခွဲမှုအောက်တွင် ရှိရမည်ဖြစ်ပြီး အပြည့်အဝစီမံခန့်ခွဲနိုင်ရေးအတွက်လည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တရုတ်-မြန်မာစီးပွားရေးစင်္ကြံ တည်ဆောက်ရေးသည် ထိပ်တန်းစီမံကိန်းဖြစ်သဖြင့် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအရေးသည် တရုတ်နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံအရေးပင်ဖြစ်သဖြင့် နိုင်ငံတကာစာမျက်နှာ၌လည်း တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ် ရပ်တည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းတို့ကို တရုတ်နိုင်ငံဝန်ကြီးချုပ်က ကတိပြုခဲ့တာပါ။

ဒါ့အပြင် ကျွန်တော်တို့မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံတို့ကြား နားလည်မှုစာချွန်လွှာနဲ့သဘောတူစာချုပ် ခုနစ်ခုကိုလည်း လက်မှတ်ရေးထိုး နိုင်ခဲ့ပါသေးတယ်။ အဲဒီလို သဘောတူညီချက်တွေထဲကမှ သင်တန်းကျောင်းများ အဆင့်မြှင့်တင်ခြင်း စီမံကိန်းများ၊ စိုက်ပျိုးရေးထွက်ကုန်များအတွက် ဓာတုဆိုင်ရာလိုအပ်ချက်များနှင့် အပင်ပိုးမွှားရောဂါကင်းရှင်းရေးဆိုင်ရာ သဘောတူညီချက်၊ တိကျစွာတိုင်းတာခြင်းနည်းပညာ ပူးပေါင်းဆောင်ရွက်မှုနဲ့ အားကစားမြှင့်တင်ရေး နားလည်မှု သဘောတူညီချက်များဟာ မြန်မာနိုင်ငံအတွက် အင်မတန်မှအကျိုးကျေးဇူးများတဲ့ သဘောတူညီချက်တွေဖြစ်တာ အမှန်ပါပဲ။

ဒါ့အပြင် ကျွန်တော်တို့ရဲ့နိုင်ငံတော်အကြီးအကဲက အစည်းအဝေးကို တက်ရောက်လာတဲ့ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်၊ လာအိုနိုင်ငံဝန်ကြီးချုပ်တို့နဲ့

စာမျက်နှာ ၇ သို့

◆ **နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့တရုတ်ခရီးစဉ်အတွင်းမှာ ရရှိခဲ့တဲ့သဘောတူညီချက်တွေ၊ ကတိကဝတ်တွေကို ကြည့်လိုက်ရင် မြန်မာနိုင်ငံနဲ့ နိုင်ငံသားများအတွက် အကျိုးဖြစ်ထွန်းစေမယ့် ဆွေးနွေးမှုများသာဖြစ်**

◆ **တရုတ်နိုင်ငံက မြန်မာနိုင်ငံရဲ့ ပြည်တွင်းတည်ငြိမ်အေးချမ်းရေးအတွက် အပြည့်အဝ ထောက်ခံအားပေး ကူညီသွားမည်ဖြစ်ပြီး အိမ်နီးချင်းကောင်းနိုင်ငံအဖြစ် ထာဝရရပ်တည်သွားမည်**

◆ **မြန်မာနိုင်ငံမြောက်ပိုင်း တည်ငြိမ်အေးချမ်းရေးသည် အရေးကြီးပြီး တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့်နယ်မြေပိုင်ဆိုင်မှုတို့ကို ထပ်လောင်းအသိအမှတ်ပြုကြောင်းနှင့်တရုတ်နိုင်ငံအတွင်း အခြေပြု၍ မြန်မာနိုင်ငံ၏ အကျိုးပျက်စီးအောင်ဆောင်ရွက်နေမှုများကို လက်ခံမည်မဟုတ်**


*စာမျက်နှာ ၆ မှ*

နှစ်နိုင်ငံကြား ဆက်ဆံရေးခိုင်မြဲစေဖို့နဲ့ ပူးပေါင်း ဆောင်ရွက်မှုတွေအတွက် အောက်ပါ အကြောင်းအရာများနဲ့ ပတ်သက်ပြီး ဆွေးနွေးမှုတွေ လုပ်ခဲ့ပါသေးတယ်–

(၁) နိုင်ငံများကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်တည်ဆောက်သွားမည့် အခြေအနေများ။

(၂) မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများနှင့် လက်ရှိပကတိအခြေအနေများ။

(၃) လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတစ်ရပ် ကျင်းပနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် လာအိုနိုင်ငံဝန်ကြီးချုပ် H.E. Mr. Sonexay Siphandone တို့ တွေ့ဆုံဆွေးနွေးစဉ်။(၆–၁၁–၂၀၂၄ ရက်)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Hun Manet တို့ တွေ့ဆုံဆွေးနွေးစဉ်။ (၆–၁၁–၂၀၂၄ ရက်)

(၄) အာဆီယံအဖွဲ့အတွင်း မြန်မာနိုင်ငံအနေဖြင့် အကောင်းဆုံး ပူးပေါင်း ဆောင်ရွက်လျက်ရှိမှု အခြေအနေများ။

(၅) အာဆီယံ အစည်းအဝေးများတွင် မြန်မာနိုင်ငံမှ ပါဝင်နိုင်မှု အခြေအနေများ။

(၆) မြန်မာနိုင်ငံ၌ ဖြစ်ပေါ်နေသည့် အခြေအနေများကို ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်ရန် လိုအပ်သည့် အခြေအနေများနှင့် ကမ္ဘောဒီးယားနိုင်ငံနှင့် လာအိုနိုင်ငံတို့မှလည်း အတတ်နိုင်ဆုံး ကူညီဆောင်ရွက်ပေးသွားမည့် အခြေအနေများ။

(၇) မြန်မာ–ကမ္ဘောဒီးယား –လာအိုနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် သံတမန်ဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များ။

(၈) ချစ်ကြည်ရေး ခရီးစဉ်များ အပြန်အလှန် လည်ပတ်ရေးဆိုင်ရာ ကိစ္စရပ်များ။

(၉) နှစ်နိုင်ငံကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ လူမှုရေးကဏ္ဍနှင့် ယဉ်ကျေးမှုကဏ္ဍများ မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များပဲ ဖြစ်ပါတယ်။

**ဒီခရီးစဉ်ရဲ့အရေးပါမှု**

အထက်မှာဖော်ပြခဲ့တဲ့ ထိပ်သီးအစည်းအဝေးတွေထဲမှာ တရုတ်နိုင်ငံအနေနဲ့ တိုက်ရိုက်ပါဝင်ပတ်သက်မှုရှိတာက မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေးတစ်ခုတည်းမှာပါ။ ဒါပေမယ့် ထိပ်သီးအစည်းအဝေး သုံးခုစလုံးကို သာမက တခြားသော ဆက်စပ်အစည်းအဝေးတွေကိုလည်း တရုတ်အစိုးရက လက်ခံကျင်းပခဲ့ပါတယ်။ ဒီအခြေအနေက နည်းနည်းလေးတော့ ထူးခြားနေတာအမှန်ပါပဲ။ ကျွန်တော့်အနေနဲ့ နိုင်ငံတော်အကြီးအကဲက တရုတ်နိုင်ငံကိုသွားပြီး အစည်းအဝေးတွေ တက်မယ်ဆိုတဲ့သတင်းကြားတုန်းက အတွေးတစ်ခုဝင်ခဲ့ဖူးပါတယ်။ ဘာလဲဆိုတော့ ဒီအစည်းအဝေးတွေမှာ တရုတ်နိုင်ငံရဲ့ တိုက်ရိုက်ပါဝင်ပတ်သက်မှုက နည်းပါးနေတာတောင်မှ ဘာကြောင့်များ ဒီလိုမျိုး အစည်းအဝေးတွေကို လက်ခံကျင်းပရတာလဲဆိုပြီးတော့ပါ။ ဒါပေမယ့် ကိုယ်ကပဲ သိနိုင်တဲ့ဉာဏ်နည်းလို့လား တော့မသိပါဘူး။ အဖြေကိုမသိခဲ့တာ အမှန်ပါပဲ။

အခု နိုင်ငံတော်အကြီးအကဲအနေနဲ့ ဒီခရီးစဉ်ကိုသွားရောက်ပြီး ပြန်လာတဲ့အခါကျမှသာ ဒီခရီးစဉ်ရဲ့အရေးပါမှုနဲ့ တရုတ်နိုင်ငံရဲ့ အမြော်အမြင်ကြီးမားမှုကို မျက်ဝါးထင်ထင် မြင်တွေ့လိုက်ရသလို တရုတ်အစိုးရအနေနဲ့ ဘာကြောင့်များ အခုလိုမျိုး အစည်းအဝေးတွေကို လက်ခံကျင်းပရတယ်ဆိုတဲ့ အကြောင်းရင်းကို သိရှိလိုက်ရပါတယ်။ ဒီအချိန်မှာ နိုင်ငံတော်အကြီးအကဲရဲ့ခရီးစဉ်ကို မြန်မာကြည့်မဟုတ်ဘဲ ကမ္ဘာကြည့်အနေနဲ့ ဆက်ပြီးရှုမြင်မိပါတော့တယ်။ အရင်ဆုံး ကျွန်တော်တို့အနေနဲ့ ဒီအစည်းအဝေးတွေကိုလက်ခံကျင်းပတဲ့ တရုတ်နိုင်ငံရဲ့ ရည်ရွယ်ချက်ကို ကြည့်လိုက်ရအောင်ပါ။ တရုတ်နိုင်ငံဟာ ကမ္ဘာပေါ်မှာထွန်းသစ်စ ထိပ်တန်းနိုင်ငံကြီး တစ်နိုင်ငံဖြစ်သလို ဒုတိယမြောက် စီးပွားရေးအင်အားကြီး နိုင်ငံလည်းဖြစ်ပါတယ်။

ဒါ့အပြင် သူ့ရဲ့ မဟာဗျူဟာကို မျှော်ကြည့်ပြန်ရင်လည်း ငြိမ်းချမ်းရေးနဲ့တည်ငြိမ်အေးချမ်းရေးကို ဗဟိုပြုတဲ့ နိုင်ငံအားလုံးပါဝင်သော ဖွံ့ဖြိုးတိုးတက်မှုဆီ လျှောက်လှမ်းနေတာကို မြင်တွေ့ရမှာပါ။ ဒီလိုမျိုးလျှောက်လှမ်းရာမှာ ဒေသတွင်းနိုင်ငံများနဲ့ ပူးပေါင်းဆောင်ရွက်မှုက သိပ်ကိုအရေးကြီးပါတယ်။ အိမ်နီးချင်းမှာ၊ ဒေသတွင်းမှာ တိုးတက်ပါမှ ကမ္ဘာတစ်ဝန်းတိုးတက်မှုဆီ ဆက်လက်လျှောက်လှမ်းနိုင်မှာ မဟုတ်ပါလား။ ဒါကြောင့် တရုတ်အစိုးရက မဟာမဲခေါင်ဒေသခွဲအစည်းအဝေးကို ကျင်းပမှုနဲ့အတူ ဆက်စပ်အစည်းအဝေးတွေကိုလည်း အစည်းအဝေးတက်ရောက်လာကြတဲ့နိုင်ငံတွေနဲ့ တရုတ်နိုင်ငံတို့ကြား အပြန်အလှန်အကျိုးစီးပွားတွေ တိုးတက်ပွားများစေဖို့အတွက် ရည်မှန်းကာ ဆွေးနွေးမှုတွေ လုပ်မယ်ဆိုတဲ့ဆန္ဒနဲ့ လက်ခံကျင်းပပေးခဲ့တာ တွေ့ရပါတယ်။

နိုင်ငံတကာ သတင်းထုတ်ပြန်ချက်တွေကိုကြည့်မယ်ဆိုရင် သူတို့ရဲ့ရည်ရွယ်ချက်နဲ့ဆန္ဒပြည့်ဝတယ်လို့ ပြောနိုင်ပါတယ်။ ဥပမာအားဖြင့် မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံတို့ကြားရရှိတဲ့ သဘောတူညီချက်တွေကို ကြည့်မယ်ဆိုရင်ပဲ မြန်မာနိုင်ငံမှာ တရုတ်နိုင်ငံက လာရောက်ရင်းနှီးမြှုပ်နှံမှုတွေလုပ်မယ်ဆိုတာ တွေ့ရပါတယ်။ ဒီလိုရင်းနှီးမြှုပ်နှံမှုလုပ်တယ်ဆိုတာ သူ့ဘက်ကိုယ့်ဘက် နှစ်ဦးစလုံးအတွက် ဘယ်သူ့ဘယ်သူမှ ဆုံးရှုံးနစ်နာခြင်းမရှိပါဘဲ စီးပွားဖြစ်ထွန်းတဲ့ဆောင်ရွက်မှုတစ်ခုဖြစ်တာ အားလုံးအသိပါ။ တရုတ်နိုင်ငံက မြန်မာနိုင်ငံနဲ့သာမက တခြားသောနိုင်ငံတွေနဲ့လည်း အလားတူ သဘောတူညီချက်တွေ ရရှိခဲ့ပါသေးတယ်။

**တရုတ်နိုင်ငံဦးဆောင်တဲ့ တောင်ကမ္ဘာခြမ်း**

တိုက်တိုက်ဆိုင်ဆိုင်ဆိုသလိုပဲ နိုင်ငံတော်အကြီးအကဲဦးဆောင်တဲ့ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ တရုတ်နိုင်ငံကနေ ပြန်လာခါနီးအချိန်မှာပဲ တရုတ်နိုင်ငံကို အင်ဒိုနီးရှားသမ္မတလာရောက်ကာ တရုတ်နိုင်ငံနဲ့ အင်ဒိုနီးရှားနိုင်ငံတို့ကြား အမေရိကန်ဒေါ်လာ ၁ဝ ဘီလီယံ တန်ဖိုးရှိတဲ့ သဘောတူညီချက်တွေကို လက်မှတ်ထိုးလိုက်နိုင်တာ တွေ့ရပါတယ်။ တစ်ချိန်တည်းမှာပဲ စင်ကာပူနိုင်ငံကို သွားရောက်တဲ့ တရုတ်ဒုတိယဝန်ကြီးချုပ်ကလည်း တရုတ်နိုင်ငံနဲ့ စင်ကာပူနိုင်ငံတို့ကြား ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက် ၂၅ ရပ်ကို လက်မှတ်ရေးထိုးလိုက်နိုင်ပါသေးတယ်။ ဒီအခြေအနေတွေကနေ ဖော်ပြနေတဲ့အရာကတော့ ကျွန်တော်တို့မြန်မာနိုင်ငံပါဝင်သော အရှေ့တောင်အာရှဒေသကို လွှမ်းခြုံထားတဲ့ အာရှဒေသတစ်ခုလုံးဟာ ကမ္ဘာ့စီးပွားရေးအတွက် မဏ္ဍိုင်တစ်ခုဖြစ်လာပြီဆိုတဲ့ အချက်ပါပဲ။

အမြော်အမြင်ကြီးမားလှတဲ့ တရုတ်နိုင်ငံရဲ့လုပ်ဆောင်မှုတစ်ခုကိုပြပါဆိုရင် ခါးပတ်တစ်ကွင်း၊ လမ်းတစ်ကြောင်း လို့ခေါ်တဲ့ မဟာဗျူဟာမြောက် စီမံကိန်းကြီးကို လက်ညှိုးထိုးပြရပါလိမ့်မယ်။ ဒီစီမံကိန်းမှာ ကျွန်တော်တို့မြန်မာနိုင်ငံကလည်း မဟာဗျူဟာမြောက်အချက်အချာနေရာကနေ ပါဝင်နေတာတွေ့ရပါတယ်။ ဒီစီမံကိန်းကြီးကနေ ဆောင်ကြဉ်းပေးလာနိုင်တဲ့ အရာကြီးတစ်ခုကတော့ ဒေသတွင်းမှာသာမက တစ်ကမ္ဘာလုံးရဲ့ ဖွံ့ဖြိုးတိုးတက်မှုကြီးပဲ ဖြစ်ပါတယ်။ နောက်တစ်ချက်က လက်ရှိအချိန်မှာ တောင်ကမ္ဘာခြမ်းအဖွဲ့အစည်းဆိုတာက တစ်နေ့တခြား ဖွံ့ဖြိုးတိုးတက်မှုတွေ မြင့်မားလာနေတဲ့ ဒေသကြီးဖြစ်ပြီး အဲဒီအဖွဲ့အစည်းထဲမှာ ထွန်းသစ်စနိုင်ငံတွေ ပါဝင်နေပါတယ်။ အများအားဖြင့်က အာရှဒေသနိုင်ငံတွေပါ။ ဒီလိုမျိုးထွန်းသစ်စနိုင်ငံတွေကို ဦးဆောင်လာတဲ့နိုင်ငံကိုပြပါဆိုရင်လည်း တရုတ်နိုင်ငံကိုသာ လက်ညှိုးထိုးပြရမှာဖြစ်ပါတယ်။ ဒါပေမယ့် တရုတ်နိုင်ငံက သူတစ်နိုင်ငံတည်း ဦးဆောင်ပြီး ဖွံ့ဖြိုးတိုးတက်ရေးကိုသွားနေတာ မဟုတ်ပါဘူး။

အကြောင်းရင်းက ဧဝင်ရိုးကမ္ဘာကြီးကနေ ဗဟုဝင်ရိုးကမ္ဘာကြီးကို ဖော်ဆောင်မယ်ဆိုတဲ့ တရုတ်နိုင်ငံရဲ့ ကတိပြုမှုကြောင့်ပါ။ ဒါကြောင့်လည်း တရုတ်နိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်က အင်ဒိုနီးရှား သမ္မတ မစ္စတာပရာဘိုဝို ဆူဘီယန်တိုနဲ့တွေ့ဆုံစဉ် အင်ဒိုနီးရှားနိုင်ငံကိုလည်း တောင်ကမ္ဘာခြမ်းအဖွဲ့အစည်းကို ပူးတွဲဦးဆောင်သွားကြဖို့ ဖိတ်ခေါ်တိုက်တွန်းခဲ့တာ ဖြစ်ပါတယ်။ အင်ဒိုနီးရှားနိုင်ငံဆိုတာကလည်း ကမ္ဘာပေါ်မှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အမြင့်ဆုံးနိုင်ငံတစ်နိုင်ငံပါ။ ဒါ့အပြင် စင်ကာပူနိုင်ငံဆိုသည်မှာလည်း ကမ္ဘာ့စီးပွားရေးဗဟိုချက်တစ်ခုလည်း ဖြစ်လာနေပါတယ်။ ထို့အတူ ဗီယက်နမ်နိုင်ငံတို့၊ ထိုင်းနိုင်ငံတို့ဆိုတာ ဒေသတွင်းမှာ ဖွံ့ဖြိုးတိုးတက်နေတဲ့နိုင်ငံတွေသာမက ကမ္ဘာ့အဆင့်အထိတက်လှမ်းဖို့အတွက် ခြေလှမ်းပြင်နေကြတဲ့ နိုင်ငံတွေဖြစ်တယ်လို့ ပြောရင်လည်း မမှားနိုင်ပါဘူး။

**ဘက်စုံဖွံ့ဖြိုးတိုးတက်မှုဆီဦးတည်လာ**

ကျွန်တော်တို့မြန်မာနိုင်ငံဆိုသည်မှာလည်း ဖွံ့ဖြိုးတိုးတက်မှုတွေဆီ ဦးတည်နေတဲ့နိုင်ငံဖြစ်လာပါပြီ။ ဒီလိုဖြစ်လာအောင်ပဲ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဦးဆောင်တဲ့ အစိုးရအဖွဲ့က တရုတ်နိုင်ငံနဲ့သာမက ဒေသတွင်းနိုင်ငံတွေနဲ့ပါ အပြုသဘောဆောင်တဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ လုပ်ဆောင်လာနိုင်ခြင်းကြောင့်ဖြစ်ပါတယ်။ ဒီအချိန်မှာ ကမ္ဘာ့ပတ်ဝန်းကျင် အခြေအနေအရပ်ရပ်ကို ပြန်ကြည့်မယ်ဆိုရင် မြောက်ကမ္ဘာခြမ်းမှာ ပြဿနာပေါင်းစုံဖြစ်ပေါ်နေချိန် တရုတ်နိုင်ငံအပါအဝင် ထွန်းသစ်စ စီးပွားရေးအင်အားကြီးနိုင်ငံတွေ ပေါင်းစုဦးဆောင်တဲ့ တောင်ကမ္ဘာခြမ်းက ဘက်စုံဖွံ့ဖြိုးတိုးတက်မှုဆီ ဦးတည်လာနေပါပြီ။ ဒီလိုဖွံ့ဖြိုးတိုးတက်မှုတွေရဲ့ ဗဟိုချက်ဝင်ရိုးက ဘယ်မှာရှိမလဲဆိုရင် အာရှဒေသမှာရှိနေမှာပါ။ အာရှဒေသထဲမှာမှ ကျွန်တော်တို့လို ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ စီးပွားရေးအခွင့်အလမ်းကောင်းများစွာ ရှိနေမယ်ဆိုတာ အသေအချာပါပဲ။

ဒါကြောင့် တရုတ်အစိုးရရဲ့ ခေါင်းဆောင်မှု၊ အာရှဒေသရှိ ထွန်းသစ်စ စီးပွားရေး အင်အားကြီးနိုင်ငံတွေရဲ့ ဦးဆောင်မှု၊ ဖွံ့ဖြိုးဆဲ ဒေသတွင်းနိုင်ငံငယ်တွေရဲ့ အတူတကွပူးပေါင်းဆောင်ရွက်မှုတွေနဲ့အတူ အာရှကိုမဏ္ဍိုင်ပြုလာတဲ့ ဤကမ္ဘာ့ဖွံ့ဖြိုးမှုကြီးမှာ မြန်မာနိုင်ငံက တစ်ထောင့်တစ်နေရာကနေ ပါဝင်ခွင့်ရအောင်နဲ့ မြန်မာပြည်သူတွေရဲ့ လူမှုစီးပွားဘဝ မြင့်မားတိုးတက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးကြတဲ့ နိုင်ငံတော်အကြီးအကဲနဲ့တကွ အဆင့်မြင့် ကိုယ်စားလှယ်တွေအားလုံးကို ကျေးဇူးအနန္တတင်ရှိကြောင်း ထပ်လောင်းပြောကြားလိုက်ရပါတယ်။ ။

**❖ ကမ္ဘာ့ပတ်ဝန်းကျင်အခြေအနေအရပ်ရပ်ကို ပြန်ကြည့်မယ်ဆိုရင် မြောက်ကမ္ဘာခြမ်းမှာ ပြဿနာပေါင်းစုံဖြစ်ပေါ်နေချိန် တရုတ်နိုင်ငံအပါအဝင် ထွန်းသစ်စ စီးပွားရေးအင်အားကြီးနိုင်ငံတွေ ပေါင်းစုဦးဆောင်တဲ့ တောင်ကမ္ဘာခြမ်းက ဘက်စုံဖွံ့ဖြိုးတိုးတက်မှုဆီ ဦးတည်လာနေပါပြီ။ ဒီလိုဖွံ့ဖြိုးတိုးတက်မှုတွေရဲ့ ဗဟိုချက်ဝင်ရိုးက ဘယ်မှာရှိမလဲဆိုရင် အာရှဒေသမှာရှိနေမှာပါ။ အာရှဒေသထဲမှာမှ ကျွန်တော်တို့လို ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ စီးပွားရေးအခွင့်အလမ်းကောင်းများစွာ ရှိနေမယ်ဆိုတာ အသေအချာပါပဲ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၏ တရုတ်နိုင်ငံခရီးစဉ်တွင် နိုင်ငံတော်အတွက် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့မှုအပေါ် အဖွဲ့အစည်းများမှ ဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် နိုဝင်ဘာ ၁၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်မှ ၁၀ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့သွားရောက်ပြီး (၈)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး၊ (၁၀)ကြိမ်မြောက် ဧရာဝတီ–ကျောက်ဖရား–မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာထိပ်သီးအစည်းအဝေးနှင့် (၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား–လာအို– မြန်မာ– ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးများ၌ မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ပညာရေးကဏ္ဍများ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ခြင်း၊ ဧရာဝတီ – ကျောက်ဖရား – မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ၏ အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နိုင်ခဲ့ခြင်းတို့အပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကမ္ဘောဒီးယားဘုရင့်နိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ဝန်ကြီးချုပ်များနှင့်တွေ့ဆုံ၍ မြန်မာနိုင်ငံအတွက် အပြုသဘောဆောင်သော ကောင်းမွန်သည့် ရလဒ်များရအောင် ဆွေးနွေးနိုင်ခဲ့သည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ မြန်မာနိုင်ငံကဏ္ဍစုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့မှုအပေါ် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသသာသနာနုဂ္ဂဟအသင်း(ဗဟို)၊ မြန်မာ–အိန္ဒိယ ချစ်ကြည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်းနှင့် မြန်မာ–အိန္ဒိယအပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များအသင်းချုပ်တို့မှ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း သဘောထားထုတ်ပြန်ကြေညာခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသသာသနာနုဂ္ဂဟအသင်း (ဗဟို)၏ ဝမ်းမြောက်ဂုဏ်ယူကြောင်း သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ နိုဝင်ဘာလ (၅ ရက်မှ ၁၀ ရက်အထိ) သွားရောက်ပြီး (၈) ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲထိပ်သီးအစည်းအဝေး၊ (၁၀) ကြိမ်မြောက် ဧရာဝတီ–ကျောက်ဖရား–မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာထိပ်သီးအစည်းအဝေးနှင့် (၁၁) ကြိမ်မြောက် ကမ္ဘောဒီးယား–လာအို – မြန်မာ – ဗီယက်နမ်ပူးပေါင်း ဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးများ၌ မြန်မာနိုင်ငံ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ခြင်း၊ ဧရာဝတီ – ကျောက်ဖရား – မဲခေါင် စီပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ၏ အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူနိုင်ခဲ့ခြင်းတို့အတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း (ဗဟို) အနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း သဘောထား ထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့်
နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို)

## မြန်မာ - အိန္ဒိယ ချစ်ကြည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်းက အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် (၈) ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး၊ (၁၀) ကြိမ်မြောက် ဧရာဝတီ – ကျောက်ဖရား – မဲခေါင်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာထိပ်သီး အစည်းအဝေးနှင့် (၁၁) ကြိမ်မြောက် ကမ္ဘောဒီးယား – လာအို – မြန်မာ – ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးများသို့ အောင်မြင်စွာ တက်ရောက်နိုင်ခဲ့သည့်အပြင် အာဆီယံနိုင်ငံများမှ ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး မြန်မာ – တရုတ် နှစ်နိုင်ငံ ပြည်သူများအတွက် အထူးကောင်းမွန်သည့် အကျိုးကျေးဇူးရလဒ်များအား ရယူနိုင်ခဲ့သည့်အပြင် အိမ်နီးချင်းနိုင်ငံများအတွက်ပါ အခွင့်အလမ်းကောင်းများ ဖော်ဆောင်နိုင်ခဲ့မှုအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား မိမိတို့ မြန်မာ – အိန္ဒိယ ချစ်ကြည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်းက အထူးပင်ဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း ထုတ်ပြန်အပ်ပါသည်။

မြန်မာ–အိန္ဒိယ ချစ်ကြည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်း

## မြန်မာ - အိန္ဒိယ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များအသင်းချုပ်က အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပသည့် အဋ္ဌမအကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး၊ (၁၀) ကြိမ်မြောက် ဧရာဝတီ – ကျောက်ဖရား – မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ ထိပ်သီးအစည်းအဝေးနှင့် (၁၁) ကြိမ်မြောက် ကမ္ဘောဒီးယား–လာအို – မြန်မာ – ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့ကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ထိုင်းနိုင်ငံတို့နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံနှင့် ပြည်သူများအတွက် အထူးကောင်းမွန်သည့် အကျိုးကျေးဇူးရလဒ်များအား ရယူနိုင်ခဲ့ခြင်း၊ ဧရာဝတီ–ကျောက်ဖရား–မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ၏ အလှည့်ကျဥက္ကဋ္ဌ တာဝန်ယူခြင်းတို့အတွက် မြန်မာ–အိန္ဒိယ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များ အသင်းချုပ်က အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း သတင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာ – အိန္ဒိယအပြည်ပြည်ဆိုင်ရာ
စီးပွားရေးလုပ်ငန်းရှင်များအသင်းချုပ်

# နိုဝင်ဘာ ၂၁ ရက်တွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၏ ပညာသင်နှစ် အသစ်စတင်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ကြရန်မှာကြား

**နေပြည်တော် နိုဝင်ဘာ ၁၂**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် တက္ကသိုလ်ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးများ၊ ပါမောက္ခ(ဌာနမှူး)များနှင့် **နိုဝင်ဘာ ၂၁ ရက်တွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၏ ပညာသင်နှစ် အသစ်စတင်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ကြရန်** လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ပညာရေးဝန်ကြီးဌာနရှိ အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဒေါက်တာမိုးဇော်ထွန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး သက်ဆိုင်ရာ တက္ကသိုလ်ပါမောက္ခချုပ်များ၊ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးများ၊ ပါမောက္ခ(ဌာနမှူး) များနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

**ဥပဒေဘာသာရပ်များ သင်ကြားရမည်**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ်၊ ဒီဂရီကောလိပ်ကျောင်းများ၏ ပညာသင်နှစ်အတွက် နိုဝင်ဘာ ၁၄ ရက်တွင် ကျောင်းအပ်စတင်လက်ခံပေးသွားမည်ဖြစ်ပါကြောင်း၊ ကျောင်းသားသစ်၊ ကျောင်းသားဟောင်းများ ကျောင်းအပ်ရာတွင် အခက်အခဲမရှိအောင် အားလုံးက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း၊ ကျောင်းအပ်လက်ခံရာတွင် ပိတ်ရက်မရှိ လက်ခံပေးသွားမည်ဖြစ်ပြီး နိုဝင်ဘာ ၂၁ ရက်တွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်ကျောင်းများ စတင်ဖွင့်လှစ်သွားမည် ဖြစ်ပါကြောင်း၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်ကျောင်း၏ ပညာသင်နှစ်အသစ်စတင်တော့မည်ဖြစ်၍ စာသင်ဆောင်များ၊ ကျောင်းသား ကျောင်းသူအိပ်ဆောင်များ၏ ဥပမိရုပ်ကောင်းမွန်ရေး၊ သန့်ရှင်းသာယာလှပရေးကို အလေးထား ဆောင်ရွက်ထားကြရမည်ဖြစ်ပါကြောင်း၊ တက္ကသိုလ်များတွင် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ ရွေးကောက်ပွဲနှင့်ပတ်သက်သော ဥပဒေဘာသာရပ်များကို တစ်လလျှင် အနည်းဆုံးနှစ်ကြိမ်သင်ကြားပေးကြရမည်ဖြစ်ပါကြောင်း၊ ဆရာဆရာမများအနေဖြင့် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ တာဝန်ကျရာနေရာများတွင် စေတနာအပြည့်ဖြင့် ကြိုးစားဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ တက္ကသိုလ်ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးများ၊ ပါမောက္ခ(ဌာနမှူး)များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**သင်ကြားရေးဆိုင်ရာ အရည်အသွေးတိုးတက်ရေး**

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က တက္ကသိုလ်များ၏ ပညာသင်နှစ်မတိုင်မီနှင့် ပညာသင်နှစ်အစတွင်ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ သင်ရိုးညွှန်တမ်းအရည်အသွေးနှင့် သင်ကြားရေးဆိုင်ရာ အရည်အသွေးတိုးတက်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားပြီး ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းက ပုဂ္ဂလိကကျောင်းများ အရည်သွေးတိုးတက်ကောင်းမွန်ရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွန်း၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်တို့က ဦးစီးဌာနလုပ်ငန်းဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF) ရုံးချုပ်မှ ဒုတိယအမှုဆောင်ညွှန်ကြားရေးမှူး Mr. Edward Chaker Chaiban ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

## မြန်မာနိုင်ငံအစိုးရနှင့် UNICEF တို့အကြား လက်ရှိပူးပေါင်း ဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များဆွေးနွေး



**နေပြည်တော် နိုဝင်ဘာ ၁၂**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF) ရုံးချုပ်မှ ဒုတိယအမှုဆောင် ညွှန်ကြားရေးမှူး Mr.Edward Chaker Chaiban ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေး ဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံအစိုးရနှင့် UNICEF တို့အကြား လက်ရှိပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၌ UNICEF ၏ ရှေ့ဆက် ဆောင်ရွက်မည့် ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ UNICEF ၏ အရှေ့အာရှနှင့် ပစိဖိတ်ဒေသခွဲရုံးမှ ဒေသဆိုင်ရာ ညွှန်ကြားရေးမှူးနှင့် UNICEF ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်တို့ တက်ရောက်ကြသည်။

**သတင်းစဉ်**



## ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF) ရုံးချုပ်မှ ဒုတိယအမှုဆောင်ညွှန်ကြားရေးမှူး Mr. Edward Chaker Chaiban ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၁၂**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် သည် အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ ကုလ သမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF) ရုံးချုပ်မှ ဒုတိယအမှုဆောင်ညွှန်ကြားရေးမှူး Mr. Edward Chaker Chaiban ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် UNICEF က ထောက်ပံ့ပေးနေသော လုပ်ငန်းအစီအစဉ်များနှင့်စပ်လျဉ်း၍ အကောင် အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေ၊ မြန်မာ နိုင်ငံနှင့် UNICEF တို့အကြား ရှေ့ဆက်လက်ပူးပေါင်း ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆိုင်ရာ UNICEF ရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF) ရုံးချုပ်မှ ဒုတိယအမှုဆောင်ညွှန်ကြားရေးမှူး Mr. Edward Chaker Chaiban ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၁၂**

ကျန်းမာရေးဝန်ကြီးဌာန ပြည် ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းသည် အမေရိကန် နိုင်ငံ နယူးယောက်မြို့ရှိ ကုလ သမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF) ရုံးချုပ်မှ ဒုတိယ အမှုဆောင် ညွှန်ကြားရေးမှူး Mr. Edward Chaker Chaiban ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့အား ယနေ့ မွန်းလွဲပိုင်း တွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဧည့်ခန်းမ ဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဝန်ကြီးဌာနနှင့် UNICEF အဖွဲ့တို့ ပူးပေါင်းဆောင် ရွက်နေသည့် ကျန်းမာရေးစောင့် ရှောက်မှုလုပ်ငန်းများ၊ တိုးချဲ့ ကာကွယ်ဆေးထိုး လုပ်ငန်းများ နှင့် အာဟာရဖွံ့ဖြိုးရေး လုပ်ငန်း များတွင် ပိုမိုပူးပေါင်းဆောင်ရွက် နိုင်ရေး ကိစ္စရပ်များ၊ လက်ရှိ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ဝမ်းပျက်ဝမ်းလျှော ရောဂါ ကာကွယ်ဆေး (Oral Cholera Vaccine–OCV) တိုက်ကျွေးရေး လုပ်ငန်းများ ဆောင်ရွက်နေသည့် ကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ကျန်းမာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဆိုင်ရာ UNICEF ရုံးမှ ကိုယ်စား လှယ်များ တက်ရောက်ကြ ကြောင်း သိရသည်။

**သတင်းစဉ်**



## မြန်မာ - တရုတ် ချစ်ကြည်ရေးအသင်း (ဗဟို) အဖွဲ့ထံ မကာအို - မြန်မာ ချစ်ကြည်ရေးအသင်း လာရောက်တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၁၂**

မြန်မာ – တရုတ် ချစ်ကြည်ရေး အသင်း (ဗဟို) ဥက္ကဋ္ဌနှင့် ဒုတိယ ဥက္ကဋ္ဌများ ပါဝင်သော အဖွဲ့အား မကာအို – မြန်မာ ချစ်ကြည်ရေး အသင်းဥက္ကဋ္ဌ Mr. Jose Wong ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့က ယနေ့ နံနက်ပိုင်းတွင် UMFCCI ညှိ့ ခန်းမ၌ လာရောက်တွေ့ဆုံသည်။



တွေ့ဆုံစဉ် မြန်မာအသင်း ဥက္ကဋ္ဌက မိမိတို့အနေဖြင့် ဆွေမျိုး ပေါက်ဖော် ရင်းနှီးမှုများရှိပြီး မြန်မာ – တရုတ် ချစ်ကြည်ရေး အစွန့်ရှည်တည်တံ့ရန်နှင့် ပိုမို တိုးတက်ရန် အဓိကထား ဆောင် ရွက်လျက်ရှိပါကြောင်း၊ မိမိတို့ အသင်းအနေဖြင့် နှစ်နိုင်ငံအစိုးရ ချင်း၊ ပြည်သူချင်း အကျိုးရှိနိုင်မည့် လုပ်ငန်းများကို ဆက်သွယ် ဆက်စပ်တင်ပြပေးခြင်း၊ ညှိနှိုင်း ဆောင်ရွက်ပေးခြင်းတို့ကို ဆောင် ရွက်လျက်ရှိပါကြောင်း၊ ယနေ့ အချိန်အခါသည် အစိုးရနှစ်ရပ် စာမျက်နှာသစ် ခြေလှမ်းအသစ် များဖြင့် ဆက်ဆံရေး တိုးမြှင့် ဆောင်ရွက်နေသော ထူးခြားသည့် ကာလဖြစ်ပါကြောင်း ရှင်းလင်း ပြောကြားသည်။

ထို့နောက် မကာအို – မြန်မာ ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌက မိမိတို့ အသင်းသည် ကျန်းမာရေး၊ ပညာရေး၊ ယဉ်ကျေးမှုတို့ကို အဓိကထား ဆောင်ရွက်နေ သကဲ့သို့ စီးပွားရေးလုပ်ငန်းရှင်များ လည်း ပါဝင်ပြီး IT ကဏ္ဍ၊ ဆေးဝါး ကဏ္ဍမှစ၍ နယ်ပယ်ပေါင်းစုံတွင် ရင်းနှီးမြှုပ်နှံ ပူးပေါင်းဆောင်ရွက် လိုပါကြောင်း၊ ပညာသင် လာရောက် လိုသူများကိုလည်း ဖိတ်ခေါ်ပါကြောင်း၊ လိုအပ်သည် များ ကူညီပံ့ပိုးစောင့်ရှောက် ပေးမည်ဖြစ်ပါကြောင်း ဆွေးနွေး ပြောကြားခဲ့သည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးအနည်းငယ်ရွာမည်

**နေပြည်တော် နိုဝင်ဘာ ၁၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) တွင် နေရာစိပ်စိပ်နှင့် နေပြည် တော်၊ တနင်္သာရီတိုင်းဒေသ ကြီး၊ ရှမ်းပြည်နယ် (မြောက် ပိုင်းနှင့် အရှေ့ပိုင်း)၊ ချင်းပြည် နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်း ငယ်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသ ကြီးနှင့် ပြည်နယ်တို့တွင် တိမ် အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/ဇလ**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးလ်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**မြန်မာ - ဘရာဇီးလ် နှစ်နိုင်ငံအကြား စတုတ္ထကြိမ်မြောက် နိုင်ငံရေးရာဆွေးနွေးပွဲကျင်းပနိုင်ရေးနှင့် နိုင်ငံတကာမျက်နှာစာတွင် မြန်မာ - ဘရာဇီးလ် နှစ်နိုင်ငံပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရေး ဆွေးနွေး**



**နေပြည်တော် နိုဝင်ဘာ ၁၂**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ဘရာဇီးလ်ဖက်ဒရယ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဂူစထာဗို ရော်ချာ ဒီ မင်နင်းဇီးစ် ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေး ဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ - ဘရာဇီးလ် နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ ဆင်းရဲမွဲတေမှုနှင့် ငတ်မွတ်မှုတိုက်ဖျက်ရေး မဟာမိတ်အဖွဲ့ဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာ - ဘရာဇီးလ် နှစ်နိုင်ငံအကြား စတုတ္ထကြိမ်မြောက် နိုင်ငံရေးရာ ဆွေးနွေးပွဲ ကျင်းပနိုင်ရေးနှင့် နိုင်ငံတကာမျက်နှာစာတွင် မြန်မာ - ဘရာဇီးလ် နှစ်နိုင်ငံပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့အပါအဝင် နှစ်နိုင်ငံ အပြန်အလှန်အကျိုး ဖြစ်ထွန်းစေမည့် အလားလာရှိသော ပူးပေါင်းဆောင်ရွက်ရေး ကဏ္ဍများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

**သတင်းစဉ်**



# ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ရောက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၁၂**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ် အကြီးအကဲ H.E.Mr. Alexey Sambuevich Tsydenov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိကြရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး H.E.Mr. Iskander Azizov နှင့် တာဝန်ရှိသူများ၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်မှ ကျောင်းသား ကျောင်းသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

ညပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က H.E.Mr. Alexey Sambuevich Tsydenov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား Lotte ဟိုတယ်၌ ညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ မြန်မာ့ဆန်တင်ပို့နိုင်ရေး လုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၂**

တရုတ် ပြည်သူ့သမ္မတနိုင်ငံသို့ မြန်မာ့ ဆန်တင်ပို့နိုင်ရေး လုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်) အစည်းအဝေးခန်းမ၌ကျင်းပရာ ကြီးကြပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦးနှင့် ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ပုဂ္ဂလိက လုပ်ငန်းရှင် အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

၂၀၂၄ ခုနှစ်အတွက် တရုတ်နိုင်ငံသို့ဆန်၊ဆန်ကွဲတင်ပို့လိုသော ကုမ္ပဏီအသစ်များကို စိတ်ဝင်စားမှု အဆိုပြုလွှာ (Expression of Interest- EOI) တင်ပြရန် ဇူလိုင်လ ပထမပတ်တွင် ကြေညာချက်ထုတ်ပြန်ခဲ့ပြီး လျှောက်ထားလာသည့် ကုမ္ပဏီများ၏ ဆန်စက်နှင့် သိုလှောင်ရုံများကို စိုက်ပျိုးရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနနှင့် မြန်မာ့ကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက် (MITS) တာဝန်ရှိသူများက စစ်ဆေးခြင်း၊ ဆောင်ရွက်ထားရမည့် အချက်များနှင့် ပတ်သက်သည့် သင်တန်းပေးခြင်း၊ မြေပြင်ကွင်းဆင်းစစ်ဆေးခြင်း ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကောက်ခွန်အထွေထွေ အုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (GACC) တို့ကြား လက်မှတ်ရေးထိုးခဲ့သည့် မြန်မာနိုင်ငံမှ ဆန်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တင်ပို့ရန် စစ်ဆေးခြင်းနှင့် ပိုးမွှားကင်းစင်ရေး သဘောတူစာချုပ်အရ ၂၀၂၄ ခုနှစ်တွင် မြန်မာနိုင်ငံမှ ဆန်၊ ဆန်ကွဲများ တင်ပို့လိုသော ကုမ္ပဏီများ၏ အချက်အလက်များ၊ ယင်းတို့၏ ဆန်စက်နှင့် သိုလှောင်ရုံများကို မြေပြင်ကွင်းဆင်း စစ်ဆေးတွေ့ရှိချက်များကို နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့မှ လုပ်ငန်းကြီးကြပ်ရေးအဖွဲ့ထံ တင်ပြ၍ GACC တွင် မှတ်ပုံတင်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံသို့ ဆန်၊ ဆန်ကွဲတင်ပို့ရန် ၂၀၂၁ ခုနှစ်တွင် GACC မှ မှတ်ပုံတင်ရရှိခဲ့သည့် ကုမ္ပဏီ ၄၃ ခု၊ ၂၀၂၂ ခုနှစ်တွင် ကုမ္ပဏီ ၁၈ ခု၊ ၂၀၂၃ ခုနှစ်တွင် ကုမ္ပဏီ ၅၀ ခုရှိခဲ့သဖြင့် စုစုပေါင်းကုမ္ပဏီ ၁၁၁ ခုကို မှတ်ပုံတင်ပေးနိုင်ခဲ့ပြီး ဆန်၊ ဆန်ကွဲများ တင်ပို့လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



# လူငယ်စကားဝိုင်းနှင့် လူငယ်ရေးရာ အသိပညာပေးဟောပြော

**လှည်းကူး နိုဝင်ဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူး မြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အလံတပို၌ လှည်းကူးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူငယ်ရေးရာကော်မတီနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကာ လူငယ်စကားဝိုင်းနှင့် လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို ယနေ့ နံနက်ပိုင်းက ကျင်းပသည်။ **(အောက်ပုံ)**

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲထွန်းနောင်က အမှာစကားပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးခင်ဇော်က ဗလငါးတန်ဖွံ့ဖြိုးရေး အသိပညာပေးခြင်း၊ မြို့နယ်ပညာရေးမှူး ဒေါ်ကြည်ကြည်တင်က ဟောပြောပွဲ ကျင်းပရခြင်း ရှင်းလင်းပြောကြားသည်။



ထို့နောက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသံစဉ်မှူးက ပလတ်စတစ် ညစ်ညမ်းမှုအကြောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သင်းသင်းစိုးက အားကစားပညာအကြောင်းတို့ကို အသိပညာပေးဟောပြောသည်။ ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးနွဲ့နှင့် အ.ထ.က(ခွဲ) အလံတပိုမှ အထက်တန်းပြဆရာမ ဒေါ်နီနီဝင်းတို့က ဦးဆောင်၍ အ.ထ.က(ခွဲ) အလံတပိုမှ ကျောင်းသား ကျောင်းသူများက လူငယ်ရေးရာများ ကဏ္ဍအလိုက် ဆွေးနွေးခဲ့ရာ တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များ မေးမြန်းမှုကို ပြန်လည်ဖြေကြားပေးကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်) တွင် ကျောင်းအပ်လက်ခံမည့်ရက်(သတင်းပို့ရမည့်ရက်)နှင့် ကျောင်းစတင်ဖွင့်လှစ်မည့်ရက်များ ထုတ်ပြန်ကြေညာ

**သန်လျင် နိုဝင်ဘာ ၁၂**

သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်) တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ် ပထမနှစ်ဝက်သင်တန်းများ၏ ကျောင်းအပ်လက်ခံခြင်းနှင့် တတိယနှစ်၊ စတုတ္ထနှစ်နှင့် ဘွဲ့လွန်တန်း ဒုတိယနှစ်ဝက်သင်တန်းများ၏ သတင်းပို့လက်ခံခြင်းကို ၁၄-၁၁-၂၀၂၄ ရက်နေ့ (ကြာသပတေးနေ့)မှစ၍ ပိတ်ရက်မရှိ လက်ခံဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ သင်တန်းနှစ်အားလုံးကို ၂၁-၁၁-၂၀၂၄ ရက်နေ့ (ကြာသပတေးနေ့) တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်အဖွဲ့ တရုတ် - မြန်မာယဉ်ကျေးမှုဖလှယ်ရေး ရက်သတ္တပတ်လှုပ်ရှားမှုဖွင့်ပွဲ အခမ်းအနားနှင့် (၄) ကြိမ်မြောက် Twin City မီဒီယာဖိုရမ်သို့ တက်ရောက်



နေပြည်တော် နိုဝင်ဘာ ၁၂

၂၀၂၄ ခုနှစ် တရုတ် - အာဆီယံ လူမှုယဉ်ကျေးမှု ဆွေးနွေးဖလှယ်ရေးနှစ်နှင့် ၂၀၂၅ ခုနှစ်တွင် တရုတ်- မြန်မာ သံတမန်ဆက်ဆံရေးထူထောင်ခြင်း (၇၅) နှစ်မြောက် နှစ်ပတ်လည်အကြို လှုပ်ရှားမှုအဖြစ် တရုတ် - မြန်မာ နှစ်နိုင်ငံ ကဏ္ဍစုံအကျိုးတူပူးပေါင်းဆောင်ရွက်မှု နက်ရှိုင်းစွာ မြှင့်တင်နိုင်ရန်နှင့် နှစ်နိုင်ငံမီဒီယာ ပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ၂၀၂၄ ခုနှစ် တရုတ် - မြန်မာယဉ်ကျေးမှုဖလှယ်ရေး ရက်သတ္တပတ်လှုပ်ရှားမှု ဖွင့်ပွဲအခမ်းအနားနှင့် (၄) ကြိမ်မြောက် Twin City မီဒီယာဖိုရမ်ကို ယနေ့နံနက်ပိုင်းက တရုတ်နိုင်ငံ ယူနန်ပြည်နယ် မြို့တော် ကူမင်းမြို့ရှိ တျန်ချီစုံဖိန် ဗီလာဟိုတယ်၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့်အတူ တရုတ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်မောင်ဆွေ၊ ယူနန်ပြည်နယ် ကောင်စစ်ဝန်နှင့် တာဝန်ရှိသူများ ပါဝင်တက်ရောက်ကြသည် ။

အဆိုပါ မြန်မာကိုယ်စားလှယ်အဖွဲ့တွင် ဝန်ကြီးဌာနများမှ အရာထမ်း၊ အမှုထမ်း ၄၁ ဦးနှင့် ပြင်ပမီဒီယာနှင့် အဖွဲ့အစည်းများမှ အဖွဲ့ဝင် ၇ ဦး စုစုပေါင်း ၄၈ ဦးဖြင့် စုဖွဲ့တက်ရောက်ခြင်းဖြစ်ပြီး တရုတ်နိုင်ငံမှ တရုတ်ကွန်မြူနစ်ပါတီ၊ ယူနန်ပြည်နယ် ပါတီကော်မတီ၊ အမြဲတမ်းကော်မတီဝင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဇိန်းယန့်၊ တရုတ်ကွန်မြူနစ်ပါတီ၊ ယူနန်ပြည်နယ် ပါတီကော်မတီ၊ အမြဲတမ်းကော်မတီဝင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဖုန်ကျွင့်ရှန်၊ ယူနန်နေ့စဉ်သတင်းစာလုပ်ငန်းစု၊ ယူနန်ယဉ်ကျေးမှုနှင့်ခရီးသွားလုပ်ငန်းဝန်ကြီးဌာန၊ ယူနန်ပြည်နယ်မှ တက္ကသိုလ်ကောလိပ်များ၊ တယ်ဟုန်ပြည်နယ်ခွဲ၊ လင်ချန်းမြို့၊ ပေါင်ရှန်မြို့၊ နုကျန်းပြည်နယ်ခွဲ၊ ဖူအောမြို့၊ စစ်ဆောင်ပန်းနားပြည်နယ်ခွဲ၊ ချူရှုံပြည်နယ်ခွဲတို့မှ ပါတီကော်မတီ ပြန်ကြားရေးဌာနများမှ တာဝန်ရှိသူများ စုစုပေါင်း ၂၀၀ ခန့် တက်ရောက်ကြသည်။

### ဖျော်ဖြေတင်ဆက်

ဦးစွာ တရုတ်ယဉ်ကျေးမှု အကအဖွဲ့က "တောတောင်ရေမြေ တစ်သားတည်းဖြစ်တဲ့ ပေါက်ဖော်မေတ္တာ" တေးသီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်ပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အကအဖွဲ့က "ပုဂံ" အကဖြင့် ဆက်လက်၍ ဖျော်ဖြေတင်ဆက်သည်။

### နှစ်နိုင်ငံပြည်သူများ အတူတကွလက်တွဲ

ထို့နောက် တရုတ်ကွန်မြူနစ်ပါတီ၊ ယူနန်ပြည်နယ်ပါတီကော်မတီ၊ အမြဲတမ်းကော်မတီဝင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဇိန်းယန့်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မိန့်ခွန်းပြောကြားရာတွင် တရုတ်နိုင်ငံအနေဖြင့် အနုပညာ၊ ယဉ်ကျေးမှုအမွေအနှစ်များစွာ တည်ရှိမှုနှင့်အတူ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းမှုတွင်လည်း ခေတ်မီနည်းပညာနှင့် ရှေးမူမပျက် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသကဲ့သို့ မြန်မာနိုင်ငံတွင် မြေလျှင်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဖြစ်သော သဗ္ဗညုဘုရားကို ပြန်လည်ပြုပြင်မွမ်းမံရေးတွင် နည်းပညာအကူအညီပေးပြီး ဆောင်ရွက်ပေးခဲ့ပါကြောင်း။ ယခုကဲ့သို့ အခမ်းအနားများတွင် ယဉ်ကျေးမှု အပြန်အလှန်ဖလှယ်မှုများ မြှင့်တင်ခြင်းအားဖြင့် နှစ်နိုင်ငံပြည်သူများအကြား ကူးလူးဆက်ဆံဖလှယ်မှုများ ပိုမိုဖွံ့ဖြိုး တိုးတက်နက်ရှိုင်းမှု ဖြစ်ပေါ်စေပါကြောင်း၊ ယနေ့အခမ်းအနားတွင် နှစ်နိုင်ငံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် ပြခန်းများ ခင်းကျင်းပြသရာတွင်လည်း မြန်မာနိုင်ငံ၏ "ပုဂံ" နှင့်ပတ်သက်သည့် ပြခန်းအား ထည့်သွင်း ခင်းကျင်းပြသထားပါကြောင်း၊ မိမိတို့ နိုင်ငံတော်အကြီးအကဲက စိုက်ပျိုးရေးထုတ်ကုန်၊ မွေးမြူရေးထုတ်ကုန် နှင့် MSMEs ထုတ်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ဆောင်ရွက်ရန် လမ်းညွှန်ထားပြီး နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်တွင် ထည့်သွင်း၍ စိုက်ပျိုးရေးကဏ္ဍကို အလေးအနက်ထား ဆောင်ရွက်နေပါကြောင်း။ (၄) ကြိမ်မြောက် Twin City မီဒီယာဖိုရမ်မှ ပြောင်းလဲတိုးတက်လာသည့် ခေတ်မီနည်းပညာဖြစ်သည့် AI ကဲ့သို့ နည်းပညာကို အသုံးပြုပြီး အဆင့်မြင့်မီဒီယာဖြစ်ထွန်းပေါ်ပေါက်လာစေရန် အတူတကွလက်တွဲပြီးပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် အခက်အခဲနှင့် စိန်ခေါ်မှုများကို ကျော်လွှားပြီး မြန်မာ – တရုတ်ဆက်ဆံရေးကို ခေတ်သစ်တွင်ပိုမိုကြီးမားသည့် တိုးတက်မှုများ ရရှိစေရန်၊ နှစ်နိုင်ငံပြည်သူများ အတူတကွလက်တွဲပြီး ပိုမိုသာယာချမ်းမြေ့သည့် အနာဂတ်ကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ "မင်္ဂလာပါ မျှော်လင့်ခြင်း လယ်ယာမြေ" ပထမအသုတ်စိုက်ပျိုးရေးစီမံကိန်း မိတ်ဆက်ကြေညာ လက်စွဲစာအုပ်ကို ယူနန်ပြည်နယ် လယ်ယာစိုက်ပျိုးရေးကျွမ်းကျင်ပညာရှင် လျိုကျန့်ကော်နှင့် ASIA Flower Mall Myanmar Co.,Ltd.MD ဒေါ်ဖွေးဖွေးသန့်တို့က မိတ်ဆက်ပြောကြားကြသည်။

ယင်းနောက် Bilibili မြန်မာဘာသာ Online တင်ဆက်သူ သိုက်နီး (ဆောင်းနေခြည်) နှင့် MRTV မှ မြနန္ဒာတို့က " မင်္ဂလာညီအစ်မ အတူပြောကြ " နိုင်ငံတကာပြန်ကြားရေးစီမံကိန်း ပထမအပတ်စဉ် Video တေးသီချင်းကို နောက်ခံဖြင့် မိတ်ဆက်ပြောကြားကြသည်။

ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ "မှုံရွှေရည်" တေးသီချင်းဖြင့် ကပြဖျော်ဖြေ တင်ဆက်ကြပြီး ယူနန် YICC မှ ဒေါက်တာ ထိုက်လွင်ကိုက "ယူနန်လို့ခေါ်တဲ့ ဘဝနေထိုင်မှု တစ်မျိုးရှိတယ်" ပေါက်ဖော်ပြန်ကြားသူ စီမံချက်အား ပြောကြားသည်။

### ပူးပေါင်းဆောင်ရွက်ကြမည်

ထို့နောက် ယူနန်နေ့စဉ် သတင်းစာအဖွဲ့ ပါတီကော်မတီ အတွင်းရေးမှူး၊ သတင်းစာအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဟယ်ဇူးခွင်းနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်တို့က "၂၀၂၄ အွန်လိုင်း New Media မွမ်းမံသင်တန်း" ပူးတွဲကျင်းပရေး (LOI) အားလည်းကောင်း၊ ယူနန်ပြည်နယ် YICC အယ်ဒီတာ/ ညွှန်ကြားရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဝမ်ထင်ရောင်နှင့် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခိုင်ခိုင်ထွေးတို့က တရုတ်- မြန်မာ စိုက်ပျိုးရေးလုပ်ငန်း အရည်အသွေးသစ် ကုန်ထုတ်စွမ်းအင် တီဗွီအစီအစဉ်အတူတကွ ဖန်တီးရေး (LOI) ကိုလည်းကောင်း၊ ယူနန်ပြည်နယ် YICC အယ်ဒီတာ/ ညွှန်ကြားရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဝမ်ထင်ရောင်နှင့် ရွှေဇာမဏီ သတင်းစာတိုက်မှ အထွေထွေမန်နေဂျာ ဒေါ်ချိုသက်ထွန်းတို့က "ရွှေဇာမဏီ" တရုတ်ဘာသာ သတင်းစာတိုက် မီဒီယာများနှင့် သတင်းကဏ္ဍ ၂၀၂၅ ခုနှစ် ပူးပေါင်းဆောင်ရွက်ရေးအတွက် လည်းကောင်း၊ ယူနန်ပြည်နယ် YICC အယ်ဒီတာ၊ ညွှန်ကြားရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဝမ်ထင်ရောင်နှင့် ဩကာသစာပေမှ တာဝန်ခံ ဦးဟိန်းလတ်တို့က တရုတ်- မြန်မာ နိုင်ငံတကာပြန်ကြားရေးနှင့် ဘာသာပြန်အလုပ်ရုံ ပထမအသုတ် ဂန္ထဝင်စာပေများ အပြန်အလှန် သာသာပြန်ဆိုထုတ်ဝေရေး စီမံကိန်းအားလည်းကောင်း၊ တယ်ဟုန်ပြည်နယ်ခွဲ ပါတီကော်မတီ ပြန်ကြားရေးဌာန ဒုတိယဦးစီးမှူး၊ ပြည်နယ်ခွဲအစိုးရ၊ သတင်းရုံးခန်းဌာနမှူး၊ လီဇုန်းမင်နှင့် မြန်မာ – တရုတ် ယဉ်ကျေးမှု ခရီးသွားလုပ်ငန်း တိုးမြှင့်ရေးအသင်း ဥက္ကဋ္ဌ လျိုဝေ တို့သည် တရုတ် – မြန်မာ ခရီးသွားထွက်ကုန် မိတ်ဆက်ခြင်း၊ ခရီးသွား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်စေရေး ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းအားလည်းကောင်း LED ပေါ်တွင် လက်ရာတင်၍ စက်ခလုတ်နှိပ်ပြီး လုပ်ငန်းများ စတင်၍ ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်ကြောင်း ကြေညာသည်။

### စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

ယင်းနောက် တရုတ် - မြန်မာ ယဉ်ကျေးမှုဖလှယ်ရေး ရက်သတ္တပတ်အခမ်းအနားကို တရုတ်နိုင်ငံ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဇိန်းယန့်နှင့် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းတို့က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြသည်။

ဖွင့်ပွဲအခမ်းအနား အပြီးတွင် ဧည့်သည်တော်များနှင့် အကြီးအကဲများက ဟိုတယ်အတွင်း ခင်းကျင်းပြသထားသည့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ယွန်းထည်လက်မှုပညာပြခန်း (**အပေါ်ပုံ**)၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ မြန်မာနိုင်ငံဆိုင်ရာ သဘာဝရှုခင်းများ၊ ယဉ်ကျေးမှု၊ မြန်မာ- တရုတ် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဓာတ်ပုံပြခန်းများအပါအဝင် ယူနန်ပြည်နယ်မှ ထုတ်ကုန်များကို လှည့်လည်ကြည့်ရှုအားပေးကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ရုပ်သေးအကအဖွဲ့နှင့် ယူနန်ပြည်နယ်မှ ရုပ်သေးအကတို့ ယှဉ်တွဲဖျော်ဖြေမှုကို ကြည့်ရှုအားပေးခဲ့ကြသည်။

သတင်းစဉ်

❑ **မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် အခက်အခဲနှင့် စိန်ခေါ်မှုများကို ကျော်လွှားပြီး မြန်မာ – တရုတ်ဆက်ဆံရေးကို ခေတ်သစ်တွင်ပိုမိုကြီးမားသည့် တိုးတက်မှုများ ရရှိစေရန်၊ နှစ်နိုင်ငံပြည်သူများ အတူတကွ လက်တွဲပြီး ပိုမိုသာယာချမ်းမြေ့သည့် အနာဂတ်ကို အရှိန်အဟုန် မြှင့်တင် ဆောင်ရွက်ကြရမည်**

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## အမျိုးသားရေဥပဒေရေးဆွဲပြုစုရေး လုပ်ငန်းကော်မတီ(၃/၂၀၂၄) ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၂



အမျိုးသားရေဥပဒေ စတုတ္ထမူကြမ်းအား ဆွေးနွေးတည်းဖြတ်ရန်နှင့် ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးရန် အမျိုးသားရေဥပဒေ ရေးဆွဲပြုစုရေး လုပ်ငန်းကော်မတီ၏ (၃/၂၀၂၄) ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက်ပိုင်းက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသားရေဥပဒေရေးဆွဲပြုစုရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း၊ ရေနှင့် ဆက်နွှယ်သည့် ဝန်ကြီးဌာနများနှင့် စည်ပင်သာယာရေး ကော်မတီများမှ အမျိုးသားရေဥပဒေ ရေးဆွဲပြုစုရေး လုပ်ငန်းကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက ယခုအစည်းအဝေးတွင် အမျိုးသားရေဥပဒေ ရေးဆွဲပြုစုရေးလုပ်ငန်းကော်မတီဝင် များအနေဖြင့် အမျိုးသားရေဥပဒေ စတုတ္ထမူကြမ်းအပေါ် ပြန်ကြားလာသည့် သဘောထား မှတ်ချက်များအရ မိမိတို့နိုင်ငံတွင် လက်တွေ့ကျင့်သုံးနိုင်မည့် အခြေအနေများ၊ လိုအပ်ချက်များနှင့် ကိုက်ညီစေရန် ပုဒ်မ၊ ပုဒ်မခွဲ တစ်ခုချင်းစီအလိုက် အသေးစိတ် ဝိုင်းဝန်းဆွေးနွေး အကြံပြုပေးကြရန် မေတ္တာရပ်ခံ လိုကြောင်း၊ အမျိုးသားရေဥပဒေ ပဉ္စမမူကြမ်းကိုပြုစုပြီးပါက မိမိတို့နိုင်ငံနှင့်အသင့်လျော်ဆုံး ဖြစ်စေမည့် ရေဥပဒေတစ်ရပ်ကို အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် အမျိုးသား ရေဥပဒေရေးဆွဲပြုစုရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး(၁)၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းလှိုင်က အမျိုးသားရေဥပဒေရေးဆွဲရေး ဆောင်ရွက်ထားရှိမှုများ၊ ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှုများနှင့် ရှေ့လုပ်ငန်းစဉ် လျာထားချက်များကို ရှင်းလင်းတင်ပြပြီး အစည်းအဝေးသို့ တက်ရောက်လာသည့် အမျိုးသား ရေဥပဒေရေးဆွဲ ပြုစုရေး လုပ်ငန်းကော်မတီဝင်များနှင့် တာဝန်ရှိသူများက အမျိုးသားရေဥပဒေ စတုတ္ထမူကြမ်းအပေါ် ဝိုင်းဝန်းဆွေးနွေး အကြံပြုခဲ့ကြသည်။

အမျိုးသားရေဥပဒေ ရေးဆွဲပြုစုရေး လုပ်ငန်းကော်မတီ၏ (၃/၂၀၂၄) ညှိနှိုင်း အစည်းအဝေးကို နိုဝင်ဘာ ၁၂ ရက်တွင် ဆက်လက်ကျင်းပမည် ဖြစ်ပြီး အမျိုးသားရေဥပဒေ စတုတ္ထမူကြမ်းနှင့် ရှေ့လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အသေးစိတ် ဆက်လက်ညှိနှိုင်း ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ တတိယသက်တမ်း လှုပ်ရှားမှုပုံရိပ်များ (၂) စာအုပ်ထုတ်ဝေ

ရန်ကုန် နိုဝင်ဘာ ၁၂




၂၀၁၄ ခုနှစ်၊ မတ်လတွင် စတင်ဖွဲ့စည်းခဲ့သည့် မြန်မာနိုင်ငံသတင်းမီဒီယာ ကောင်စီသည် ယခုအခါ တတိယသက်တမ်းသို့ ရောက်ရှိခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စာပေနှင့် သတင်းမီဒီယာနယ်ပယ် အသီးသီးမှ လူပုဂ္ဂိုလ်များ ပါဝင်သော ကောင်စီဝင် ၂၂ ဦးဖြင့် ဖွဲ့စည်းပေးခဲ့သည်။ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ တတိယသက်တမ်းသည် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာ ၁ ရက်မှစ၍ နိုင်ငံတော်အတွင်း ဖြစ်ပေါ်နေသည့် အခြေအနေအရပ်ရပ်ကို သတင်းမီဒီယာဌာနအသီးသီးမှ သတင်းမှန်ထုတ်ပြန်နိုင်ရေး၊ ပြည်သူလူထု၏ သတင်းသိပိုင်ခွင့်ကို မှန်ကန်စွာ ဆောင်ရွက်နိုင်ရေး၊ သတင်းမီဒီယာသမားများ အရည်အသွေး မြှင့်တင်နိုင်ရေးအတွက် သင်တန်းများဖွင့်လှစ်ခြင်း၊ သတင်းတု သတင်းမှားများကို စိစစ်ဝေဖန် သုံးသပ်နိုင်ရေးအတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ စာသင်ကျောင်းများ၊ အရပ်ဘက်အဖွဲ့အစည်းများတွင် ဟောပြောပွဲများကျင်းပလျက် သတင်းမီဒီယာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည့်အပြင် နိုင်ငံတကာသတင်းမီဒီယာ အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်ခြင်း၊ သတင်းမီဒီယာ ဥပဒေ၊ သတင်းမီဒီယာကျင့်ဝတ်များနှင့် ညီညွတ်မှုမရှိသဖြင့် ဖြစ်ပေါ်လာသည့် အငြင်းပွားမှုကိစ္စများအပေါ်တွင်လည်း နှစ်ဖက်ညှိနှိုင်းဖြေရှင်းပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

ယခုအခါ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၏ တတိယသက်တမ်းကာလအတွင်း ဆောင်ရွက်ခဲ့သည်များကို မှတ်တမ်းအဖြစ် ပြုစုထားရှိသည့် "မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ တတိယသက်တမ်း လှုပ်ရှားမှုပုံရိပ်များ (၂) စာအုပ်"ကို ထုတ်ဝေဖြန့်ချိခဲ့ပြီး ဖြစ်သည်။

အဆိုပါ စာအုပ်ကို ဌာနဆိုင်ရာများနှင့် သတင်းမီဒီယာလုပ်ငန်းနှင့် ဆက်စပ်ပြီး စိတ်ပါဝင်စားသောအဖွဲ့အစည်းများ၊ စာကြည့်တိုက်များ၊ လေ့လာလိုသူများအတွက် အခမဲ့ ဖြန့်ချိလှူဒါန်းလျက်ရှိပြီး မည်သည့်စာကြည့်တိုက်များမဆို မှတ်တမ်းအဖြစ်ထားရှိလိုပါက မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဖုန်း - ၀၉၄၄၈၀၂၆၃၂၆ သို့ ဆက်သွယ်မှာကြားနိုင်ကြောင်းနှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက အခမဲ့ပေးပို့လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## မီးခိုး၊ မြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြော

မြိတ် နိုဝင်ဘာ ၁၂

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ အထက(၄) ၌ မီးခိုး၊ မြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို နိုဝင်ဘာ ၁၁ ရက်က ကျင်းပရာ ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်လင်းက မီးခိုး၊ မြူငွေ့ဖြစ်ပေါ်လာသည့်အချက်များ၊ မီးခိုး၊ မြူငွေ့အမျိုးအစားများ၊ မီးခိုး၊ မြူငွေ့၏ ဆိုးကျိုးများ၊ ကာကွယ်နိုင်သည့် နည်းလမ်းများ ဟောပြောခဲ့ပြီး မြိတ်မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဝေယံမြင့်ချိုက ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာများကို ဟောပြောသည်။ ဟောပြောပွဲသို့ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၁၆၂ ဦး



တက်ရောက်ကြပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## လှည်းကူးမြို့နယ်၌ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာ သင်တန်းဖွင့်

လှည်းကူး နိုဝင်ဘာ ၁၂

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ရန်ကုန်မြောက်ပိုင်းခရိုင် အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနတို့ ပူးပေါင်း၍ ဆပ်ပြာရည်၊ ခေါင်းလျှော်ရည်၊ ဆပ်ပြာခဲနှင့် လက်သန့်ဆေးရည် လူသုံးကုန်ထုတ်လုပ်မှု နည်းပညာ



သင်တန်းကို မလစ်ကျေးရွာအုပ်စု၊ မလစ်အနောက် ကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ နိုဝင်ဘာ ၁၁ ရက်က ဖွင့်လှစ်သည်။

ဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထွန်းနောင်၊ လှည်းကူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးတင်အောင်သန်းတို့က အမှာစကား ပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်သန္တာစိုးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ ခရိုင်အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ဦးစီးမှူး ဦးရဲဇော်ထွန်းက အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနအနေဖြင့် နည်းပညာပိုင်းဆိုင်ရာကို ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် သင်တန်းသား သင်တန်းသူများအား စီးပွားဖြစ် လူသုံးကုန်ထုတ်လုပ်နိုင်သည်အထိ ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းကို နိုဝင်ဘာ ၁၁ ရက်မှ ၁၅ ရက်အထိ စာတွေ့လက်တွေ့ ငါးရက်ကြာ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသား ၁၅ ဦးတို့ တက်ရောက်သင်ယူလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ၂၀၂၄ ခုနှစ် ထူးချွန်အားကစားသမားသမားများ ရွေးချယ်ရေးနှင့် သက်ကြီးအားကစားကလောင်ရှင်ကြီးများအား ကန်တော့ပွဲကျင်းပရန်ဆွေးနွေး

ရန်ကုန် နိုဝင်ဘာ ၁၂

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံအားကစားမီဒီယာများ အဖွဲ့ချုပ်က ၂၀၂၄ ခုနှစ် ထူးချွန်အားကစားသမားများ ရွေးချယ်ရေးနှင့် သက်ကြီးအားကစားကလောင်ရှင်ကြီးများအား ကန်တော့ပွဲကျင်းပရန် ဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံအားကစားကွင်းရှိ အားကစားနှင့် ကာယပညာဦးစီးဌာနရှိ မြန်မာနိုင်ငံအားကစားမီဒီယာများ အဖွဲ့ချုပ်ရုံး၌ ပြုလုပ်သည်။

ဦးစွာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးညဏ် ထွန်း (စာရေးဆရာလေးကိုကို) က သက်ကြီးအားကစား ကလောင်ရှင် ကြီးများအား ကန်တော့ရန်အတွက် ရှင်းလင်းပြောကြားပြီး ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးမြင့်ဆွေ (မြင့်ဆွေမြင့်)၊ ဦးဝဏ္ဏ(မာဂျေ)နှင့် အမှုဆောင်များက ၂၀၂၄ ခုနှစ်အတွက် အကောင်းဆုံး အမျိုးသား၊ အမျိုးသမီးအားကစားသမားဆု ရွေးချယ်ရန်နှင့် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပြိုင်ပွဲအတွက် ဆောင်းပါး၊ ကဗျာ၊ ဝတ္ထု၊ ဓာတ်ပုံပြိုင်ပွဲအတွက် ကျင်းပမည့် အကြောင်းများ ဆွေးနွေးကြကြောင်း သိရသည်။ **တင်စိုး (မြန်မာ့အလင်း)**

## သထုံမြို့နယ်၌ ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြော

သထုံ နိုဝင်ဘာ ၁၂

မွန်ပြည်နယ် သထုံမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြှင့်မားပြီး ဗလငါးတန်ဖွံ့ဖြိုးရေးအတွက် နိုဝင်ဘာ ၁၁ ရက်က သထုံမြို့နယ် ပေါ်တော်မူကျေးရွာရှိ (ကျောက်တန်း) အခြေခံပညာ မူလတန်းလွန်ကျောင်း၌ နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်ပြီး အသိပညာပေး ဟောပြောခြင်း၊ နံရံကပ်စာစောင်ပြသခြင်းများ ဆောင်ရွက်သည်။

နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်ရာတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျောင်းသား ကျောင်းသူများ အားလပ်ချိန်ကို အကျိုးရှိစွာအသုံးပြုကြရေး၊ ကျောင်းစာကိုကြိုးစားကြ၍ ဗဟုသုတတိုးပွားရေးအတွက် စာပေများကို လေ့လာဖတ်ရှုကြရေးတို့ကို ဟောပြောဆွေးနွေးခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**



# အမေရိကန်နိုင်ငံခြားရေးဝန်ကြီးအဖြစ် အထက်လွှတ်တော်အမတ် မားကိုစ်ရူဘီယိုအား ခန့်အပ်ရန် ထရမ့်စဉ်းစားလျက်ရှိ

**ဝါရှင်တန် နိုဝင်ဘာ ၁၂**

အမေရိကန်ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရမ့်သည် အထက်လွှတ်တော်အမတ် မားကိုစ်ရူဘီယိုအား နိုင်ငံခြားရေးဝန်ကြီးအဖြစ် ခန့်အပ်ရန် စဉ်းစားနေကြောင်း အမေရိကန်မီဒီယာများက ဖော်ပြလိုက်သည်။

ရူဘီယိုကို ရာထူးအတွက် ထည့်သွင်းစဉ်းစားထားကြောင်း ခိုင်လုံသည့် သတင်းရင်းမြစ်များကို ကိုးကားပြီး သည်နယူးယောက်တိုင်း(မ်)နှင့်အခြားသော သတင်းများတွင် ဖော်ပြထားသည်။

ဖလော်ရီဒါအထက်လွှတ်တော်အမတ် တစ်ဦးဖြစ်သည့် ရူဘီယိုသည် အီရန်နှင့်ပတ်သက်ပြီး ပြင်းပြင်းထန်ထန်ဝေဖန်သူအဖြစ် လူသိများပြီး မစ္စတာထရမ့်၏ဖြစ်နိုင်ခြေရှိသည့် ပြိုင်ဘက်အဖြစ်လည်း သတ်မှတ်ခြင်းခံခဲ့ရသူဖြစ်သည်။ သို့သော်လည်း မစ္စတာထရမ့်သည် စိတ်ပြောင်းနိုင်ကြောင်း သည်နယူးယောက်တိုင်း(မ်)တွင် ဖော်ပြထားသည်။

ထို့အတူ မစ္စတာထရမ့်သည် ကိုယ်စားလှယ် မိုက်ခ်ဝေါ့ဇ်ကို သူ၏အမျိုးသားလုံခြုံရေးအကြံပေးဖြစ်လာရန်နှင့် အိမ်ဖြူတော် အမျိုးသားလုံခြုံရေးကောင်စီကို ဦးဆောင်ရန် တောင်းဆိုလိုက်သည်။ ဝေါ့ဇ်သည် အရှေ့အလယ်ပိုင်းနှင့် အာဖဂန်နစ္စတန်တို့တွင် အမေရိကန်တပ်ဖွဲ့၏လက်ရွေးစင် Green Beret အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

မစ္စတာ ထရမ့်သည် သံတမန်ရေးရာနှင့် အမျိုးသားလုံခြုံရေးတွင် အဓိကရာထူးနေရာများကို ဖြည့်တင်းရန် အလျင်စလို လုပ်ဆောင်နေသည်ဟု ဆိုသည်။ **အင်န်အိတ်ချ်ကေ**



# သီရိလင်္ကာနိုင်ငံ၌ အင်တာနက်လိမ်လည်မှုများ မြင့်တက် ပြည်သူများဆိုက်ဘာပြစ်မှုကျူးလွန်နိုင်သည့်နည်းလမ်းများကို သတိထားရန်လို

**ကိုလံဘို နိုဝင်ဘာ ၁၂**

သီရိလင်္ကာနိုင်ငံ၌ ယခုနှစ် ပထမ ၁၀လအတွင်း ဆိုက်ဘာပြစ်မှုပေါင်း ၉၅၀၀ နီးပါးဖြစ်ပွားခဲ့ကြောင်းနှင့် ပြစ်မှု ၁၆၀၀ ခန့်မှာ အင်တာနက် လိမ်လည်မှုများနှင့် သက်ဆိုင်လျက်ရှိကြောင်း သီရိလင်္ကာကွန်ပျူတာ အရေးပေါ်အဖွဲ့က ပြောကြားလိုက်သည်။



ဆိုက်ဘာအနိုင်ကျင့် ဗိုလ်ကျမှုပေါင်း ၂၀၀၀ ကျော်ရှိကြောင်း သီရိလင်္ကာကွန်ပျူတာအရေးပေါ်အဖွဲ့ အဆင့်မြင့်အင်ဂျင်နီယာချာရူကာဒါ မူနူပိုလာက ပြောကြားလိုက်သည်။

အင်တာနက်လိမ်လည်မှုများ သီရိလင်္ကာနိုင်ငံတွင် မြင့်တက်နေကြောင်းနှင့် ပြည်သူများအနေဖြင့် ဆိုက်ဘာပြစ်မှုကျူးလွန်နိုင်သည့် နည်းလမ်းများကို သတိထားရန်လိုကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

ဆိုက်ဘာ ရာဇဝတ်မှုများ တိုးပွားလာခြင်းသည် အွန်လိုင်းအသုံးပြုသူများအတွက် အထူးသဖြင့် ကလေးများနှင့် အခြားထိခိုက်လွယ်သော အုပ်စုများအတွက် ပိုမိုခိုင်မာသော အကာအကွယ် အရေးတကြီး လိုအပ်နေကြောင်းကို မီးမောင်းထိုးပြလိုက်ခြင်းဖြစ်သည်။ **ဆင်ဟွာ**

# ဂါဇာဒေသ၌ အစ္စရေးတို့၏ ရက်စက်ပြင်းထန်သော တိုက်ခိုက်မှုများကြောင့် နှစ်ရက်အတွင်း လူ ၃၀ ကျော်သေဆုံး

**ဂါဇာ နိုဝင်ဘာ ၁၂**

အစ္စရေးတပ်ဖွဲ့များသည် ဂါဇာကမ်းမြောင်ဒေသတွင် ရက်စက်ပြင်းထန်သော တိုက်ခိုက်မှုများကို ဆက်လက်လုပ်ဆောင်ခဲ့သည့်အတွက် နိုဝင်ဘာ ၁၁ ရက်နှင့် ၁၂ ရက်များတွင် လူ ၃၀ ကျော် သေဆုံးခဲ့သည်။



နိုဝင်ဘာ ၁၁ ရက်က ဂါဇာတောင်ပိုင်း ခန်ယွန်နစ်ရှိ ကော်ဖီဆိုင်တစ်ဆိုင်ကိုအစ္စရေးက ဒရုန်းဖြင့် တိုက်ခိုက်ခဲ့သောကြောင့် ၁၀ ဦးထက်မနည်းသေဆုံးခဲ့ပြီး အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း ကာတာအခြေစိုက် အယ်ဂျားဇီးယားရုပ်သံက ဖော်ပြခဲ့သည်။ အဆိုပါ ကော်ဖီဆိုင်သည် ဘေးကင်းဇုန်အဖြစ် အစ္စရေးက သတ်မှတ်ထားသော ဧရိယာတွင် တည်ရှိသည်။

ထို့အတူ ဂါဇာကမ်းမြောင်ဒေသတွင် နိုဝင်ဘာ ၅ ရက် နံနက်ပိုင်းကတည်းက အစ္စရေးတို့၏ တိုက်ခိုက်မှုကြောင့် ၂၀ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း အဆိုပါရုပ်သံက ဖော်ပြခဲ့သည်။

အစ္စရေးနှင့် ဟားမားစ်တို့ကြား တိုက်ပွဲများဖြစ်ပွားခဲ့သည့် လွန်ခဲ့သောနှစ် အောက်တိုဘာလမှစကာ ယနေ့အထိ သေဆုံးသူပေါင်း ၄၃၆၀၀ ကျော်ရှိကြောင်း ဒေသကျန်းမာရေး အာဏာပိုင်များက ပြောကြားသည်။

အစ္စရေး တပ်ဖွဲ့များသည် ဂါဇာမြောက်ပိုင်းသို့ ရေလီတာထောင်ပေါင်းများစွာနှင့် အစားအသောက်ထုပ် ရာချီအပါအဝင် ကယ်ဆယ်ရေးပစ္စည်းများ ဖြန့်ဝေပေးခဲ့ကြောင်း နိုဝင်ဘာ ၁၂ ရက်က ပြောကြားခဲ့သည်။

ကုလသမဂ္ဂနှင့် တခြား လူသားချင်း စာနာထောက်ထားမှုဆိုင်ရာအေဂျင်စီများက အဆိုပါဒေသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းနှင့် ရင်ဆိုင်နေရကြောင်း ပြောကြားခဲ့ကြသည်။

ဂါဇာမြောက်ပိုင်းရှိ ဆေးရုံများမှ လူနာများနှင့် ၎င်းတို့၏ အဖော်များအား လွန်ခဲ့သည့်လက ရွှေ့ပြောင်းပေးခဲ့ကြောင်း ကုလသမဂ္ဂအေဂျင်စီတစ်ခုနှင့် ညှိနှိုင်းတိုင်ပင်ပြီး စစ်ဘက်က ပြောကြားခဲ့သည်။

တိုက်ခိုက်ခံခဲ့ရသော ကော်ဖီဆိုင်တွင် လူများဘောလုံးပွဲကြည့်နေကြောင်း မျက်မြင်တစ်ဦး၏ ပြောကြားချက်ကို သတင်းထောက်တစ်ဦးက ကိုးကားပြီး ဖော်ပြခဲ့သည်။ ကော်ဖီဆိုင်ထဲတွင် ဖခင်နှင့်အတူ ဘောလုံးပွဲကြည့်နေသည့် ကလေးငယ် တစ်ဦးလည်း တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ကြောင်းနှင့် ၎င်းမှာ အသက် ၁၄ နှစ်သာရှိသေးကြောင်း ၎င်းသတင်းထောက်က ဖော်ပြခဲ့သည်။ **အင်န်အိတ်ချ်ကေ**

# တရုတ်နိုင်ငံတောင်ပိုင်းတွင် လူအုပ်ထဲ ကားဝင်တိုက်မှုကြောင့် ၃၅ ဦးသေဆုံးပြီး ၄၃ ဦးဒဏ်ရာရ

**ကွမ်တုံ နိုဝင်ဘာ ၁၂**

ကွမ်တုံပြည်နယ်၌ နိုဝင်ဘာ ၁၁ ရက်ညပိုင်းက လူအုပ်ထဲ ကားဝင်တိုက်မှုဖြစ်စဉ်တွင် လူ ၃၅ ဦးသေဆုံးခဲ့ပြီး ၄၃ ဦးဒဏ်ရာရရှိခဲ့ကြောင်း တရုတ်နိုင်ငံတောင်ပိုင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

အဆိုပါဖြစ်စဉ်သည် နိုဝင်ဘာ ၁၁ ရက် ဒေသစံတော်ချိန် ည ၇ နာရီ ၄၈ မိနစ်ခန့်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အသက် ၆၂ နှစ်ရှိ အမျိုးသားတစ်ဦးသည် ကျူဟိုင်းမြို့ အားကစားရုံတစ်ခုရှိ လူစုလူဝေးထဲသို့ ကားဖြင့် မောင်းဝင်ခဲ့ပြီး တစ်ယောက်ပြီးတစ်ယောက် ပြင်းပြင်းထန်ထန်တိုက်ခဲ့သည်။ အခင်းဖြစ်ပွားရာနေရာ၌ ယာဉ်မောင်းကို ချက်ချင်းထိန်းသိမ်းနိုင်ခဲ့သည်။ အဆိုပါအမျိုးသားသည် အခင်းဖြစ်ပွားရာနေရာ၌ မိမိကိုယ်ကိုယ်အဆုံးစီရင်ရန် ကြိုးပမ်းခဲ့ပြီး ယခုအခါ ဆေးကုသမှု ခံယူနေကြောင်း ရဲတပ်ဖွဲ့က ပြောသည်။

အဆိုပါ အမျိုးသားသည် အိမ်ထောင်ကွဲလျက်ရှိပြီး ဖန်မျိုးရိုးမှဖြစ်ကြောင်း သိရသည်။ ဒဏ်ရာရရှိသူများကို အစွမ်းကုန်ကြိုးစားကုသရန်၊ ကျူးလွန်သူကို ဥပဒေနှင့်အညီ တင်းတင်းကျပ်ကျပ်အရေးယူရန်နှင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံမှုနှင့် လူမှုဘဝတည်ငြိမ်ရေးတို့ကို ဆောင်ရွက်ပေးရန် တရုတ်သမ္မတ ရှီကျင့်ဖျင်က လမ်းညွှန်မှာကြားထားသည်။ **ဆင်ဟွာ၊ အင်န်အိတ်ချ်ကေ**



# ၂၀၂၄ ခုနှစ်သည် အပူဆုံးနှစ်တစ်နှစ်အဖြစ် မှတ်တမ်းဝင်

**ဘာကူ နိုဝင်ဘာ ၁၂**

လစဉ် ကမ္ဘာ့ပျမ်းမျှအပူချိန်များ ဆက်တိုက်မြင့်မားလာပြီးနောက် ၂၀၂၄ ခုနှစ်သည် အပူဆုံးနှစ်အဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း ကမ္ဘာ့မိုးလေဝသအဖွဲ့၏ ထုတ်ပြန်ချက်အရ သိရသည်။

(၂၉) ကြိမ်မြောက် ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဘောင်ညီလာခံအတွင်း ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာက ပါရီသဘောတူညီချက်ရည်မှန်းချက်သည် မျှော်မှန်းထားသည့်အတိုင်းဖြစ်လာရန် မသေချာဟု ဖော်ပြခဲ့သည်။

ဇန်နဝါရီမှ စက်တင်ဘာလအထိ ကမ္ဘာ့ပျမ်းမျှမျက်နှာပြင်လေထုအပူချိန်သည် စက်မှုမတိုင်မီခေတ်ထက် ၁ ဒသမ ၅၄ ဒီဂရီဆဲလ်စီးယပ်အထိ မြင့်နေကြောင်းနှင့် ထိုသို့မြင့်နေခြင်းက အယ်လ်နီညိုဖြစ်စဉ်ကို ဖြစ်ပေါ်စေနိုင်ကြောင်း ကမ္ဘာ့မိုးလေဝသအဖွဲ့မှ အသုံးပြုသော နိုင်ငံတကာ ဒေတာခြောက်ခု၏ လေ့လာဆန်းစစ်ချက်အရ သိရသည်။

ရေခဲမြစ်များမှ ရေခဲများ အရှိန်အဟုန်ဖြင့် ဆုံးရှုံးခြင်း၊ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာခြင်းနှင့် သမုဒ္ဒရာအပူချိန်များကြောင့် ၂၀၁၅ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ ၁၀နှစ်တာကာလသည် စံချိန်တင် အပူဆုံး ၁၀နှစ်တာကာလအဖြစ် မှတ်တမ်းတင်ခဲ့သည်။ **ဆင်ဟွာ**

# (၃၂)ကြိမ်မြောက် အာဆီယံနိုင်ငံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာ့တပ်မတော်သေနတ်ပစ်အသင်း ဖိလစ်ပိုင်နိုင်ငံသို့ထွက်ခွာ

**နေပြည်တော် နိုဝင်ဘာ ၁၂**

ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပမည့် (၃၂)ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာ့တပ်မတော် သေနတ်ပစ်အသင်းသည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်မှ ဖိလစ်ပိုင်နိုင်ငံသို့လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

မြန်မာ့တပ်မတော် သေနတ်ပစ်အသင်းတွင် အသင်းခေါင်းဆောင် ဒုတိယဗိုလ်မှူးကြီး သိန်းစိုးထွန်း ဦးဆောင်၍ အုပ်ချုပ်သူ၊ နည်းပြများနှင့် သေနတ်ပစ်အားကစားသမား စုစုပေါင်း ၄၂ ဦးတို့ လိုက်ပါသွားကြသည်။

(၃၂)ကြိမ်မြောက် အာဆီယံနိုင်ငံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲကို နိုဝင်ဘာ ၁၂ ရက်မှ ၂၃ ရက်ထိ အာဆီယံနိုင်ငံ ၁၀ နိုင်ငံမှ သေနတ်ပစ်အသင်းများဖြင့် ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲတွင် မြန်မာ့တပ်မတော်မှ ရိုင်ဖယ်အသင်း၊ ကာဘိုင်အသင်း၊ စက်သေနတ်အသင်း၊ ပစ္စတို အမျိုးသားအသင်းနှင့် ပစ္စတိုအမျိုးသမီးအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

# နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး

**တာချီလိတ် နိုဝင်ဘာ ၁၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့၌ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့လျှော့ချရေး၊ သဘာဝဘေးအန္တရာယ်ကြိုတင် ကာကွယ်ရေးနှင့် လျှော့နည်းစေရေး၊ ရာသီဥတုပြောင်းလဲမှု လျှော့နည်းစေရေးအသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၁၂ ရက် နံနက် ၈ နာရီခွဲက အထက(ခွဲ) ရန်အောင်မြေကျောင်း၌ ကျင်းပသည်။



ဦးစွာ သစ်တောဦးစီးဌာန တာချီလိတ်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ထွန်း-၃ က သစ်တောနှင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ သိကောင်းစရာများ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မြို့နယ်ဦးစီးအရာရှိ ဦးရန်လင်းမောင်မောင်ဦးက သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့်လျှော့နည်းစေရေး၊ ရာသီဥတုပြောင်းလဲမှု လျှော့နည်းစေရေးသိကောင်းစရာများ ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောပြီး ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူက ပြန်လည်ဆွေးနွေးဖြေကြားသည်။

ထို့နောက် ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးက ကျောင်းသားကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ချိုမြအောင်က လက်ခံရယူခဲ့ကြောင်း သိရသည်။

**သန်းဇော်(တာချီလိတ်)**

# သာကေတမြို့နယ်၌ လူငယ်ရေးရာအသိပညာပေးဟောပြော

**ရန်ကုန် နိုဝင်ဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနက ကြီးမှူးကျင်းပသည့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက် ၉ နာရီခွဲက အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူက အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားမှူး ဒေါ်ခင်ကောင်းစံနှင့် မြန်မာ့လက်ရွေးစင်အားကစားသမားဟောင်း ဆရာမဒေါ်အေးအေးမော်တို့က လူငယ်နှင့်အားကစားခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဆောင်းနှင်းဖြူက လူငယ်နှင့်ဗလငါးတန်ဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် လည်းကောင်း၊ မြို့နယ်တိုင်းရင်းဆေးပညာဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ထက်ထက်ဝေက တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးဆိုင်ရာစောင့်ရှောက်ပေး ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြသည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းအတွက် အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းရာ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းအုပ်ဆရာမ ဒေါ်ခင်ပြုံးက လက်ခံရယူခဲ့ကြောင်း သိရသည်။ **အာကာစိုး**



# တာချီလိတ်မြို့၌ မီးခိုးမြူငွေ့ညစ်ညမ်းမှုလျှော့ချရေး အသိပညာပေးဟောပြောပွဲကျင်းပ

**တာချီလိတ် နိုဝင်ဘာ ၁၂**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက ကြီးမှူး၍ မီးခိုးမြူငွေ့ညစ်ညမ်းမှု လျှော့ချရေးအသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၁၂ ရက် နံနက် ၉ နာရီက တာချီလိတ်မြို့နယ် ဖေလေလန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။



အသိပညာပေး ဟောပြောပွဲတွင် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးချမ်းမြေ့စိုးက မီးခိုးမြူငွေ့ဖြစ်ပေါ်သည့် အဓိကအကြောင်းရင်းများ၊ မီးခိုးမြူငွေ့များတွင် ပါဝင်သော လေထုညစ်ညမ်းစေသည့် အရာများ၊ မီးခိုးမြူငွေ့များကြောင့် လေထုညစ်ညမ်း၍ ဖြစ်ပွားစေနိုင်သော ဆိုးကျိုးများနှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှုလျှော့ချရေး လုပ်ငန်းစဉ်များကို အသိပညာပေး ဟောပြောပြီး လေထုထဲတွင်ပါဝင်သော PM 2.5 အကြောင်း အသိပညာပေးဗီဒီယိုကို ပြသကာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဇီးကုန်းတိုက်နယ်အတွင်း ကျေးရွာအချို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မီးရှို့ဖျက်ဆီးမှုကြောင့် နေအိမ်များ မီးလောင်ဆုံးရှုံးသွားကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသား ဖြန့်ဝေလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ဇီးကုန်းတိုက်နယ်အတွင်းရှိ ကျောင်းကုန်း၊ ဖိုလ်ကုန်းနှင့် သပြေသာရွာတို့ကို နိုဝင်ဘာ ၉ ရက်နှင့် ၁၀ ရက်တို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးမှုကြောင့် နေအိမ်များ မီးလောင်ဆုံးရှုံးသွားကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် သတင်းတု၊ သတင်းအမှားများ ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ နယ်မြေခံလုံခြုံရေးတာဝန်ရှိသူ တစ်ဦး၏ ပြောကြားချက်အရ အဆိုပါရက်များတွင် ၎င်းကျေးရွာအနီး၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သော နယ်မြေလုံခြုံရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့သော်လည်း ကျေးရွာများ မီးရှို့ဖျက်ဆီးမှုမရှိကြောင်း၊ အကြမ်းဖက်သမားများသည် **“ငါနဲ့မတူ ငါ့ရန်သူ”** ဟူ၍ အယူဝါဒဖြင့် ၎င်းတို့အား ထောက်ခံအားပေးမှုမရှိသည့် ရပ်ကွက်/ကျေးရွာများအား မီးရှို့ဖျက်ဆီးခြင်းများ ကျူးလွန်လျက်ရှိပြီး ယင်းတို့၏ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများက အထင်အမြင်လွဲမှားစေရန်အတွက် တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် သတင်းများကို လုပ်ကြံရေးသားပြီး လူမှုကွန်ရက်တွင် ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။




**သတင်းစဉ်**

# မြန်မာ့လက်ရွေးစင်အသင်း စင်ကာပူအသင်းနှင့် ခြေစမ်းပွဲကစားမည်

**နေပြည်တော် နိုဝင်ဘာ ၁၂**

မြန်မာ့လက်ရွေးစင်အသင်းသည် နိုဝင်ဘာ နိုင်ငံတကာရက်သတ္တပတ်တွင် စင်ကာပူလက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲကစားရန် ကစားသမား ၂၅ ဦး ခေါ်ဆောင်သွားသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ယင်းခြေစမ်းပွဲအတွက် ပဏာမကစားသမား ၃၀ ကျော်ဖြင့် နိုဝင်ဘာ ၄ ရက်ကတည်းက စခန်းဝင်လေ့ကျင့်ခဲ့ပြီး စင်ကာပူအသင်းနှင့် အဝေးကွင်းခြေစမ်းပွဲအတွက် ကစားသမား ၂၅ ဦး ခေါ်ဆောင်သွားခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်း သည် နိုဝင်ဘာ နိုင်ငံတကာရက်သတ္တပတ် တွင် ပထမခြေစမ်းပွဲအဖြစ် နိုဝင်ဘာ ၁၄ ရက် မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် စင်ကာပူ လက်ရွေးစင်အသင်းနှင့် စင်ကာပူနိုင်ငံရှိ အမျိုးသားအားကစားကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် နိုဝင်ဘာ ၁၉ ရက်တွင် လက်ဘနွန်လက်ရွေးစင်အသင်းနှင့် ရန်ကုန်မြို့၌ ခြေစမ်းပွဲကစားမည်ဖြစ်သည်။ **ရဲရင့်လွင်**

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# ကယားပြည်နယ်အစိုးရအဖွဲ့က ရေကြီးနစ်မြုပ်၍ လယ်ယာများပျက်စီးခဲ့သည့် တောင်သူများအား နေကြာမျိုးစေ့နှင့် ယူရီးယားဓာတ်မြေဩဇာများ ထောက်ပံ့

**လွိုင်ကော် နိုဝင်ဘာ ၁၂**

ကယားပြည်နယ် အစိုးရအဖွဲ့က ရေကြီးနစ်မြုပ်၍ သီးနှံပျက်စီး ဆုံးရှုံးမှုများအတွက် အစားထိုး ပြန်လည်စိုက်ပျိုးမည့် တောင်သူများနှင့် ဆောင်းသီးနှံစိုက်ပျိုးမည့် တောင်သူများအား နေကြာမျိုးစေ့များ အခမဲ့ထောက်ပံ့ခြင်းနှင့် ယူရီးယား ဓာတ်မြေဩဇာများ သက်သာသော နှုန်းထားဖြင့် ရောင်းချပေးအပ်ခြင်း အခမ်းအနားကို ယနေ့ နံနက်က လွိုင်ကော်မြို့ မြို့နယ်ခန်းမ၌ ကျင်းပရာ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် လွိုင်ကော်နှင့် ဒီးမော့ဆိုမြို့နယ်အတွင်းရှိ တောင်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အစိုးရအဖွဲ့က ရေကြီးနစ်မြုပ်ခဲ့သည့် စိုက်ကွင်းများတွင် အစားထိုး ပြန်လည်စိုက်ပျိုးနိုင်ရန်၊ ဆောင်းသီးနှံများ ပိုမိုတိုးချဲ့ စိုက်ပျိုးနိုင်ရန် ရည်ရွယ်၍ ယခုကဲ့သို့ ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း၊ ပန်းတိုင်အထွက်နှုန်းရရှိစေရန် တောင်သူများအနေဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့်လည်း တောင်သူများလိုအပ်သည့် နည်းပညာမျှဝေဆောင်ရွက်ပေးခြင်း၊ လက်တွေ့ပြသ ဆောင်ရွက်ပေးခြင်း၊ တောင်သူများ ကိုယ်တိုင် လက်တွေ့လိုက်နာ ကျင့်သုံးကြစေရန် ကူညီပံ့ပိုးဆောင်ရွက်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးသန်းလှိုင်က သီးထပ်စိုက်ပျိုးရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက နေကြာမျိုးစေ့ အခမဲ့ထောက်ပံ့ခြင်းနှင့် သက်သာသောနှုန်းဖြင့် ယူရီးယား ဓာတ်မြေဩဇာများ ရောင်းချပေးအပ်ခဲ့သည်။

ယခု အခမ်းအနားတွင် လွိုင်ကော်မြို့ မထောချူ၊ မှုံပြာ၊ ဒေါပေါ်ကလဲ၊ လောပိတ၊ နိုးကိုး၊ နွားလဝိုး၊ မြို့မ၊ လောခလေး ကျေးရွာအုပ်စုများရှိ တောင်သူများနှင့် ဒီးမော့ဆိုမြို့နယ် ဘုရားဖြူ၊ အိုကော၊ ဆင်တောင်၊ စံပြ(၆)မိုင်၊ ဒေါဘူးကူးကျေးရွာအုပ်စုများရှိ တောင်သူများသို့ နေကြာပုံမှန်



သီးထပ်စိုက်ပျိုးရန် စိုက်ဧက ၂၅၀၀၊ အစားထိုးစိုက်ပျိုးမည့်ဧက ၂၀၀၀ စုစုပေါင်းစိုက်ဧက ၄၅၀၀ အတွက် နေကြာမျိုးစေ့ထုပ် ၄၅၀၀ အခမဲ့ထောက်ပံ့ခြင်းနှင့် သက်သာသောနှုန်းဖြင့် ယူရီးယား ဓာတ်မြေဩဇာအိတ် ၁၅၀ အား ရောင်းချပေးအပ်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



❊ *ကျောဖုံးမှ*

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် ဇနီး၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ဇနီး ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများက ဆက်ကပ်ပူဇော်ကြပြီး စိန်နားပန်မီးပုံးပျံ တစ်လုံး လွှတ်တင်ပူဇော်ကြသည်။

ဆက်လက်၍ ၂၀၂၄ ခုနှစ် တောင်ကြီးတန်ဆောင်တိုင်ပွဲတော်ကို တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော်ကျင်းပရေး ကော်မတီနာယက ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးသန်းဦးလွင်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က တောင်ကြီးမြို့တန်ဆောင်တိုင်ပွဲတော်ကို ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၁၁ ရက်မှ ၁၇ ရက်အထိ ခုနစ်ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ပြီး ပွဲတော်ကာလအတွင်း မြို့လုံးကျွတ်ဘုံကထိန်ပဒေသာပင်လှည့်လည်ပွဲ၊ မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲ၊ မီးပဒေသာပင်လှည့်လည်ပူဇော်ပွဲ၊ နေ့လွှတ် မီးပုံးပျံပြိုင်ပွဲခြေနှစ်ချောင်း ၁၄၇ လုံး၊ ခြေလေးချောင်း အလုံး ၄၀၊ အရုပ်အုပ်စု ၂၂ လုံး၊ ယမ်းမီးကြီးညလွှတ်မီးပုံးပျံ ၂၆ လုံး၊ စိန်နားပန် ၂၄ လုံး မီးပုံးပျံပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်ကြောင်း၊ ရှမ်းပြည်နယ်၏ အထင်ကရတောင်ကြီးတန်ဆောင်တိုင်ပွဲတော်ကြီးသည် တိုင်းရင်းသားလူမျိုးစုအားလုံး၏ စည်းလုံးညီညွတ်မှုကို အခြေခံသည့်ပွဲတော်ကြီးတစ်ခုဖြစ်ပါကြောင်း၊ တောင်ကြီးတန်ဆောင်တိုင်ပွဲတော်ကြီးကို တိုင်းရင်းသားလူမျိုးစု ညီအစ်ကိုမောင်နှမများ အားလုံးစည်းကမ်းတကျနှင့် စည်းလုံးညီညွတ်စွာ ပူးပေါင်းပါဝင်ဆင်နွှဲကြခြင်းဖြင့် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာအမွေအနှစ်များကို ရေရှည်တည်တံ့ခိုင်မြဲစေရေး ပိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရန် တိုက်တွန်းပြောကြားသွားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က တန်ဆောင်တိုင်ပွဲတော်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး စိန်နားပန်မီးပုံးပျံတစ်လုံး လွှတ်တင်ပေးသည်။ ထို့နောက် တိုင်းရင်းသား တိုင်းရင်းသူများက မီးပုံးပျံအလတ်အလုံး ၅၀၊ ကျောင်းသား ကျောင်းသူ ၁၀၀၀ က မီးပုံးပျံအသေး အလုံး ၃၀၀ လွှတ်တင်ပေး၍ မီးရှူး၊ မီးပန်းပစ်ဖောက်ကြသည်။

အဆိုပါ ၂၀၂၄ ခုနှစ် တောင်ကြီးတန်ဆောင်တိုင်ပွဲတော်တွင် ညမီးကြီး ၂၂ ပေ ၂၆ လုံး၊ စိန်နားပန် ၁၈ ပေ ၂၀ လုံး စုစုပေါင်း ၄၇ လုံး၊ နေ့လွှတ်အရုပ်မီးပုံးပျံ အရုပ်ခြေနှစ်ချောင်း ၁၄၇ လုံး၊ အရုပ်ခြေလေးချောင်း အလုံး ၄၀၊ အရုပ်အုပ်စု ၂၂ လုံး စုစုပေါင်း ၂၀၈ လုံး ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ညလွှတ်မီးပုံးပျံကို နေ့ရက်အလိုက်ညနေ ၆ နာရီမှ ပွဲစဉ်ပြီးဆုံးသည်အထိ လွှတ်တင်သွားမည်ဖြစ်ပြီး နေ့လွှတ်အရုပ်ပြိုင်ပွဲကို မွန်းတည့်၁၂ နာရီမှ ညနေ ၄ နာရီအထိ နေ့ရက်အလိုက် လွှတ်တင်သွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်သန်း (တောင်ကြီး)**

**ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။**
**ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။**

# သာစည် - မန္တလေး ရထားလမ်းပိုင်း၌ လူစီးရထား စတင်ပြေးဆွဲ

**နေပြည်တော် နိုဝင်ဘာ ၁၂**

မြန်မာ့မီးရထားအနေဖြင့် ပြည်သူများ ခရီးသွားလာမှု လွယ်ကူအဆင်ပြေချောမွေ့စေရေးအတွက် ရထားလမ်းပိုင်းများတွင် လူစီးရထားများပြေးဆွဲဆောင်ရွက်ပေးလျက်ရှိရာ သာစည် - မန္တလေး ခရီးစဉ်အမှတ်(သ-၃၀၁) အဆန်နှင့် မန္တလေး - သာစည်ခရီးစဉ်အမှတ်(သ-၃၀၂) အစုန် RBE လူစီးရထားများကို နိုဝင်ဘာ ၁၁ ရက်မှ စတင်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ အမှတ် (သ-၃၀၁) အဆန် သာစည် - မန္တလေး RBE ရထားသည် သာစည်ဘူတာမှ နံနက် ၅ နာရီခွဲတွင် စတင်ထွက်ခွာ၍ မန္တလေးဘူတာသို့ နံနက် ၉ နာရီခွဲတွင် ဆိုက်ရောက်မည်ဖြစ်ကြောင်းနှင့် အမှတ်(သ-၃၀၂)အစုန် မန္တလေး - သာစည် RBEရထားသည်မန္တလေးဘူတာမှ ညနေ ၃ နာရီတွင် ပြန်လည်ထွက်ခွာ၍ သာစည်ဘူတာသို့ ည ၇ နာရီတွင် ဆိုက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

လမ်းခရီးတွင် ဘူတာစဉ်ရပ်တန့် ပေးသွားမည်ဖြစ်ပြီး အဆိုပါ RBE ရထားတွဲဆိုင်းတွင် ခရီးသည် ရပ်စီး/ထိုင်စီး စုစုပေါင်း ၁၀၀ စီးနင်းလိုက်ပါနိုင်ကာ ခရီးသွားလက်မှတ်ခအား ခရီးစဉ်အစမှ အဆုံးထိ တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ နှင့် ခရီးတစ်ဝက်လိုက်ပါစီးနင်းပါက ငွေကျပ် ၂၅၀၀ နှုန်းဖြင့် ပြေးဆွဲပေးသွားမည်ဖြစ်သည်။

မြန်မာ့မီးရထား အနေဖြင့် လက်ရှိ ပြေးဆွဲပေးလျက်ရှိသော ရထားခရီးစဉ်များတွင် ခရီးသည်စီးနင်းမှု များပြားလာသည်နှင့်အမျှ ရထားတွဲဆိုင်းများ ပိုမိုချိတ်ဆက်ခြင်း၊ ရထားစင်းရေတိုးမြှင့်ပြေးဆွဲခြင်းအစီအစဉ်များကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ခရီးသွားမိဘပြည်သူများအနေဖြင့် လုံခြုံစိတ်ချစွာ လိုက်ပါစီးနင်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျိုက်ထိုမြို့အ.ထ.က(ဇေယျာမွန်)၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းပြုလုပ်

**ကျိုက်ထို နိုဝင်ဘာ ၁၂**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် အခြေခံပညာအထက်တန်းကျောင်း (ဇေယျာမွန်)၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် လူငယ်/လူရွယ်များ ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်စကားဝိုင်းကို ယနေ့ နံနက်က ကျင်းပသည်။

ဦးစွာ အ.ထ.က(ဇေယျာမွန်)မှ တာဝန်ခံကျောင်းအုပ်ဆရာမကြီး ဒေါ်မိစံပယ်ဝင်းနှင့် စာပေချစ်သူများအသင်း (Book Club)အဖွဲ့မှ အဖွဲ့ဝင် ဦးတင်ထွေးတို့က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းမော်က လူငယ်စကားဝိုင်းပြုလုပ်ပေးရသည့် ရည်ရွယ်ချက်ကို ပြောကြားသည်။

ဆက်လက်၍ စကားဝိုင်းကိုကျင်းပရာ အ.ထ.က (ဇေယျာမွန်)မှ Grade – 11 ကျောင်းသူ မခိုင်သဇင်စိုး၊ Grade– 10 ကျောင်းသူမမေမြတ်နိုးဇင်၊ မချောပိုထွေး၊ Grade–9 ကျောင်းသူ မသင်းပျံ့ဝတီတို့က ပျိုးထောင်စရာလက္ခဏာများ၊ တိုးတက်အောင်မြင်ခြင်း၊ လူငယ်နှင့် ရှက်စိတ်၊ ဖွဲ့စိတ် စသည့်ခေါင်းစဉ်တို့ဖြင့် ၎င်းတို့ဖတ်ရှုလေ့လာထားသည့် စာရေးသူ၏ ဆိုလိုရင်းနှင့် ၎င်းတို့၏အတွေ့အကြုံများ၊ အတွေးအခေါ်များကို ကျယ်ကျယ်ပြန့်ပြန့် မျှဝေဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကျိုက်ထို (ပြန်/ဆက်)**

◆ *ကျောဖုံးမှ*

နှစ်ဂိုးစီသရေကျခဲ့သည်။ Junior Lions အသင်းသည် ယခုနိုင်ပွဲကြောင့် ဒုတိယနေရာအတွက် မျှော်လင့်ချက်ရှိလာပြီး အား/ကာသိပ္ပံအသင်းကို ဖိအားပေးနိုင်ခဲ့သည်။ Junior Lions အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ၈၂ မိနစ်တွင် သော်ဇင်ကိုက သွင်းယူသည်။ ဇယားထိပ်ပိုင်းတွင် ရပ်တည်နေသည့် ဒဂုံစတား အသင်းမှာလည်း အမှတ်ပြည့်ရယူနိုင်ခဲ့ပြီး အနိုင်ဂိုးများကို ၉ မိနစ်တွင် မြဝတီအသင်းမှ ဝင်းလွင်ဦး ကိုယ့်ဂိုးကိုယ်သွင်းမိရာမှ ဦးဆောင်ဂိုးရခဲ့ပြီး ကျန်ဂိုးများကို မိနစ် ၅၀ တွင် ဆုမင်းအောင်နှင့် ၉၀+၄ မိနစ်တွင် ဟန်မျိုးဇင်တို့က သွင်းယူခဲ့သည်။ ရတနာပုံအသင်းနှင့် ရောဝတီယူနိုက်တက်အသင်း အပြန်အလှန်သွင်းဂိုးများဖြင့် သရေကျခဲ့သည်။ ရတနာပုံအသင်းအတွက် ၇ မိနစ်တွင် ရာဇာထွန်းနှင့် ၃၁ မိနစ်တွင် ကောင်းခန့်ဇော်တို့က ဦးဆောင်ဂိုးများ သွင်းယူသော်လည်း ၇၇ မိနစ်တွင် ဇင်မင်းရှိုင်းနှင့် ၉၀+၂ မိနစ်တွင် ဝိုင်းထက်ပိုင်တို့က ရောဝတီအသင်းအတွက် ချေပဂိုးများ ပြန်သွင်းခဲ့သည်။

ပွဲစဉ် (၂၃) ဒုတိယနေ့ကို နိုဝင်ဘာ ၁၃ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ပဒုမ္မာကွင်း၌ ရန်ကုန်ယူနိုက်တက်နှင့် သစ္စာအားမာန်၊ တောင်ဒဂုံကွင်း၌ Dagon Port နှင့် ရခိုင်ယူနိုက်တက်၊ စလင်းကွင်း၌ အား/ကာသိပ္ပံနှင့် မဟာယူနိုက်တက်ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ရဲရင့်လွင်၊ ဓာတ်ပုံ–MNL**

# မင်္ဂလာပါ... ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်

**ယနေ့ မျက်မှောက်ကာလတွင် ကျင်းပသည့် ပြည်တွင်း၊ ပြည်ပအားကစားပြိုင်ပွဲများသည် ပြိုင်ပွဲကျင်းပရုံ၊ ဝင်ရောက်ယှဉ်ပြိုင်ရုံ အားကစားကဏ္ဍသက်သက်မျှသာ မဟုတ်တော့။ နိုင်ငံတစ်နိုင်ငံ၏ ဂုဏ်သိက္ခာအဆင့်အတန်းနှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ကမ္ဘာ့အလယ်တွင် ဂုဏ်ယူဝင့်ထည်စေခြင်း၊ တိုင်းချစ်ပြည်ချစ်စိတ်များနှင့် အမျိုးသားရေးစရိုက်လက္ခဏာများကို နိုးကြားတက်ကြွစေခြင်း စသည့်ဝိသေသလက္ခဏာသဘောများ ပါဝင်လာသည်။**



ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်အကြို ကရင်ပြည်နယ် အမျိုးသား အမျိုးသမီး မီနီမာရသွန်ပြိုင်ပွဲ စတင်ဖွင့်လှစ်စဉ်။

၂၀၀၁ ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့၊ ည ၉ နာရီ ၅၅ မိနစ်။ နိုင်ငံတကာအိုလံပစ်ကော်မတီဥက္ကဋ္ဌ Juan Antonio Samaransh က မော်စကိုမြို့တော်တွင် ၂၀၀၈ ခုနှစ်နွေရာသီအိုလံပစ်အားကစားပွဲတော်ကို ကျင်းပခွင့်ရရှိသည့်မြို့ကို "BEIJING"ဟု ကြေညာလိုက်သည့် တစ်ခဏအတွင်းမှာပင် ရုပ်မြင်သံကြားရှေ့တွင် မျှော်လင့်စောင့်စားနေကြသော တရုတ်ပြည်သူအပေါင်းသည် ခုန်ပေါက်မြူးတူး နှစ်ထောင်းအားရဖြင့် တစ်ခဲနက် ကောင်းချီးသြဘာပေးခဲ့ကြသည်။ တရုတ်နိုင်ငံ တစ်နိုင်ငံလုံးရှိ မြို့ရွာအသီးသီးတို့တွင်လည်း လူအများစုဝေးကာ သီချင်းတွေဆိုကြ ကကြ၊ ကားဟွန်းများ အဆက်မပြတ် တီးကြဖြင့် တစ်နိုင်ငံလုံး အုတ်အုတ်ကျက်ကျက်၊ ခြိမ့်ခြိမ့်ညံ အောင်ပွဲခံခဲ့ကြသည်။

ထျန်းအန်းမင်ရင်ပြင်တွင် စုဝေးအောင်ပွဲခံရန် မျှော်လင့်စောင့်စားနေကြသည့် ခန့်မှန်းခြေ လေးသိန်းမျှရှိသော ပေကျင်းမြို့တော်သူ မြို့တော်သားအပေါင်းကလည်း ဗဟိုရုပ်သံဌာနက မော်စကိုမှ တိုက်ရိုက်ထုတ်လွှင့်နေမှုကို ကြီးမားသော ရုပ်သံဆိုင်းဘုတ်မြင်ကွင်းပေါ်မှတစ်ဆင့် စောင့်မျှော်ကြည့်ရှုရင်း အနီရောင်စာလုံးဖြင့် **"ငါတို့နိုင်ပြီ"** ဟူသည့် သတင်းစာသားတစ်ကြောင်းကို မြင်တွေ့လိုက်ရသည့် တစ်ခဏမှာပင် နိုင်ငံတော်အလံများ ဝှေ့ယမ်း၍ ကြီးကျယ်ခမ်းနားစွာ အောင်ပွဲခံခဲ့ကြသည်။ မြို့တော်တစ်ခွင်လုံး မီးရှူးမီးပန်းများ ပစ်ဖောက်ကာ အပျော်ကြီး ပျော်ခဲ့ကြသည်။ ပေကျင်း၏ အဓိကလမ်းမကြီးပေါ်ရှိ မော်တော်ကားများမှ ဟွန်းသံများကလည်း အဆက်မပြတ် ထွက်ပေါ်လာသည်။

၁၉၉၃ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် နွေရာသီအိုလံပစ်ပွဲတော်ကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပနိုင်ရန် ဩစတြေးလျနှင့် အပြိုင်လျှောက်ထားခဲ့ဖူးသည်။ ထိုစဉ်က နှစ်မဲအကွာဖြင့် ကပ်ရှုံးသွားခဲ့ရာ တရုတ်အဆင့်မြင့်ခေါင်းဆောင်ကြီးများနှင့် ပြည်သူများက ထိုရှုံးနိမ့်မှုအပေါ် တရုတ်နိုင်ငံ၏ အမျိုးသားရေးဂုဏ်သိက္ခာကို ထိခိုက်စေသည်ဟု မှတ်ယူခဲ့ကြသည်။ သို့ဖြင့် ယခု ဒုတိယအကြိမ် ထပ်မံအားထုတ်ကြိုးစားမှုမှာ အောင်မြင်ပေါက်ရောက်ခဲ့၍ တရုတ်တစ်နိုင်ငံလုံး ဂုဏ်ယူဝင့်ကြွားစွာ အပျော်ကြီးပျော်ခဲ့ကြခြင်း ဖြစ်သည်။

တရုတ်အစိုးရကလည်း ၂၀၀၈ ခုနှစ် နွေရာသီအိုလံပစ်ပွဲတော်ကို ပေကျင်း၌ ကျင်းပခွင့်ရသည်နှင့် တရုတ်ပြည်သည် ကမ္ဘာ့အင်အားကြီးနိုင်ငံဖြစ်ကြောင်း ကမ္ဘာသိ ထင်ဟပ်ပြသနိုင်ရန် ခုနစ်နှစ်တာကာလအတွင်း အမေရိကန်ဒေါ်လာဘီလီယံ ၃၀ အကုန်အကျခံကာ ကြိုတင်ပြင်ဆင်ဆောင်ရွက်ခဲ့သည်။

ထို့အတူ ၂၀၀၈ ခုနှစ် ပေကျင်းနွေရာသီအိုလံပစ်ပွဲတော်ကိုလည်း မေလ ၁၂ ရက်နေ့က တရုတ်နိုင်ငံအနောက်တောင်ပိုင်းဒေသတွင် တရုတ်နိုင်ငံသမိုင်း၌ ဖျက်ဆီးမှုစွမ်းအား အပြင်းထန်ဆုံး ရစ်ချ်တာစကေးအဆင့် ၈ ရှိသဘာဝဘေးအန္တရာယ်မြေငလျင်ကြီးတစ်ခုနှင့် ကြုံတွေ့ခဲ့သည့်ကြားမှ ဩဂုတ် ၈ ရက်မှ ၂၄ ရက်အထိ သတ်မှတ်ကာလအတွင်း အောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့သည်။

ပေကျင်း နွေရာသီအိုလံပစ်ပွဲတော်နှင့်အတူ **"ကမ္ဘာတစ်ခု၊ အိပ်မက်တစ်ခု"**ဆိုသည့် ကြွေးကြော်သံကလည်း ကမ္ဘာကြီးတစ်ခုလုံးတွင် ခေတ်စားသွားသကဲ့သို့ **"ပေကျင်းက သင့်ကို ကြိုဆိုပါတယ်"** ဟူသည့် တေးသီချင်းကလည်း ကမ္ဘာတစ်ခွင်ပဲ့တင်ရိုက်ခတ်သွားခဲ့သည်။

ထိုစဉ်က အမေရိကန်သမ္မတဘုရှ်က **"ပေကျင်းအိုလံပစ်ပွဲတော်ဟာ သူကြိုတင်မျှော်မှန်းထားတာထက် ကျော်လွန်သွားခဲ့တယ်။ အလွန်အားမာန်တက်ကြွစေတဲ့ ကိုယ်တွေ့ဖြစ်ရပ်ကို သူဘယ်တော့မှ မေ့မှာမဟုတ်ဘူး"**ဟူ၍ပင် ထုတ်ဖော်ပြောကြားသွားခဲ့သည်။ နိုင်ငံတကာအိုလံပစ်ကော်မတီဥက္ကဋ္ဌ Jacques Rogge ကလည်း **"ဒါဟာ တကယ့်ပြိုင်ဘက်ကင်း အိုလံပစ်ပွဲတော်တစ်ရပ်ဖြစ်တယ်။ ထွန်းလင်းတောက်ပခဲ့တဲ့ ဒီ ၁၆ ရက်ဟာ ကျွန်တော့်ရဲ့ နှလုံးသားထဲက ဘယ်တော့မှ ပျောက်ကွယ်သွားမှာ မဟုတ်ပါဘူး"**ဟု ဆိုသည်။

၁၉၆၉ ခုနှစ်နောက်ပိုင်း ၄၄ နှစ်ကြာမှ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် တစ်ကျော့ပြန် လက်ခံကျင်းပနိုင်ခဲ့သည့် ၂၀၁၃ ခုနှစ် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲမှာလည်း မြန်မာ့နွေဦး ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများနှင့်အတူ မြန်မာနိုင်ငံ၏ပုံရိပ်ကို နိုင်ငံတကာတွင် မြှင့်တင်ပေးစေနိုင်ခဲ့သည်။ တစ်ချိန်က ဒေသတွင်းသာမက အာရှအဆင့်အထိ အောင်မြင်မှုရရှိခဲ့ဖူးသည့် မြန်မာတို့၏ ရွှေခေတ်အားကစားသမိုင်းကိုလည်း ပြန်ပြောင်းအမှတ်ရစေသည်။ ဖွင့်ပွဲ ပိတ်ပွဲအခမ်းအနားများကလည်း အခြားဒေသတွင်း နိုင်ငံများက လက်ခံကျင်းပခဲ့သည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများထက်ပင် ကြီးကျယ်ခမ်းနားခဲ့သည်ဟု ပြည်တွင်း ပြည်ပ လေ့လာသူများက မှတ်ချက်ပြုလောက်အောင်ပင် အောင်မြင်မှုဂုဏ်သတင်းကြီးမားခဲ့သည်။

သို့ဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်တွင် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးကို နိုင်ငံတော်အဆင့် ခမ်းနားထည်ဝါစွာ ပြန်လည်ကျင်းပရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

❖ **ကျင်းပပြီးစီးခဲ့သော အမျိုးသားအားကစားပွဲတော်များသည် နိုင်ငံတော်အဆင့်ဖြစ်သည်နှင့်အညီ ဖွင့်ပွဲ၊ ပိတ်ပွဲမှသည် အစ၊ အလယ်၊ အဆုံး ခမ်းနားထည်ဝါစွာ စနစ်တကျကျင်းပနိုင်ခဲ့၍ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် ပြိုင်ပွဲဝင်အားကစားသမားများသာမက ပွဲတော်တွင် ပါဝင်ဆင်နွှဲခဲ့ကြသူများ၊ တစ်နိုင်ငံလုံးမှ ကြည့်ရှုအားပေးခဲ့ကြသော အားကစားဝါသနာရှင် ပရိသတ်များအတွက်ပါ အမှတ်တရ မေ့မရနိုင်သည့်ပွဲတော်ဖြစ်ခဲ့**

❖ **မကြာမီကျင်းပတော့မည့် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးသည် နိုင်ငံတော်၏ အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားရေး၊ နိုင်ငံတကာပြိုင်ပွဲများတွင် အားကစားအဆင့်အတန်းမြင့်မားရေးနှင့် အောင်မြင်မှုရှိစွာ ယှဉ်ပြိုင်နိုင်ရေး၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများနှင့် အလားအလာရှိသည့် လူငယ်မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရေး ဟူသည့် အားကစားရည်မှန်းချက်များအတွက်သာမက နိုင်ငံတော်၏ဂုဏ်သိက္ခာနှင့် နိုင်ငံသားတို့၏ မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ရှိမှု၊ စည်းလုံးညီညွတ်မှု၊ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှုများနှင့် တည်ငြိမ်အေးချမ်းမှုများကို ကမ္ဘာ့အလယ်တွင် ဖော်ထုတ်ပြသနိုင်မည့် အခွင့်အလမ်းများကိုပါ ရယူစွမ်းဆောင်ပေးနိုင်လိမ့်မည်ဟု ယုံကြည်မျှော်လင့်**

## အားကစားပရိသတ်တစ်ဦး

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက **"အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ခြင်းသည် မိမိတို့နိုင်ငံနှင့် လူမျိုးဂုဏ်ကို မြှင့်တင်ပေးခြင်းဖြစ်ပြီး တိုင်းချစ်ပြည်ချစ်စိတ်များနှင့် အမျိုးသားရေးစိတ်ဓာတ်များ နိုးကြားတက်ကြွစေနိုင်သည့်အတွက် မိမိတို့နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်တွင် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ခမ်းခမ်းနားနားနှင့် အဓိပ္ပာယ်ရှိရှိကျင်းပရန် ရည်ရွယ်ထားကြောင်း"** အောက်တိုဘာ ၃၁ ရက်က ကျင်းပခဲ့သည့် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ကျင်းပရေးဦးစီးကော်မတီ စတုတ္ထအကြိမ် အစည်းအဝေးတွင် ပြောကြားခဲ့သည်။

တစ်ဆက်တည်းမှာပင် **"ယခု ကျင်းပမည့် အမျိုးသားအားကစားပွဲတော်ကြီးကို အားကစားပြိုင်ပွဲအဖြစ်သာ မရှုမြင်ဘဲ နိုင်ငံတော်အဆင့် အဓိပ္ပာယ်ရှိရှိ၊ အရည်အသွေးမြင့်မြင့်နှင့် စနစ်တကျ အောင်မြင်အောင် ဆောင်ရွက်သွားကြရမည့် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်သည်ဟု မှတ်ယူဆောင်ရွက်ကြရန်လိုကြောင်း"**နှင့် **"ယခုကျင်းပမည့် အမျိုးသားအားကစားပြိုင်ပွဲကြီးသည် မိမိတို့အားလုံး၏ မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ရှိမှု၊ စည်းလုံးညီညွတ်မှု၊ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှုများနှင့် တည်ငြိမ်အေးချမ်းမှုများကို ဖော်ထုတ်ပြသနိုင်မည့် အခွင့်အလမ်းတစ်ခုလည်းဖြစ်ကြောင်း"** ထည့်သွင်းပြောကြားသွားသည်။

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို ၂၀၁၅ ခုနှစ် စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော်နောက်ပိုင်း ၁၀ နှစ်နီးပါးအကြာတွင် ပြန်လည်ကျင်းပနိုင်ခဲ့ခြင်းဖြစ်သည်။ ကျင်းပပြီးစီးခဲ့သော အမျိုးသားအားကစားပွဲတော်များသည် နိုင်ငံတော်အဆင့်ဖြစ်သည်နှင့်အညီ ဖွင့်ပွဲ၊ ပိတ်ပွဲမှသည် အစ၊ အလယ်၊ အဆုံး ခမ်းနားထည်ဝါစွာ စနစ်တကျ ကျင်းပနိုင်ခဲ့၍ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် ပြိုင်ပွဲဝင်အားကစားသမားများသာမက ပွဲတော်တွင် ပါဝင်ဆင်နွှဲခဲ့ကြသူများ၊ တစ်နိုင်ငံလုံးမှ ကြည့်ရှုအားပေးခဲ့ကြသော အားကစားဝါသနာရှင် ပရိသတ်များအတွက်ပါ အမှတ်တရ မေ့မရနိုင်သည့် ပွဲတော်ဖြစ်ခဲ့သည်။

၂၀၁၇ ခုနှစ်က လူမှုကွန်ရက်စာမျက်နှာထက်တွင် ၁၉၈၄ ခုနှစ် ဒုတိယအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲပုံရိပ်မှတ်တမ်းဓာတ်ပုံများကို အမှတ်တရပြန်လည်တင်ပြခဲ့ရာ **"ပျော်စရာကောင်းပြီး နိုင်ငံဂုဏ်ဆောင် အားကစားသမားပေါင်းမြောက်မြားစွာ မွေးထုတ်ပေးခဲ့တဲ့ ပွဲတော်ကြီးပါ"**၊ "သတိရတယ်၊ ချီတက်အလေးပြုတာရော၊ ပြိုင်ပွဲဝင်ခဲ့တာရော၊ ၁၉၈၄ က စီမံ/စီးပွားကနေကိုယ်စားပြုယှဉ်ပြိုင်ခဲ့တာအမှတ်ရတယ်"၊ "အဲဒီလို ပွဲတွေများများလုပ်ပေးမှ ဘောလုံးလောက တိုးတက်လာမှာ"၊ "တတိယအကြိမ် ပုံရိပ်လေးတွေတင်ပေးပါဦး၊ ချီတက်အလေးပြုပြိုင်ပွဲဝင်ခဲ့တာတွေ၊ ၁၉၈၇ က ကရင်ပြည်နယ် ကိုယ်စားပြုယှဉ်ပြိုင်ခဲ့တာ အမှတ်ရမိသေးတယ်"၊ "တတိယအကြိမ် အမျိုးသားအားကစားပွဲတော်ကို သတိရတယ်"၊ "ကိုယ်တွေက စတုတ္ထအကြိမ်မှာ ပါဝင်ခွင့်ရခဲ့တယ်၊ အမှတ်ရစရာလေးပါပဲ"၊ "ဝိုး ... အဲဒီတုန်းက အမျိုးသားအားကစားပွဲတော်ဟာ တကယ်ကြီးကျယ်ခမ်းနားခဲ့တာပဲ"၊

*စာမျက်နှာ ၁၇ သို့*

## ပေါင်မြို့နယ်၌ မီးခိုး၊ မြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး

**ပေါင် နိုဝင်ဘာ ၁၂**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ သထုံခရိုင် သစ်တောဦးစီးဌာနက ဦးဆောင်၍ မီးခိုး၊ မြူငွေ့လျှော့ချရေး၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် လျှော့နည်းစေရေး အသိပညာပေး ဟောပြောပွဲကို နိုဝင်ဘာ ၁၁ ရက်က (အထက) ပေါင် ရွှေရတုခန်းမ၌ ပြုလုပ်သည်။



ဦးစွာ ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဇော်ထူးက ရာသီဥတုပြောင်းလဲမှု လျှော့ချရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာခေါင်းစဉ်ဖြင့် ကျောင်းသားကျောင်းသူများကို ဟောပြောခဲ့သည်။

ဆက်လက်၍ သထုံခရိုင် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးမင်းအောင်က လေထုညစ်ညမ်းခြင်းနှင့် မီးခိုး၊ မြူငွေ့အန္တရာယ်လျှော့ချရေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပေါင်မြို့နယ် တာဝန်ခံတောအုပ်ကြီး ဦးဇော်လွင်ဦးက မြန်မာ့ဒီရေတောများအကြောင်းခေါင်းစဉ်ဖြင့် လည်းကောင်း ဆွေးနွေးဟောပြောခဲ့ကြပြီး တက်ရောက်လာသူများက သိရှိလိုသည့် မေးခွန်းများကို မေးမြန်းခဲ့သည်။

ထို့နောက် ဟောပြောပွဲသို့ တက်ရောက်လာသည့် ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူ ၁၄၃ ဦးအား သစ်ပင်စိုက်ပျိုးခြင်းဆိုင်ရာ အသိပညာပေးလက်ကမ်း စာစောင်များ ဖြန့်ဝေခဲ့ကြကြောင်း သိရသည်။

**မွန်မလေး (ပြန်/ဆက်)**



## ညောင်လေးပင်မြို့နယ်၌ လူငယ်စကားဝိုင်းကျင်းပ

**ညောင်လေးပင် နိုဝင်ဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်တွင် လူငယ်များ အသိပညာပိုမိုတိုးတက်လာစေရန် ရည်ရွယ်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ နိုဝင်ဘာ ၁၁ ရက်က အခြေခံပညာအထက်တန်းကျောင်း ဇီးကုန်းကြီး၌ လူငယ်စကားဝိုင်းကျင်းပသည်။

ဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ယမင်းထွေးက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နီနီဝင်းက လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက ဦးဆောင်ဆွေးနွေးကာ ကျောင်းသား ကျောင်းသူများက ခွင့်လွှတ်ခြင်းဖြင့်အနိုင်ယူပါ၊ ဘယ်သူ့ကို အပြစ်တင်ရမလဲ၊ ရွေးချယ်မှု မှန်ကန်ပါစေ၊ တာဝန်သိတတ်သူများ၊ လူငယ်နှင့်စာဖတ်ခြင်း ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြသည်။ အဆိုပါလူငယ်စကားဝိုင်းသို့ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူ ၃၂၅ ဦးတို့ တက်ရောက်ခဲ့ပြီး အသိပညာပေး နံရံကပ်စာစောင်များကို စိတ်ဝင်စားစွာလေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**စွမ်းထက် (ညောင်လေးပင်)**

## စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

**နေပြည်တော် နိုဝင်ဘာ ၁၂**

ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ်အသင်းက စာပေဗိမာန်စာမူဆု၊စာပဒေသာ၊ ပထမဆုရ “နေဇင်(ပေါက်ခေါင်း)” ရေးသားသည့် “မြောက်ပိုင်းဒေသ ဘဝမှတ်တမ်း” စာအုပ်ကို ၂၀၂၄ ခုနှစ် နိုဝင်ဘာလ အသင်းပေးစာအုပ်အဖြစ် စာအုပ်အသင်းဝင်များထံသို့ ဖြန့်ချိလျက်ရှိပါသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ စာတိုက်မှတစ်ဆင့် ပေးပို့လျက်ရှိပါသည်။

**သတင်းစဉ်**

**❑ နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## အလွတ်တန်းဆောင်းပါးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ (၃)ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ်ဆောင်ပုဒ်ဖြစ်သည့် **“Amplifying the leadership of persons with disabilities for an inclusive and sustainable future”**ကို **“အနာဂတ်မှာ အားလုံး ရေရှည်တည်တံ့ရေး မသန်စွမ်းသူများခေါင်းဆောင်နိုင်မှု မြှင့်တင်ပေး”** ဟူ၍ မြန်မာဘာသာသို့ ပြန်ဆိုထားရှိပြီးဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ စာပေဝါသနာရှင်များအနေဖြင့် ယခုနှစ်အတွက် သတ်မှတ်ထားရှိသည့် ဆောင်ပုဒ်နှင့်အညီ ဆောင်းပါးပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။ ဆောင်းပါးတွင် အောက်ဖော်ပြပါအချက်များ ထည့်သွင်းရေးသားသင့်ပါသည်-

(က) မသန်စွမ်းသူများအတွက် လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာ လှုပ်ရှားဆောင်ရွက်မှုများ၊

(ခ) အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ ပေါ်ပေါက်လာပုံ၊

(ဂ) အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ ကျင်းပရသည့် ရည်ရွယ်ချက်၊

(ဃ) မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်းတွင် ဖော်ပြပါရှိသော တန်းတူအခွင့်အရေးများ၊

(င) နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းဆောင်ရွက်ချက်များ၊

(စ) မသန်စွမ်းသူများကြုံတွေ့နေရသည့် အတားအဆီးတို့နှင့် စပ်လျဉ်း၍ ထင်မြင်ယူဆချက် ( ဥပမာ - မသန်စွမ်းသူများ လူ့အဖွဲ့အစည်းအတွင်း အများနည်းတူနေထိုင်ရှင်သန်နိုင်ရေးအတွက် ကြုံတွေ့နေရသည့် အခြေခံအဆောက်အဦဆိုင်ရာ၊ လူ့အဖွဲ့အစည်းဆိုင်ရာ အတားအဆီးများ၊ မသန်စွမ်းသူများအပေါ် ၎င်းအတားအဆီးတို့၏ အကျိုးသက်ရောက်မှုနှင့် အတားအဆီးကင်းသော ပတ်ဝန်းကျင်၏ အဓိပ္ပာယ်)

(ဆ) မသန်စွမ်းသူများ၏ အခွင့်အရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ SDGs နှင့် ချိတ်ဆက်နေကြောင်း ရှင်းလင်းတင်ပြချက်၊

(ဇ) အကြံပြုချက်များ၊

(ဈ) သတ်မှတ်ချက် - ပြိုင်ပွဲဝင်ဆောင်းပါးသည် ကွန်ပျူတာဖြင့်ဆိုပါက Pyidaungsu Font 13 ဖြင့် A4 (၄) မျက်နှာထက် မပိုစေရ၊ လက်ရေးစာမူဖြစ်ပါက A4 (၆) မျက်နှာထက် မပိုစေရ။

၃။ ပါဝင်ယှဉ်ပြိုင်သူများသည် မိမိတို့ရေးသားယှဉ်ပြိုင်မည့် ဆောင်းပါးတို့ကို ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ထိခိုက်လွယ်အုပ်စုများဌာနခွဲ တယ်လီဖုန်းအမှတ်-၀၆၇-၃၄၀၄၆၀၃၊ ၀၆၇-၃၄၀၄၆၀၄ နှင့် E-mail- vulnerablegroup.dor@gmail.com တို့ထံ ဆက်သွယ်၍ (၁၄.၁၁.၂၀၂၄)ရက်၊ ကြာသပတေးနေ့၊ ညနေ(၁၆:၀၀) နာရီအထိ နောက်ဆုံးထား ပေးပို့ရမည်ဖြစ်ပါသည်။

၄။ ပေးပို့လာသည့် ဆောင်းပါးစာမူတို့ကို ဆောင်းပါး(စာမူ)စိစစ်ရွေးချယ်ရေးအဖွဲ့ဖြင့် ရွေးချယ်ပြီး ပထမဆု၊ ဒုတိယဆု၊ တတိယဆုများအား ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

*စာမျက်နှာ ၁၆ မှ*

**“ဒို့မြန်မာတွေ မည့်ခဲ့ပါဘူး”၊ “အခုကော မကျင်းပတော့ဘူးလား”၊ “မြန်မာ့အားကစားပွဲတော် ပျောက်ကွယ်နေပြီလား”၊ “အဲဒီလိုပွဲမျိုး ရှိလာဦးမှာလား”၊ “အဲဒီလို ပြန်မြင်ချင်တယ်”၊ “အဲခေတ်ကတောင် ဒီလောက်ခမ်းနားခဲ့ပြီး ဒီဘက်ခေတ်ကျမှ မလုပ်နိုင်တာကို စိတ်မကောင်းဘူး”၊ “ပြန်လည်အသက်သွင်းနိုင်ရင် Sea Game ပြိုင်ပွဲတွေအတွက် နိုင်ငံကိုယ်စားပြု အထောက်အကူတော်တော်ဖြစ်မယ်”၊ “ဆက်လက်စောင့်မျှော်လျက်ပါ အမျိုးသားအားကစားပွဲတော်”** စသည် စသည်ဖြင့် အပြုသဘောဆောင်သည့် မှတ်ချက်ပေါင်းများစွာကိုလည်း တွေ့မြင်ဖတ်ရှုခဲ့ရသည်။

နိုင်ငံတော်က ယခုကျင်းပမည့် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးကလည်း နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် သမိုင်းမှတ်တိုင်တစ်ရပ်အဖြစ် ဂုဏ်ယူဝင့်ကြွားစွာ ထင်ဟပ်တွင်ကျန်ခဲ့ပါဦးမည်။ ဖွင့်ပွဲအခမ်းအနားကို ၂၀၁၃ ခုနှစ်တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပခဲ့သည့်ပုံစံကို မှီငြမ်း၍ ကျင်းပသွားမည်ဟု သိရသည်။ အသံစနစ်၊ မီးအလင်းအမှောင်များနှင့် ပေါင်းစပ်ပြီး ရိုးရာယဉ်ကျေးမှုကို အသွင်ထူးခြားစွာ ဆောင်ရွက်မည့် အစီအစဉ်များ၊ နည်းပညာပိုင်းဆိုင်ရာပြကွက်များ၊ မီးရှူးမီးပန်းအလှဆင် ပစ်ဖောက်ခြင်းများ၊ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် မီးရှူးမီးတိုင် လက်ဆင့်ကမ်းသယ်ယူရေးအစီအစဉ်များ၊ သရုပ်ဖော် အကအလှများနှင့် ဖျော်ဖြေရေးအစီအစဉ်များ အပါအဝင် ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားကို လူအင်အား ၁၂၀၀ ကျော်ဖြင့် ခမ်းနားထည်ဝါစွာ ကျင်းပသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီး အောင်မြင်စွာကျင်းပရန် အချိန်အားဖြင့် တစ်လခန့်မျှသာ ကျန်ရှိတော့သည့်အတွက် ပြိုင်ပွဲကျင်းပရေး ကော်မတီ၊ ဆပ်ကော်မတီများမှ တာဝန်ရှိသူများအနေဖြင့်လည်း ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့် လုပ်ငန်းများကို အတိုင်းအတာတစ်ခုအထိ ပြင်ဆင်ဆောင်ရွက် ပြီးစီးလျက်ရှိကြောင်း သိရသည်။

အလွတ်ခုန် လေထီးစစ်သည်များကလည်း နေပြည်တော် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း၌ ကျင်းပမည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလံများနှင့် အမျိုးသားအားကစားပွဲတော်အလံသယ်ဆောင်၍ ကွင်းအတွင်း ဆင်းသက်နိုင်ရန် စက်တင်ဘာ ၄ ရက်မှစ၍ ကြိုတင်လေ့ကျင့်လျက်ရှိရာ နိုဝင်ဘာ ၂ ရက်က အကြိမ် ၃၀ မြောက်အဖြစ် လေ့ကျင့်ခဲ့ကြသည်။

ထို့အတူ ဖွင့်ပွဲအခမ်းအနားတွင် **“လှပချစ်စရာ တို့ရွှေမြန်မာ”**သီချင်းဖြင့် လည်းကောင်း၊ ပိတ်ပွဲအခမ်းအနားတွင် **“ရွှေပြည်တော်သို့ တို့အတူ”** သီချင်းဖြင့်လည်းကောင်း အကအလှများဖြင့် တွဲဖက်ပါဝင်ဖျော်ဖြေတင်ဆက်ရန် အခြေခံပညာကျောင်းများမှ ကျောင်းသူ ၃၀၀ တို့ကလည်း ပွဲမဝင်ခင် ကြိုတင်ပြင်ဆင် လေ့ကျင့်လျက်ရှိသည်။

သို့ဆိုလျှင် မကြာမီကျင်းပတော့မည့် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးသည် နိုင်ငံတော်၏ အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားရေး၊ နိုင်ငံတကာပြိုင်ပွဲများတွင် အားကစားအဆင့်အတန်းမြင့်မားရေးနှင့် အောင်မြင်မှုရှိစွာ ယှဉ်ပြိုင်နိုင်ရေး၊ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများနှင့် အလားအလာရှိသည့် လူငယ်မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရေး ဟူသည့် အားကစားရည်မှန်းချက်များအတွက်သာမက နိုင်ငံတော်၏ဂုဏ်သိက္ခာနှင့် နိုင်ငံသားတို့၏ မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ရှိမှု၊ စည်းလုံးညီညွတ်မှု၊ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှုများနှင့် တည်ငြိမ်အေးချမ်းမှုများကို ကမ္ဘာ့အလယ်တွင် ဖော်ထုတ်ပြသနိုင်မည့် အခွင့်အလမ်းများကိုပါ ရယူစွမ်းဆောင်ပေးနိုင်လိမ့်မည်ဟု ယုံကြည်မျှော်လင့်မိပါသည်။

သို့ဖြင့် ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၉ ရက်မှ ၂၀ ရက်အထိ နေပြည်တော်၌ နိုင်ငံတော်အဆင့် ခမ်းနားထည်ဝါစွာ ပြန်လည်ကျင်းပတော့မည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးကို မြန်မာ့ယဉ်ကျေးမှုနှင့်အညီ **“မင်္ဂလာပါ”**ဟူ၍ နှုတ်ခွန်းဆက်သ ဂုဏ်ပြုကြိုဆိုလိုက်ရပါသည်။ ။

# မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကြင်ဥစာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်လှစ်

**မကွေး နိုဝင်ဘာ ၁၂**

ဆင်ပေါင်ဝဲမြို့ရှိ ဦးကြင်ဥစာကြည့်တိုက် အဆောက်အအုံအသစ်ဖွင့်ပွဲ အခမ်းအနားတွင် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမိုးမင်းသိန်း၊ လူမှုရေးရာဝန်ကြီး ဦးမျိုးမြင့်တို့က စာကြည့်တိုက် အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး (ယာပုံ) ပါဝင်ကူညီခဲ့သည့် ဒိုးပတ်အဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကာ စာကြည့်တိုက် ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်း၍ စာကြည့်တိုက်အတွင်း စာအုပ်စာစောင်များ၊ ပရိဘောဂများ ဖြည့်တင်းထားရှိမှုနှင့် ခင်းကျင်းပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်အစိုးရနှင့် ပြည်သူများက စုပေါင်းလှူဒါန်းငွေဖြင့်လည်းကောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လှူဒါန်းငွေဖြင့်လည်းကောင်း စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးအတွင်း စာကြည့်တိုက်အဆောက်အအုံသစ်များ တိုးချဲ့ဆောက်လုပ်ပေးခြင်း၊ ရှိပြီးသားစာကြည့်တိုက်များအတွက် ပရိဘောဂအထောက်အကူပြုပစ္စည်းများ ဖြည့်ဆည်းပေးခြင်းနှင့် သုတ၊ ရသ စာအုပ်စာပေလှူဒါန်းပေးခြင်းကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုဖွင့်လှစ်ပေးသည့် စာကြည့်တိုက်ကို အကျိုးရှိစွာအသုံးချပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို ဒေသခံများက ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

အဆိုပါ ဦးကြင်ဥစာကြည့်တိုက် အဆောက်အအုံသစ်ကို မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီက ခွဲဝေပေးသည့် ငွေကျပ်သိန်း ၁၅၀၊ ဒေသခံ ပြည်သူများက လှူဒါန်းငွေကျပ်သိန်း ၁၂၀ စုစုပေါင်း ငွေကျပ်



သိန်း ၂၇၀ ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကာ ယခုနှစ်တွင် စာကြည့်တိုက်အဆောက်အအုံသစ် ၂၁ လုံးကို တည် ဆောက်ပေးမည်ဖြစ်ရာ ယခုစာကြည့်တိုက် အပါအဝင် စုစုပေါင်း စာကြည့်တိုက် ခုနစ်တိုက်ကို ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

**မောင်ညီညာ**



## ချင်းပြည်နယ်အစိုးရအဖွဲ့ဝင်များအား ဟားခါးပြည်သူ့ဆေးရုံကြီးမှ အခမဲ့ကျန်းမာရေးစစ်ဆေးပေး

**ဟားခါး နိုဝင်ဘာ ၁၂**

ချင်းပြည်နယ် အစိုးရအဖွဲ့၏ ညွှန်ကြားချက်အရ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများအား ပြည်နယ်ပြည်သူ့ကျန်းမာရေး၊ ကုသရေး ဦးစီးဌာနနှင့် ဟားခါးပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများနှင့် သူနာပြုများက နိုဝင်ဘာ ၁၂ ရက်က ဟားခါးမြို့ ချင်းပြည်နယ် အစိုးရအဖွဲ့ရုံး၌ ကျန်းမာရေး စောင့်ရှောက်မှု ပေးလျက်ရှိသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ချင်းပြည်နယ် ပြည်သူ့ကျန်းမာရေး/ကုသရေး ဦးစီးဌာနမှူး ဒေါက်တာ ချမ်းငြိမ်းမောင်နှင့် ဟားခါးဆေးရုံအုပ်ကြီး ဒေါက်တာ ဟိဏ်းထက်စိုး၊ အထူးကုဆရာဝန်ကြီးများနှင့် သူနာပြုများက နှလုံးရောဂါ၊ ဆီးချိုရောဂါ၊ သွေးချိုရောဂါများအပြင် အခြားရောဂါများကို အခမဲ့စစ်ဆေးပေးလျက်ရှိပြီး ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးနေစိုး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လာရောက်ပြသကြရာ ပြည်နယ်ဝန်ကြီးချုပ်က ကျန်းမာရေးဝန်ထမ်းများအတွက် လက်ဆောင်ခြင်းနှင့် ထောက်ပံ့ငွေကျပ် ၁၀ သိန်း ပေးအပ်ကာ ချင်းပြည်နယ် ပြည်သူ့ကျန်းမာရေး/ ကုသရေး ဦးစီးဌာနမှူးက လက်ခံရယူကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မဲခေါင် - ကိုရီးယား ပူးပေါင်းဆောင်ရွက်မှုစီမံကိန်းဆိုင်ရာ AI သင်တန်းဖွင့်လှစ်

**နေပြည်တော် နိုဝင်ဘာ ၁၂**

မဲခေါင်–ကိုရီးယား ပူးပေါင်းဆောင်ရွက်မှုစီမံကိန်းဆိုင်ရာ AI (ဉာဏ်ရည်တု နည်းပညာ) သင်တန်းဖွင့်ပွဲကို ယမန်နေ့က ရန်ကုန်မြို့ရှိ စက်မှုနည်းပညာလေ့ကျင့်သင်ကြားရေး သင်တန်းကျောင်း၌ ကျင်းပသည်။

**ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ကြိုးပမ်း**

အဆိုပါသင်တန်းဖွင့်ပွဲသို့ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျသည် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ပါဝင်တက်ရောက်၍ အမှာစကားပြောကြားရာတွင် **(အောက်ပုံ)** ယနေ့ခေတ်နည်းပညာဖွံ့ဖြိုးတိုးတက်မှုများ မြန်ဆန်လျက်ရှိပြီး နိုင်ငံတကာ၌ AI ကို စက်မှုလုပ်ငန်းများအပြင် အခြားလူမှုစီးပွားကဏ္ဍ လုပ်ငန်းစုံတွင် တွင်ကျယ်စွာ အသုံးပြုလာကြပြီဖြစ်ရာ နည်းပညာဖွံ့ဖြိုးမှု နောက်မကျစေရန်၊ ပြည်သူ့အကျိုးစီးပွားအတွက် အမှန်တကယ် အားထားရသော ခေတ်မီနည်းပညာရှင်ကောင်းများကို ပျိုးထောင်ပေးရန်၊ စီမံကိန်းမှရရှိသော နိုင်ငံတကာနည်းပညာ မျှဝေဖလှယ်မှုများကို အခြေခံ၍ နိုင်ငံတော် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လက်တွေ့ကျကျ အသုံးချနိုင်ရေး ဆက်စပ်ဌာနနှင့် အဖွဲ့အစည်းများအားလုံး ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ကြိုးပမ်း ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

**နိုဝင်ဘာ ၂၂ ရက်အထိ ဖွင့်လှစ်မည်**

ထို့နောက် စီမံကိန်းဆိုင်ရာ တာဝန်ရှိသူများက သင်တန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြကြပြီး သင်တန်းဆရာများက မိတ်ဆက်စကား ပြောကြားကြသည်။ အခမ်းအနားသို့ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းနှင့် ပြင်ပအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ စီမံကိန်းအဖွဲ့ဝင်များနှင့် သင်တန်းသားများ တက်ရောက်ကြပြီး သင်တန်းကို နိုဝင်ဘာ ၂၂ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## သာစည်မြို့နယ်၌ မိုးသည်းထန်စွာရွာသွန်း၍ ရေကြီးရေလျှံကျမှုများကြောင့် ပျက်စီးခဲ့ရသည့် သာဂရ-သုံးပတ်လည်-အလယ်ကန်လမ်း ကွင်းဆင်းစစ်ဆေး

**သာစည် နိုဝင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦးနှင့်အတူ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာဝင်း၊ မိတ္ထီလာခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး၊ သာစည်မြို့နယ် တာဝန်ခံ၊ ကျေးရွာမှ တာဝန်ရှိသူတို့သည် မိုးသည်းထန်စွာရွာသွန်း၍ ရေကြီးရေလျှံကျမှုများကြောင့် ပျက်စီးခဲ့ရသည့် သာဂရ–သုံးပတ်လည်–အလယ်ကန်



လမ်းပိုင်း ပျက်စီးနေမှုကို ယနေ့နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

သာဂရ–သုံးပတ်လည်–အလယ်ကန်လမ်းသည် လမ်းအရှည် (၄/၃) မိုင်၊ Class A အမျိုးအစား မြေသားလမ်းဖြစ်ပြီး စက်တင်ဘာ ၁၀ ရက်မှ စတင်၍ သာစည်မြို့နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် စမုံဆည် လွှဲပေါက်မှရေနှင့် ကျောက်ဖျာချောင်းတို့မှ ရေများစီးဝင်မှုကြောင့် စမုံချောင်းအတွင်း ရေဝင်ရောက်ပြီး ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ကာ သာဂရ–သုံးပတ်လည်–အလယ်ကန်လမ်းတစ်လျှောက် (၄/၃) မိုင်ခန့် ရေတိုက်စား၍ လမ်းအပိုင်းပိုင်းပြတ်ထွက်ခြင်း၊ လမ်းမျက်နှာပြင် ပျက်စီးခြင်းများဖြစ်ပေါ်ခဲ့ရာ လမ်းပြုပြင်ရမည့်အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လမ်းကြောင်း ပြတ်တောက်မှုမရှိစေရေး ဆောင်ရွက်သွားရန်၊ လမ်းပြုပြင်ရာ၌ စနစ်တကျဆောင်ရွက်ရန်နှင့် လမ်းပြုပြင်ပြီးပါက ကျေးရွာသူကျေးရွာသားများအနေဖြင့်လည်း ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါလမ်းသည် သာဂရကျေးရွာ၊ ဆည်ကြီးကျေးရွာ၊ သုံးပတ်လည်ကျေးရွာ၊ အလယ်ကန်ကျေးရွာနှင့် ဘိုတဲကုန်းကျေးရွာများရှိ အိမ်ခြေ ၁၃၄၇ အိမ်၊ လူဦးရေ ဖ၄၅၂ ဦးတို့ ဆက်သွယ်အသုံးပြုနေသော လမ်းဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ဒလမြို့နယ် စံပြကျေးရွာ၌ ပေ ၄၈၀ အရှည် ကွန်ကရစ်လမ်းခင်း

**ဒလ နိုဝင်ဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄–၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် တံတားချောင်းကျေးရွာအုပ်စု စံပြကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိရာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်အေးနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းကော်မတီဝင်များနှင့်အတူ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ ပြီးစီးအောင် ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ကွန်ကရစ်လမ်းသည် အရှည် ၄၈၅ ပေ၊ အကျယ် ၁၀ ပေ၊ ထုခြောက်လက်မရှိပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၃၀ စုစုပေါင်း ရန်ပုံငွေကျပ်သိန်း ၁၈၀ ကို အသုံးပြုကာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်ခိုင်**

# ချောင်းသာဟိုတယ် ဂရန်မြေကွက် အမြန်ရောင်းမည်

## (၁.၅)ကေ ၂၂၀' x ၃၅၀'

GERIZIM HOTEL နှင့်

AKARIZ RESORT HOTEL အနီး

ဖုန်း - ၀၉-၉၆၅ ၁၁၃ ၈၆၃ ၀၉-၇၈၄ ၇၁၁ ၁၄၇

၀၉-၅၁၁ ၃၈၆၃ ၀၉-၉၆၉ ၇၇၀ ၉၀၉


## နိုင်ငံကူးလက်မှတ် ပျောက်ဆုံးကြောင်း

ကျွန်တော် စိုင်းမြတ်သူ ၁၂/မရက(နိုင်)၁၅၁၄၄၃ ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ်အမှတ် ME 608043 (အဟောင်း) MH 393248 (အသစ်) စာအုပ်သည် ကမ္ဘောဒီးယား ဖနွမ်းပင်မြို့တွင် ပျောက်ဆုံးခဲ့ပါသည်။ တွေ့ရှိက ပေးပို့ပါရန်။

ဖုန်း-၀၉-၅၁၉၀၂၈၇

## တစ်ဦးတည်းဖြစ်ပါကြောင်း

(ဘ)ဦးဘောအီ၏သား တာချီလိတ်မြို့၊ စက်မှုလယ်ယာ ဦးစီးဌာနမှ စက်မှုကျွမ်းကျင်(၃)ဦးပေတရု(ခ)ဦးပေကြူ ၂/ဒမဆ (နိုင်) ၀၂၄၆၀၁သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## အမွေရှင် ဦးခင်မောင်ဆွေ(ခ)မောင်ရွှေ ပိုင်ဆိုင်ကျန်ရစ်သော ပစ္စည်းများအား စီမံခန့်ခွဲခွင့်ပြုမိန့်ချမှတ်ပေးပါရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၃၀၇ပုဒ်မခွဲ(၂)အရ လျှောက်ထားကြောင်း အကြောင်းကြားစာ

### အောင်မြေသာစံခရိုင်တရားရုံးတော်

### ၂၀၂၄ ခုနှစ်၊ တရားမထွေထွေမှုအမှတ် - ၃၈

ဒေါ်ခင်အေးရီ လျှောက်ထားသူ

အမွေရှင် ဦးခင်မောင်ဆွေ(ခ)မောင်ရွှေ ပိုင်ဆိုင်သောပစ္စည်းများနှင့် ပတ်သက်သော အမှုအရေးကိစ္စတွင် သက်ဆိုင်သူများကို သိစေလိုက်သည်။

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ လမ်း(၈၀)၊ (၁၉-၂၀) လမ်းကြား၊ အမှတ်-(၂၈၆)တွင် နေထိုင် ခဲ့သည့် ကွယ်လွန်သူခင်ပွန်းဖြစ်သော ဦးခင်မောင်ဆွေ(ခ)မောင်ရွှေ၏ ပိုင်ဆိုင်ကျန်ရစ်သော မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းများနှင့် ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများတို့နှင့်ပတ်သက်၍ အမွေထိန်းလက်မှတ်စာကို ၎င်း၏ဇနီးဖြစ်သူ ဒေါ်ခင်အေးရီထံ (၄-၁၁-၂၀၂၄) ရက်က ထုတ်ပေးပြီးဖြစ်ကြောင်းနှင့် လျှောက်ထားသူ(အမွေထိန်း)မှ အမွေရှင် ကွယ်လွန်သူ ဦးခင်မောင်ဆွေ (ခ)မောင်ရွှေ ပိုင်ဆိုင်ကျန်ရစ်သောပစ္စည်းများဖြစ်သည့် အမွေထိန်းလက်မှတ်စာပါ မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းများနှင့် ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများတို့နှင့်ပတ်သက်၍ အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၃၀၇ ပုဒ်မခွဲ(၂)အရ စီမံခန့်ခွဲမိန့် ချမှတ်ပေးပါမည့်အကြောင်း လျှောက်ထားလာသဖြင့် ဤအမှုကို၂၀၂၄ခုနှစ်၊ ဒီဇင်ဘာလ ၁၁ရက်(၁၃၈၆ခုနှစ်၊ နတ်တော်လဆန်း ၁၁ ရက်) နံနက်(၁၀:၀၀)နာရီတွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည် ဖြစ်သောကြောင့် ထိုကွယ်လွန်သူခင်ပွန်း ဦးခင်မောင်ဆွေ(ခ)မောင်ရွှေ၏ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွား သက်ဆိုင်သည် အဆိုရှိသူအား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်)ဆိုခဲ့သော ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက် (၁၃၈၆ ခုနှစ်၊ နတ်တော်လဆန်း၊ ၁၁ ရက်) နံနက်(၁၀:၀၀)နာရီ၌ မိမိကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအား ဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် ခိုင်လုံသောအထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ကြောင်း ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက် ခဲ့လျှင် ရုံးတော်က လျှောက်ထားသူ ဒေါ်ခင်အေးရီ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင်စီရင်ချက် ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၄ခုနှစ်၊ နိုဝင်ဘာလ ၁၂ရက်နေ့ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကေသီဝင်း)
ခရိုင်တရားသူကြီး
အောင်မြေသာစံခရိုင်တရားရုံး

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၁)၊ လေးကျွန်းကြာခိုင်လမ်း၊ မြေကွက်အမှတ် (၄၀၆)၊ အကျယ်အဝန်း (၄၄ပေ × ၆၀ပေ)ရှိ ဒေါ်စောမြတ်ကလျာ (၁၂/မရက (နိုင်) ၁၀၇၆၄၀) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဒေါ်စောမြတ်ကလျာ ထံမှကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမှုရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

ဒေါ်လင်းလင်းထက်
LL.B,
အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## ဒီကရီကို အတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

### (တရားမကျင့်ထုံး ကို၈ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ ၂၂)

### မြဝတီခရိုင်တရားရုံးတော်၌

### ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၉၀နှင့် ဆက်သွယ်သည့် ၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၃

အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးရေးဘဏ် (မြဝတီဘဏ်ခွဲတာဝန်ခံ - ဒေါ်အေးမဍ္ဍူ) (တရားနိုင်) နှင့် ၁။ ဒေါ်နန့်ကျော့ဝတ်ရည်ခိုင် ၂။ ဦးစတိုးထွဋ်ခိုင် ၃။ ဦးစစိုးထွဋ်ခိုင် (တရားရှုံးများ)

(၁)တရားရှုံး ဒေါ်နန့်ကျော့ဝတ်ရည်ခိုင်၊ (၂)တရားရှုံး ဦးစတိုးထွဋ်ခိုင်၊ (၃)တရားရှုံး ဦးစစိုးထွဋ်ခိုင်၊ မန်းဘခိုင်လမ်း၊ အမှတ်(၃)ရပ်ကွက်၊ မြဝတီမြို့၊ မြဝတီခရိုင်၊ ကရင်ပြည်နယ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

မြဝတီခရိုင်တရားရုံး ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၉၀ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤ ရုံးတော်တွင် တရားနိုင် အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ်(မြဝတီဘဏ်ခွဲတာဝန်ခံ-ဒေါ်အေးမဍ္ဍူ)က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၄ခုနှစ်၊ နိုဝင်ဘာလ(၂၆)ရက်(၁၃၈၆ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၁၁ရက်)မွန်းမတည့်မီ (၁၀)နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ(၇)ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မျိုးမြင့်ဦး)
ခရိုင်တရားသူကြီး
မြဝတီခရိုင်တရားရုံး

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁၉)၊ မြေကွက်အမှတ်(၃၀၈)၊ မြေအကျယ်အဝန်း (၄၀ပေx၆၀ပေ)ရှိ ဒေါ်သန်းသန်း ၁၁/စတန(နိုင်)၀၀၆၀၃၇ အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးစိန်မြင့် ၁၄/လပတ(နိုင်)၀၄၉၀၀၉မှ လက်ရောက်ဝယ်ယူ ပိုင်ဆိုင်ထားသည့် ခြံမြေကွက်ဖြစ်ပြီး ကျွန်တော် ဦးစိန်မြင့် ၁၄/လပတ(နိုင်)၀၄၉၀၀၉မှ တစ်ဦးတည်းသာပိုင်ဆိုင်ပါကြောင်း၊ အဆိုပါခြံမြေကွက်အားမည်သူ တစ်ဦးတစ်ယောက်ကိုမျှ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းထားခြင်းမရှိပါကြောင်း၊ ခြံမြေကွက်ထဲ၌ ကျူးကျော်သူများအားလည်း ဖယ်ရှားပြီးဖြစ်ပါကြောင်း ရောင်းသူဝယ်သူများ ရောင်းမှားဝယ်မှားမဖြစ်ရအောင် အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဝင်းဝင်းနွယ် LL.B, B.A(Business Law)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၆၉၂)
အမှတ်(၁၂၂၉)၊ ပင်လုံလမ်း၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၉၈၂၉၃၅၉၉၁

## တစ်ဦးတည်းဖြစ်ပါကြောင်း

(ဘ)ဦးဖေတင်၏သား တာချီလိတ်မြို့၊ စက်မှုလယ်ယာ ဦးစီးဌာနမှ ထွန်စက်မောင်း(၄) ဦးစိုင်းမျိုးတင်(ခ)ဦးစိုင်းမျိုးတင့် ၁၃/မဆန(နိုင်)၀၀၀၂၅၉သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2R/7856 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာကျေးရွာ အုပ်စု၊ လေးထောင့်ကန်စံပြရပ်ကွက်၊ သဇင်(၄)လမ်း၊ ခြံအမှတ်(၃)၊ ဦးပိုင်အမှတ် N(၇၄+ ၇၅)ပိုင်ဆိုင်သည့် ဒေါ်ပုလဲ၏ မြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးအား ကန့်ကွက်လိုပါက ဤကြေညာစာပါသည့်ရက်မှ ၁၄ရက်အတွင်း ခိုင်မာသော အထောက်အထားဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ပုလဲ
ခြံအမှတ်(၃)၊ သဇင်(၄)လမ်း၊ လေးထောင့်ကန်စံပြရပ်ကွက်၊
ရွှေနံ့သာကျေးရွာအုပ်စု၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့

## ကွာရှင်းပြတ်စဲပြီးစီးခြင်း

ကျွန်တော် ဦးဉာဏ်အေး (၁၂/သဃက(နိုင်) ၀၉၂၅၁၇)နှင့် ဒေါ်ဥမ္မာချို (၇/ညလပ(နိုင်)၁၀၀၄၁၂)တို့သည် ၂၄-၆-၂၀၂၂ ရက်တွင် တောင်ဥက္ကလာပမြို့နယ်၊ တရားရုံးတွင် နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။

ဦးဉာဏ်အေး
၁၂/သဃက(နိုင်)၀၉၂၅၁၇

## တစ်ဦးတည်းဖြစ်ပါကြောင်း

(ဘ)ဦးအိုက်ယီ၏သား ကျိုင်းတုံမြို့၊ စက်မှုလယ်ယာဦးစီးဌာနမှ ထွန်စက်မောင်း(၄)ဦးအားကာ(ခ)ဦးအားဂါ ၁၃/ကတန(နိုင်) ၀၉၇၀၂၁သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## နှစ်ဦးသဘောတူလက်ထပ်ပြီးစီးကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သူ ကိုအောင်နိုင်လင်း (၁၀/ဘလန(နိုင်) ၁၂၄၉၉၀) နှင့် မနန်းဇင်မာမိုး ၁၀/ပမန(နိုင်) ၂၇၈၉၄၂တို့၏ လွှဲအပ်ညွှန်ကြားချက်အရ -

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ နှင်းပုလဲကျေးရွာနေ ဦးရွှေထူး-ဒေါ်စန်းမော်တို့၏သား ကိုအောင်နိုင်လင်းနှင့် မွန်ပြည်နယ်၊ ပေါင်မြို့၊ ကျောက်စရစ်ကျေးရွာနေ ဦးဝင်းကိုကို-ဒေါ်ခင်ဝင်းရွှေတို့၏သမီး မနန်းဇင်မာမိုးတို့သည် တစ်ဦးနှင့်တစ်ဦး ချစ်ခင်စုံမက်၍ နှစ်ဖက်သောမိဘများနှင့် ဂုဏ်သရေရှိအသိသက်သေများရှေ့မှောက်တွင် မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေနှင့်အညီ တရားဝင်လက်ထပ်ပြီးစီးကြောင်းကတိစာချုပ်ကို ပြုလုပ်ချုပ်ဆိုပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်ခိုင်ဖြူလွင် (LL.B)(LL.M)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၂၉၀)
အမှတ်(၁)၊ ဆုံရပ်ကွက်၊ မကွေးမြို့၊
ဖုန်း-၀၉-၄၀၁၃၉၉၉၁၅

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 55W/19699 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြဝင်း ၉/ရမသ(နိုင်)၁၇၆၄၅၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(ရမည်းသင်း)

## ဗိုလ်ကြီး လှထွန်းဦး(ငြိမ်း)(၉/မထလ(နိုင်)၀၁၇၄၉၈)နှင့် အများသိစေရန်

ဗိုလ်ကြီး လှထွန်းဦး(ငြိမ်း)နှင့် အများသိစေရန် ကြေညာအပ်ပါသည် -

မိတ္ထီလာမြို့၊ ပြည်သာယာရပ်ကွက်တွင် နေထိုင်ခဲ့သူ ဗိုလ်ကြီး လှထွန်းဦး(ငြိမ်း)သည် ၎င်းအမည်ဖြင့် ဂရန်ရရှိထားသော မိတ္ထီလာမြို့၊ ပြည်သာယာ(၄x၅)လမ်းကြား၊ အမှတ်(၄၄)မြေကွက်နှင့် မြေပေါ်ရှိ အဆောက်အအုံ၊ သစ်သီးသစ်ပင် အကျိုးခံစားခွင့် အရပ်ရပ်ကို ဦးမြဇော်အား တန်ဖိုးငွေ (၆၀၀,၀၀၀၀ဝိ/-)ကျပ်(ခြောက်ရာသိန်းတိတိ) ဖြင့် ရောင်းချရာတွင် ဝယ်သူတောင်းဆိုသည့်ရက်တွင် အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးမည်ဟု သဘောတူစည်းကမ်းချက်ဖြင့် အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ ငွေအကြေပေးချေပြီး ပိုင်ဆိုင်ခွင့် အထောက်အထားများနှင့်တကွ ဝိုင်းမြေအဆောက်အအုံကို လက်ရောက်ပေးအပ်၍ ဦးမြဇော်မှ လက်ရှိရယူထားခဲ့ပါသည်။

ယခုအခါ ဗိုလ်ကြီးလှထွန်းဦး(ငြိမ်း)နေထိုင်ရာ ပြည်သာယာရပ်ကွက်မှ မည်သည့်ဒေသအရပ်သို့ ပြောင်းရွှေ့သွားသည်ကို စုံစမ်းခဲ့ရာ မတွေ့ရှိ မသိရှိရသည့်အတွက် သတင်းစာမှ ကြော်ငြာအကြောင်းကြားရခြင်းဖြစ်ပါသည်။

ကျွန်တော် ဦးမြဇော်အနေဖြင့် အဆိုပါအိမ်မြေဥပစာအား တည်ဆဲဥပဒေများနှင့်အညီ မှတ်ပုံတင်စာချုပ် ပြုလုပ်ချုပ်ဆိုခြင်း၊ မြေငှားဂရန်အမည်ပြောင်းလဲခြင်း၊ မြေကွက်နှင့်ပတ်သက်သည့် ကိစ္စအဝဝတို့ကို ပြုလုပ်ဆောင်ရွက်မည်ဖြစ်၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော တရားဝင်စာရွက်စာတမ်း အထောက်အထားဖြင့် သတင်းစာကြော်ငြာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက မြေကွက်နှင့်ပတ်သက်သည့်ကိစ္စအရပ်ရပ်ကို ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမြဇော် ၁၂/မရက(နိုင်)၁၃၈၅၂၇
မရမ်းကုန်းရပ်ကွက်၊ ဘုရင့်နောင်လမ်းမကြီး (စျ/၁၇)၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ Ph:09-450005350

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

### (တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)

### သံဖြူဇရပ်မြို့နယ်တရားရုံးတော်

### ၂၀၂၁ခုနှစ်၊ တရားမကြီးမှုအမှတ်-၂ နှင့် ဆက်နွယ်သည့် ၂၀၂၄ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၉

ဒေါ်သင်းသင်းမူ (ဒီကရီအနိုင်ရသူ) နှင့် ဦးပန်းနိုင် (တရားရှုံး)

ဦးပန်းနိုင်၊ ကရင်သောင်ကျေးရွာ၊ သံဖြူဇရပ်မြို့နယ်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၂၁ခုနှစ်၊ တရားမကြီးမှုအမှတ်- ၂ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒေါ်သင်းသင်းမူက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၄ခုနှစ်၊ နိုဝင်ဘာလ ၂၁ရက် (၁၃၈၆ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၆ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၄ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မျိုးခန့်လွင်)
မြို့နယ်တရားသူကြီး
သံဖြူဇရပ်မြို့နယ်တရားရုံး

## ကန့်ကွက်နိုင်ပါကြောင်း

ကန်ကြီးထောင့်မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ကွင်းအမှတ်(၁၈၅-ဂ) ကွင်းယားအနောက်ကွင်း၊ ဦးပိုင်အမှတ် (၂၄)၊ ဧရိယာ(၀ဒသမ၃၈၀) ဧကရှိမြို့မြေအား အမှတ်(၅)ရပ်ကွက်နေ ဦးကျော်ဆွေ၏သား ဦးပြည့်စုံ ၆/ပလန(နိုင်)၀၅၈၉၀၇မှ လူနေထိုင်ရန် မြေအဖြစ်အသုံးပြုရန် မြေပေးမိန့်လျှောက်ထားမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေး
ဦးစီးဌာန၊ ကန်ကြီးထောင့်မြို့နယ်

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5J/7996 ယာဉ်လက်ဝယ်ရှိသူ ဦးသန်းဝင်း ၁၀/ပမန(နိုင်)၁၇၆၄၉၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး
(မော်လမြိုင်မြို့)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၅ယ/၃၉၄၈ ယာဉ်လက်ဝယ်ရှိသူ ဦးဖြိုးဆန်း ၁၀/မလမ(နိုင်)၂၁၂၀၈၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး
(မော်လမြိုင်မြို့)

## အမည်ပြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ငပုတောမြို့နယ်၊ အလက (ခွဲ) သာယာချောင်းကျောင်း Grade-9မှ မသက်မှူးအိမ်ဇင်အား ၁၄/ငပတ(နိုင်) ၂၇၂၁၁၄ အရ မသက်ဖူးအိမ်ဇင်ဟု ပြောင်းလဲခေါ်ပါရန်။

**မသက်ဖူးအိမ်ဇင်**
**၁၄/ငပတ(နိုင်) ၂၇၂၁၁၄**

## ဖခင်အမည်မှန်

မင်းဘူးမြို့၊ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း Grade-11 မှ မောင်ဇင်မင်းသူ၏ ဖခင် ဦးကျီးညို၏ အမည်မှန်မှာ ဦးကြီးညို ၈/မဘန(နိုင်)၀၉၂၁၄၄ ဖြစ်ပါကြောင်း။

**ဦးကြီးညို**

## ပြည်ထဲရေးဝန်ကြီးဌာန ကယားပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ကယားပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် (၄)ခန်းတွဲ(၂)ထပ် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း (၃၀%)ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသား လုပ်ငန်းရှင်ကုမ္ပဏီများမှ သတ်မှတ်ချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - (၁၃-၁၁-၂၀၂၄)ရက်မှ (၂၆-၁၁-၂၀၂၄)ရက်အထိ

၃။ **တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - (၂၆-၁၁-၂၀၂၄)ရက် (၁၆၀၀)နာရီ

၄။ အသေးစိတ်သိရှိလိုပါက ကယားပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဖုန်း-09-402747533 သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## တစ်ဦးတည်းဖြစ်ကြောင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သီရိအနော်ရထာ(၁၆)လမ်း၊ သီရိရတနာ အဆင့်မြင့်ဈေး၊ အမှတ် (၁၄၅) နေ ဦးအောင်သူထွန်း ၁၄/ဝခမ(နိုင်) ၁၃၈၁၀၂၏ဖခင် ဦးကြည်ရောင်(ခ) ဦးကြည်ထွန်းမှာ တစ်ဦးတည်းဖြစ်ပါ ကြောင်း။

**ဦးကြည်ရောင်(ခ)ဦးကြည်ထွန်း**

## နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန် ကြေညာခြင်း

ရခိုင်ပြည်နယ်၊ မင်းပြားမြို့၊ ကျားပိုက်ကဲရွာနေ ဦးအောင်သန့်ဇင် ၁၁/မပန(နိုင်)၀၇၅၇၈၆နှင့် ရခိုင်ပြည်နယ်၊ မင်းပြားမြို့၊ ကျားပိုက်ကဲရွာနေ ဒေါ်နှင်းနှင်း ၁၁/မပန(နိုင်)၀၁၃၈၄၈တို့သည် (၁၀-၁၀-၂၀၀၈)ရက်တွင် အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ပြီး ယခုအခါ တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားခြင်း တိုက်ဆိုင်မှုမရှိတော့သဖြင့် (၁၈-၃-၂၀၂၃)ရက်တွင် တရားဝင်ကွာရှင်း ပြတ်စဲခဲ့ကြပြီး ဖြစ်ပါကြောင်းနှင့် တစ်ဦးနှင့်တစ်ဦး မည်သို့မျှပတ်သက် ဆက်နွယ်မှု မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးကျော်ဝင်းဟန် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၃၂၉၆၃)**
**ဖုန်း-၀၉-၄၀၁၅၃၄၂၉၆**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ ကွင်း/ အကွက်အမှတ်နှင့် အမည် (BB/မြန်နန္ဒာ)၊ ဦးပိုင်အမှတ်(၇၄)၊ မြေဧရိယာ (၀ဒသမ၁၀၆)ဧကရှိ မြေအကျိုးခံစားခွင့်များကို ဒေါ်တင်သူဇာဦး ၅/ရဘန(နိုင်) ၁၀၅၃၈၂က အမည်ပြောင်း မြေငှားဂရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြီးစီးအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ပြင်ဦးလွင်ခရိုင်/မြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၆)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၉)၊ ဧရာဝတီပတ်လမ်း၊ အမှတ်(၂၉၅)ဟုခေါ်တွင်သော အကျယ်အဝန်းပေ(၄၀x၆၀)ရှိသော ခြံမြေကွက်နှင့် ယင်းခြံမြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အား တရားဝင် လွှဲပြောင်းရောင်းချခွင့်ရှိသူ ဦးစန်းမြင့် ၉/ပမတ(နိုင်)၀၀၄၆၃၈)ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဦးအောင်သန်း (၁၂/အစန(နိုင်) ၁၈၄၅၁၉)က (၂၅-၅-၂၀၂၀)ရက်တွင် ဝယ်ယူ၍ လက်ရှိထားပိုင်ဆိုင်လျက်ရှိပါသည်။ ထို့ကြောင့် အထက်ပါ မြေကွက်သည် ဦးအောင်သန်း တစ်ဦးတည်းသာလျှင် ပိုင်ဆိုင်သူဖြစ်ကြောင်းနှင့် ၎င်း၏ခွင့်ပြုချက်မရဘဲ မည်သူတစ်ဦးတစ်ယောက်မှ ဝင်ရောက်ကျူးကျော်ခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း စသည်တို့အား မပြုလုပ်ပါရန်နှင့် ပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ တရားစွဲဆိုမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်သန်း၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ချိုဝင်းမာ၊ တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၆၀၉) အမှတ်(၆၈)၊**
**မကွေးလမ်း၊ (၂၀)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း- ၀၉၄၃၀၉၃၃၅၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ရုံးရပ်၊ မင်္ဂလာဒီပရပ်ကွက်မှ မြေဧရိယာ (၀.၁၁၀)ဧကရှိ ဒေါ်နွယ်နွယ်ဝင်း ၁၂/ကမရ(နိုင်)၀၃၁၇၆၄ (ဘ)ဦးနေဝင်း အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၂၀၂၂၄) ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၁၉၃/၂၀၂၃ (၁၄-၇-၂၀၂၃)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်မေမျိုးချစ် ၁၂/ရကန(နိုင်)၀၀၀၄၆၇ (ဘ)ဦးမျိုးချစ်မှ ဒေါ်ဝေမျိုးချစ် ၁၂/ရကန(နိုင်)၀၀၀၄၆၉နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့၊ သာသနာ့ရိပ်သာရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်း လမ်းသွယ်(၉)လမ်း၊ မြေကွက်ကြီးအမှတ်(၇)၊ အိမ်ရာအကွက်ငယ်အမှတ်(၂၇၄)၊ ဦးရဲညွန့်အမည်ပေါက် မြေကွက် (၄၀ x ၆၀)ပေရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့အား တရားဝင်လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်အေးအေးထွန်း ၁၂/ဥကတ(နိုင်)၁၃၃၄၉၀ထံမှ ဒေါ်သဲဇာခြည်စိုး ၁၂/သဃက(နိုင်)၁၅၃၈၈က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု စာရွက်စာတမ်းအပြည့်အစုံဖြင့် ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံ သို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးတိုင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြိုးမမ တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၆၂၈)**
**၈၂/၁၁၅၊ ကုန်သည်လမ်း၊ ဈေးကြီးရပ်ကွက်၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီး၊ ဖုန်း-၀၉-၂၆၇၁၈၈၅၆၉**

## မြေငှားဂရန်လျှောက်ထားချက်အပေါ် ကန့်ကွက်နိုင်ပါကြောင်း

| စဉ် | လျှောက်ထားသူအမည် | လျှောက်ထားသည့်မြေ၏ | | | | | အကြောင်းအရာ |
|---|---|---|---|---|---|---|---|
| | | မြို့နယ်/မြို့ | ရပ်/ကျေး | အကွက်အမှတ်/အမည် | ဦးပိုင်အမှတ် | ဧရိယာ (ဧက) | |
| ၁ | ဦးဇေယျာမင်း | ပုသိမ် | အမှတ်(၃) | ၃၆/ဈေးချောင်းမြောက် | ၁၉/၁-ဈ | ၀.၂၂၉ | အမည်ပြောင်း |
| ၂ | ဒေါ်ခင်မာဝေ | ပုသိမ် | အမှတ်(၅) | ၇၀/ပန်းတင်ကုန်း | ၇၀/၁၂-ခ | ၀.၀၃၁ | အမည်ပြောင်း/တိုး |
| ၃ | ဒေါ်အိမွန်မွန် | ပုသိမ် | အမှတ်(၁၁) | ၅၀/သစ်ညိုကုန်း | ၃၈-ဗ | ၀.၀၅၅ | အသစ် |
| ၄ | ဒေါ်စုရည်လှိုင် | ပုသိမ် | အမှတ်(၁၁) | ၅၀/သစ်ညိုကုန်း | ၃၈-သ | ၀.၀၅၅ | အသစ် |

ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်နေ့ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤရုံးသို့ ကာယကံရှင်ကိုယ်တိုင်လာရောက် ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။

**ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် လုံးတော်ပြည့်ရွှေသင်္ကန်းတော်ကပ်လှူပူဇော်ပွဲ



### ကုသိုလ်ပြုနိုင်ရေးနှိုးဆော်လွှာ

၁။ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မြတ်ကြီးအား ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလမှစ၍ လုံးတော်ပြည့်ရွှေသင်္ကန်းတော်ကပ်လှူရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ သဒ္ဓါကြည်လင်ပါရမီရှင် အလှူရှင်များမှ ကုသိုလ်ယူပါဝင်လှူဒါန်းနိုင်ပါရန်နှင့်မိမိတို့စေတနာသဒ္ဓါတရားရှိသည့်အလျောက် ရွှေသင်္ကန်းတော်များကို အောက်ပါအတိုင်း ကပ်လှူပူဇော်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်ပန်ကြားအပ်ပါသည်-

| | | |
|---|---|---|
| (က) | ကိုးလက်မပတ်လည် ရွှေစင်ရွှေပြား (၁.၅)ကျပ်သား (၁)ချပ် | ၄၅,၀၀,၀၀၀/- |
| (ခ) | ရွှေစင်ရွှေသား တစ်ကျပ်သား | ၃၀,၀၀,၀၀၀/- |
| (ဂ) | နှစ်လက်မပတ်လည် ရာပြည့်ရွှေဆိုင်း (၁)ဆိုင်း | ၃၀၀,၀၀၀/- |
| (ဃ) | ကိုးလက်မပတ်လည် ရွှေဆိုင်း(၁)ကွက် | ၇၅,၀၀၀/- |
| (င) | နှစ်လက်မပတ်လည် ရွှေဆိုင်း (၁၀)ရွက် | ၃၀,၀၀၀/- |

၂။ စေတနာရှင် ပါရမီရှင် အလှူရှင်များမှ သဒ္ဓါတရားထက်သန်စွာဖြင့် ပါဝင်လှူဒါန်းနိုင်ပါကြောင်းနှင့် ကိုးလက်မ ပတ်လည် ရွှေစင်ရွှေပြား(၁.၅)ကျပ်သား (၁)ချပ်နှင့် ရွှေစစ်ရွှေသား(၁)ကျပ်သားလှူဒါန်းပါက ရွှေစင်ရွှေသားပေါ်တွင် အလှူရှင်ကမ္ပည်းရေးထိုးပေးမည်ဖြစ်ပါကြောင်း နှိုးဆော်ပန်ကြားအပ်ပါသည်။

**ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**
**ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်**
**ဖုန်း-၀၁-၈၂၀၂၀၈၆၊ ၀၁-၈၂၀၁၇၆၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁)၊ သဇင်မြိုင်လမ်း၊ မြေကွက်အမှတ် (၉၂၁)ဟု ခေါ်တွင်သော (ပေ၄၀x ပေ၆၀) ကျယ်ဝန်းသည့် ဦးသန်းထိုက် (BI-028618) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်မှ တရားဝင်မခွဲစိတ်ရသေးသော ခြေရင်းခြမ်း၊ မြေအကျယ်အဝန်း (၂၀ပေx ၆၀ပေ)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်ဖြင့် လက်ရှိပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် ယခုပိုင်ဆိုင်ထားသူ ဒေါ်သီတာနှင်း ၂/လကန(နိုင်)၀၀၈၂၈၉မှရောင်းချမည်ဖြစ်ကြောင်း ကမ်းလှမ်းလာရာကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ဆိုင်ရေးပိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား(မူရင်း)အပြည့်အစုံနှင့်အတူ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းအများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ပြည့်ဖြိုးဝင်းမြင့် (LLB, DIL) အထက်တန်းရှေ့နေ(စဉ်-၄၂၁၁၂)**
**ဖုန်း-၀၉-၄၅၁၆၆၁၆၆၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းခရိုင်၊ သဲကုန်းမြို့နယ်၊ ကြို့ပင်သာအုပ်စု/ရွာနေ (ဘ)ဦးစောဝင်း၏သမီး ဒေါ်ညွန့်ညွန့်ကြည် ၇/သကန(နိုင်)၀၁၈၆၂၆၏ ခင်ပွန်းဖြစ်သူ ဦးအောင်မင်း (၆၆)နှစ်သည် (၅-၉-၂၀၂၃)ရက်တွင် ကွယ်လွန်သွားသည့်အတွက် ကွင်းအမှတ်(၉၈၁A)၊ ကြို့ပင်သာအနောက်ကွင်း၊ ဦးပိုင်အမှတ် ၉/၃၊ ၁၀/၁ ဦးအောင်မင်းအမည်ပေါက်ရွာမြေ(၀.၃၇)ဧက အနက်မှ ကျန်ရှိဧရိယာ (၀.၃၃)ဧရိယာ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ ယုဇနစက်သုံးဆီ အရောင်းဆိုင် အဆောက်အအုံတို့သည် ခင်ပွန်းဦးအောင်မင်း၏ တရားဝင်အမည်ပေါက်ပိုင်ဆိုင်မှုဖြစ်ပြီး ယင်းပိုင်ဆိုင်မှုအား ၎င်း၏တရားဝင်ဇနီးဖြစ်သော ဒေါ်ညွန့်ညွန့်ကြည်မှ မြန်မာ့ဓလေ့ထုံးတမ်းအစဉ်အလာနှင့်အညီ ဆက်လက်အမွေဆက်ခံပိုင်ခွင့်ရှိသည့်အတွက် ၎င်းတစ်ဦးတည်းသာ တရားဝင်ပိုင်ဆိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ဤကြေညာစာပါသည့်ရက်မှ(၁၄)ရက်အတွင်း စာချုပ်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ညွန့်ညွန့်ကြည်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းဇော်ဦး(LL.B) အထက်တန်းရှေ့နေ(စဉ်-၅၄၂၄၂)**
**နတ်တလင်းမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် TNI/7180, Honda Scoopy ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ထွန်းဦး ၆/ထဝန(နိုင်) ၀၈၄၅၄၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ကော့သောင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 67W/29498, Luojia 110 M/C ယာဉ်လက်ဝယ်ရှိသူ Khwar Nyo Trading Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(သာယာဝတီ)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ရေဆင်း ၊ နေပြည်တော် (၃၆) ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပခြင်းကြေညာချက်

၁။ ဤတက္ကသိုလ်မှ ကျင်းပပြုလုပ်ခဲ့သော မွေးမြူရေးပညာဘွဲ့၊ တိရစ္ဆာန်ဆေးပညာဘွဲ့၊ မွေးမြူရေးပညာမဟာဘွဲ့နှင့် တိရစ္ဆာန်မဟာဆေးသိပ္ပံဘွဲ့ ဘွဲ့ရစာမေးပွဲ အောင်မြင်သူများအတွက် ဘွဲ့နှင်းသဘင် အခမ်းအနားကို မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမ၊ ရေဆင်း၊ နေပြည်တော်တွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ကြောင်း ကြေညာလိုက်သည် -

၂။

| **ပေးအပ်မည့်ဘွဲ့** | **အစမ်းလေ့ကျင့်ရက်** | **ဘွဲ့နှင်းသဘင်ရက်** |
|---|---|---|
| တိရစ္ဆာန် မဟာဆေးသိပ္ပံဘွဲ့ မွေးမြူရေးပညာမဟာဘွဲ့ တိရစ္ဆာန်ဆေးပညာဘွဲ့ မွေးမြူရေးပညာဘွဲ့ | ၂၈-၁၂-၂၀၂၄ ရက် (စနေနေ့) မွန်းလွဲ(၁:၀၀)နာရီ | ၂၉-၁၂-၂၀၂၄ ရက် (တနင်္ဂနွေနေ့) နံနက်(၈:၀၀)နာရီ |

၃။ ဘွဲ့နှင်းသဘင်ကြေး (တက်ရောက် လျှောက်ထားသူများအားလုံး) - ၁၅၀၀၀/-(ကျပ်တစ်ထောင့်ငါးရာတိတိ)

ဘွဲ့နှင်းသဘင်ကြေး (အဝေးရောက် လျှောက်ထားသူများအားလုံး) - ၁၀၀၀၀/-(ကျပ်တစ်ထောင်တိတိ)

လျှောက်လွှာပိတ်ရက် (လျှောက်ထားသူများအားလုံး) - ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ (၁၃) ရက် (သောကြာနေ့)

**မှတ်ချက်။** (၁) သတ်မှတ်လျှောက်လွှာပုံစံဖြင့်သာ လျှောက်ထားရန်။

(၂) ၁ ၁/၂ " x ၂ " အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံနှင့် နိုင်ငံသားစိစစ်ရေးကတ် မိတ္တူ ပူးတွဲ လျှောက်ထားရန်။

(၃) ဤတက္ကသိုလ်မှ ယခင်ပထမဘွဲ့တစ်ခုရရှိပြီးသူများသည် အဆိုပါ ဘွဲ့လက်မှတ်မိတ္တူ ပူးတွဲလျှောက်ထားရန်။

(၄) ဘွဲ့နှင်းသဘင်သို့ တက်ရောက်မည် (သို့မဟုတ်) အဝေးရောက် ဘွဲ့ယူမည်ကို တိကျစွာဖော်ပြရမည်။ အကယ်၍ ဘွဲ့နှင်းသဘင် တက်ရောက်မည်ဟု တင်သွင်းပြီး မတက်ရောက်ပါက ဘွဲ့လက်မှတ်ကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့် အချိန်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

(၅) နိုင်ငံသားစိစစ်ရေးကတ်ပြား တင်ပြနိုင်ခြင်းမရှိသူများ ဘွဲ့တက်ရောက်ယူနိုင်သော်လည်း ဘွဲ့လက်မှတ်ထုတ်ပေးမည် မဟုတ်ပါ။ နိုင်ငံသားစိစစ်ရေးကတ်ပြား တင်ပြလာသည့်အချိန်မှသာ ဘွဲ့လက်မှတ်ထုတ်ပေးမည်ဖြစ်သည်။

(၆) ဘွဲ့နှင်းသဘင်အခမ်းအနားတက်ရောက်သူများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသား ဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား)တို့အနက် နှစ်သက်ရာဝတ်စုံကို (အပြည့်အစုံ) ဝတ်ဆင်၍ တက်ရောက်ကြရမည်။ မြန်မာ့ယဉ်ကျေးမှုနှင့် ကိုက်ညီမှု မရှိသော ဝတ်စားဆင်ယင်မှုဖြင့် တက်ရောက်ခြင်းကို (အစမ်းလေ့ကျင့်ပွဲ အပါအဝင်) လုံးဝခွင့်ပြုမည်မဟုတ်ပါ။

(၇) ဘွဲ့ဝတ်စုံငှားရန် ထောက်ခံစာများကို (၂၆-၁၂-၂၀၂၄) ရက်မှစတင်၍ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၊ စာမေးပွဲနှင့်ဘွဲ့နှင်းသဘင်ဌာနတွင် ထုတ်ပေးပါမည်။

(၈) ဘွဲ့လျှောက်လွှာများကိုမွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၏website ဖြစ်သော www.uvs.edu.mm တွင် ကြည့်ရှုရယူနိုင်ကြောင်းနှင့် လျှောက်လွှာကို ကိုယ်တိုင် (သို့မဟုတ်) သင်တန်းရေးရာဌာန၊ Email လိပ်စာ stdaffair.uvs@gmail.com သို့ လျှောက်ထား တင်သွင်းနိုင်ပါသည်။

(၉) ယခုကျင်းပသည့် ဘွဲ့နှင်းသဘင်တွင် တိရစ္ဆာန်ဆေးပညာဘွဲ့ကို ရယူမည့်သူများသည် မြန်မာနိုင်ငံတိရစ္ဆာန်ဆေးပညာကောင်စီမှ အပ်နှင်းမည့် တိရစ္ဆာန်ဆေးကုဆရာဝန် မှတ်ပုံတင်လက်မှတ်ရရှိရန် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့်တစ်ပါတည်း လျှောက်ထား ရပါမည်။

(၁၀) ယခုကျင်းပသည့်ဘွဲ့နှင်းသဘင်တွင် မွေးမြူရေးပညာဘွဲ့ကိုရယူမည့် သူများသည် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ အပ်နှင်း မည့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ် အဖွဲ့ဝင်လက်မှတ် ရရှိရန် သတ်မှတ်ထားသည့် လျှောက်လွှာ ပုံစံဖြင့် တစ်ပါတည်း လျှောက်ထားရပါမည်။

**(မောင်မောင်သန့်)**
**ဒုတိယညွှန်ကြားရေးမှူး(သင်တန်း)**
**သင်တန်းရေးရာဌာန**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7D/8337 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)သန်လျင်**

## မော်တော်ဆိုင်ကယ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

မော်တော်ဆိုင်ကယ်အမှတ် 68W/20077, Canda-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဆန်းနွယ်ဦး ၉/ပမန(နိုင်) ၁၉၂၀၃၃ က မော်တော်ဆိုင်ကယ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း(၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**နေပြည်တော်ရုံး**

## မော်တော်ဆိုင်ကယ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

မော်တော်ဆိုင်ကယ်အမှတ် 80W/20357,Sawasdee-115 ယာဉ်လက်ဝယ်ရှိသူ ဦးထက်ဝေအောင် ၉/လဝန(နိုင်)၂၄၁၆၆၃က မော်တော်ဆိုင်ကယ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း(၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**နေပြည်တော်ရုံး**

## ကြော်ငြာစာ
## အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ -၃၀၇
## မှော်ဘီခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၄၈
### ကွယ်လွန်သူ ဦးလှထွန်း၏ ကျန်ရှိရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု

ဒေါ်တင်တင်မူ လျှောက်ထားသူ

အမှတ်၈၁၊ မာလာမြိုင်(၅)လမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး နေထိုင်သော ကွယ်လွန်သူ ဦးလှထွန်း၏ အမွေထိန်းလက်မှတ်စာရရှိသူ ဒေါ်တင်တင်မူက ကွယ်လွန်သူ ဦးလှထွန်းအမည်ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ (၇)ရရှိထားသည့် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်မြေစာရင်းတွင် မှော်ဘီမြို့နယ်၊ မြို့မ(၃)ရပ်ကွက်၊ ကွင်းအမှတ်၅၉၀၊ B(ဂ)၊ မှော်ဘီရွာမရပ်၊ မြေအမျိုးအစားလယ်(R)၊ ဦးပိုင်အမှတ် ၂/ခ၊ ဧရိယာ(၈.၈၃)ဧကနှင့် ကွင်းအမှတ်၅၉၀၊ B(ဂ)၊ မှော်ဘီရွာမရပ်၊ ဦးပိုင်အမှတ်၃/က၊ ဧရိယာ(၀.၉၉)ဧက စုစုပေါင်းဧရိယာ(၉.၈၂)ဧက အကျယ်ရှိသော လယ်မြေကွက်များ၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချလိုကြောင်း လျှောက်ထားလာသည် ဖြစ်၍ ထို လျှောက်ထားမှုကို ၂၀၂၄ခုနှစ်၊ နိုဝင်ဘာလ(၂၆)ရက်(၁၃၈၆ခုနှစ်၊ တန်ဆောင်မုန်းလဆုတ်(၁၁)ရက် နံနက် ၁၀နာရီ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်း လက်မှတ်စာမထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၃၀၇နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်ကလျှောက်ထားသူ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် အမှုအကြောင်းအရာတွင် စီရင်ချက်ချလိမ့်မည်ဖြစ်သည်။

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၂ရက်၌ ဤရုံးတော်တံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

(ဝင်းခင်မိုးဆင့်)
ခရိုင်တရားသူကြီး
မှော်ဘီခရိုင်တရားရုံး

## ငွေချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)
## မှော်ဘီခရိုင် တရားရုံးတော်
## ၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ် -၂၅

ဦးစိုင်းခင်စိုး နှင့် ၁။ ဒေါ်ကြည်ကြည်မြင့်
၂။ Mr.Li Fei
(တရားလို) (တရားပြိုင်များ)

Mr.Li Fei အမှတ်(၉၀၃)၊ ရွှေမှော်တင်ဘုရားလမ်း၊ (၂)ရပ်ကွက်၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက တရုတ်ယွမ်ငွေ(၁၄)သိန်းကာလတန်ဖိုး မြန်မာငွေကျပ် သိန်း (၉၈၀၀)ရလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၆ရက် (၁၃၈၆ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၁၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ နိုဝင်ဘာလ ၁၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဝင်းခင်မိုးဆင့်)
ခရိုင်တရားသူကြီး
မှော်ဘီခရိုင်တရားရုံး

## ငွေချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)
## မှော်ဘီခရိုင် တရားရုံးတော်
## ၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ် -၂၅

ဦးစိုင်းခင်စိုး နှင့် ၁။ ဒေါ်ကြည်ကြည်မြင့်
၂။ Mr.Li Fei
(တရားလို) (တရားပြိုင်များ)

ဒေါ်ကြည်ကြည်မြင့် အမှတ်(၆၉)၊ (၇၁)လမ်း၊ (၃၂x၃၃)လမ်းကြား၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက တရုတ်ယွမ်ငွေ(၁၄)သိန်းကာလတန်ဖိုး မြန်မာငွေကျပ်သိန်း (၉၈၀၀)ရလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၆ရက် (၁၃၈၆ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၁၁ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဝင်းခင်မိုးဆင့်)
ခရိုင်တရားသူကြီး
မှော်ဘီခရိုင်တရားရုံး

## ငွေချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊နည်းဥပဒေ ၂၀)
## ဘားအံမြို့နယ်တရားရုံးတော်၌
## ၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ် – ၁၇

ဦးပြည့်စုံ နှင့် ဒေါ်ခင်ရွှေစင်ဝင်း
တရားလို တရားပြိုင်

ရန်ကုန်တိုင်းဒေသကြီး၊ရွှေပြည်သာမြို့နယ်၊(၇)ရပ်ကွက်၊အနော်ရထာလမ်း၊အိမ်အမှတ်(၁၅၅)နေ တရားပြိုင် ဒေါ်ခင်ရွှေစင်ဝင်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ယာဉ်အမှတ် 67W/95860 Honda Wave 100, M/C ယာဉ်လက်ဝယ်ရှိသူ NCX Myanmar Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(သာယာဝတီ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 56W/39307 Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သက်ထားစု ၁၄/ကခန(နိုင်) ၁၀၄၄၂၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟင်္သာတ)**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ဒူကထောင်ရပ်ကွက်၊ ကွင်း အမှတ်(၁)၊ ဦးပိုင်အမှတ်(၈၃)၊ မြေဧရိယာ ၀ ဒသမ ၁၇၂ ဧကရှိ မြေကွက်သည် မူလက ဦးစမိုင်ခါးနော် အမည်ဖြင့် ၃၀-၆-၂၀၂၀ ရက်အထိ(၃၀)နှစ်မြေငှား ဂရန် ရရှိခဲ့ပါသည်။ ဂရန်ရှင် ဦးစမိုင်ခါးနော်နှင့် ဇနီး ဒေါ်နန်ပန်(၂)ဦးတို့သည် ကွယ်လွန်သွားခဲ့ပြီးဖြစ်၍ ၎င်းတို့၏သား/သမီးများဖြစ်သည့် ဒေါ်အက်စ်ဂျာခေါင်၊ ဦးဂျာနော် (၂)ဦးတို့က တရားဝင်စာချုပ်စာတမ်းမှတ်ပုံတင်ဖြင့် အမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီး ၇-၇-၂၀၂၄ ရက်စွဲပါ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၃၃၇/၂၀၂၄) အရ အဆိုပါ မြေကွက်အား ဦးဘရန်တောင် ၁/ရကန(နိုင်)၀၄၇၆၃၈၊ ဒေါ်မရန်ပန်နွယ် ၁/မကန(နိုင်)၁၄၅၂၀၇ (၂)ဦးထံသို့ အပြီးအပိုင်ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဦးဘရန်တောင် ပါ(၂)ဦးအမည်ဖြင့် မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက် ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ မြောင်းကြီးလမ်း၊ တိုက်အမှတ်(၅၁)ဟု ခေါ်တွင်သော ၂-ခန်းတွဲ ၆-လွှာ တိုက်အဆောက်အအုံရှိ ပထမထပ်(တိုက်မျက်နှာမူလျှင် လက်ဝဲဘက် အခန်း)ဟုခေါ်တွင်သော တိုက်ခန်း (၁)ခန်းနှင့်တကွ ပတ်သက်ဆက်နွယ်သည့် အကျိုးခံစားခွင့်တို့ကို တရားဝင် လက်ဝယ်ထားပိုင်ဆိုင် စီမံခန့်ခွဲလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်စုစုလွင် ၁၂/အစန(နိုင်)၀၁၂၀၃၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သိင်္ဂီဦး ၁၂/ဗတထ(နိုင်)၀၀၆၇၈၈ က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုပါက ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု စာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက် ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးလူမော်ထိုက် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ် - ၁၄၄၁၉)**
**အမှတ်(၉၂၇)၊ မြေညီ(A-1)၊ မာဃ(၁၂)လမ်း၊ (၁၂)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း - ၀၉-၄၄၃၀၀၀၆၂၆၊ ၀၉-၄၅၆၃၃၂၇၃၃**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် ဘဘ-၆၊ ဦးပိုင်အမှတ်(၆၃/ခဲစင်း)၊ ၄၈x၄၉လမ်းကြား၊ ၁၁၃x၁၁၄လမ်းကြားရှိ ဦးချိုအမည်ပေါက် တောဂရန်မြေကွက်အား ဖခင် ဦးချို၊ မိခင် ဒေါ်တင်အေး၊ (သမီး/အစ်မ) ဒေါ်အိအိခိုင် (အပျိုကြီးဘဝဖြင့်)တို့ အသီးသီးကွယ်လွန်၍ အမွေ ဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်(၂၉၉/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သော သမီးများဖြစ်ကြသည့် ဒေါ်လွင်လွင်ခိုင် ၉/အမရ(နိုင်)၁၂၆၁၅၈၊ ဒေါ်မွန်မွန်အောင် ၉/အမရ(နိုင်)၁၂၆၃၃၉၊ ဒေါ်ခင်သူဇာအောင် ၉/အမရ(နိုင်)၁၇၂၉၈၇တို့၏ (GPရရှိသူ ဒေါ်နု)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲ အမှတ် (၄၉၃၆/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

ဟင်္သာတမြို့နယ်၊ ရွှေကူရပ်ကွက်၊ အကွက်အမှတ်(၅၃)၊ ရွှေကူ တောင်ရပ်၊ ဦးပိုင်အမှတ်(၂၂၅ᵝ)၊ ဧရိယာ ၀ ဒသမ ၀၃၃ ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်-

| | | | |
|---|---|---|---|
| (က) | အရှေ့လားသော် | - | ရန်ရှင်းလမ်း |
| (ခ ) | အနောက်လားသော် | - | ဦးပိုင်(၂၂၅ᵝ) |
| (ဂ) | တောင်လားသော် | - | ဦးပိုင်(၂၂၅ᵝ) |
| (ဃ) | မြောက်လားသော် | - | ဦးပိုင်(၂၂၅ᵝ) |

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ဒေါ်ချမ်းမြမြ ကျော်မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည် ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ဤကြေညာ စာပါသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက် သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ် ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးမှူး**
**မြို့နယ်မြေစာရင်းဦးစီးဌာန၊ ဟင်္သာတမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာ စီမံကိန်း အတွင်းရှိ ဇုန်(အေ)၊ တိုက်အမှတ် (A5)The Aurora၊ အခန်းအမှတ်(၄၀၄)၊ တိုက်ခန်းအမျိုးအစား (1-Bedroom)၊ ခန့်မှန်းကြမ်းခင်းဧရိယာ (၆၂၂) စတုရန်း ပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုး ခံစားခွင့် အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိသည်ဟု ဒေါ်ဇင်မျိုးတင့် ၁၂/တမန (နိုင်)၁၁၃၅၆၅ တို့ထံမှ အပြီးအပြတ် ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများ ရှိပါက ကျွန်ုပ်ထံသို့ခိုင်လုံသော စာချုပ်စာတမ်းများနှင့်အတူ ယခု ကြော်ငြာပါ သည့်ရက်မှစ၍ (၇)ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက် ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိ စေရန် ကြေညာ အပ်ပါသည်။

**ဒေါ်တင်မိုးဖြူ ၉/မကန(နိုင်)၀၆၆၃၆၇**
**၀၉ ၇၉၈၄၀၅၄၈၃**

## လုပ်ငန်းတံဆိပ်အမည်အမှတ်အသား သတိပေးကြေညာချက် လုပ်ငန်းတံဆိပ်အမည်အမှတ်အသား

### ရွှေမြို့တော်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးတင်ထွန်းနှင့် ဒေါ်စန်းမြင့်တို့(၂)ဦးမှ မြစ်ကြီးနားမြို့၊ မြို့မရပ်ကွက်၊ စည်ပင်သာယာဈေး(၂)၊ အခန်းအမှတ်(ထ-၁၇၊၁၈)တို့တွင် ဖွင့်လှစ်ထားသည့် စိန်၊ ရွှေ၊ ရတနာဆိုင်လုပ်ငန်း၌ အသုံးပြုနေသော အထက်ဖော်ပြပါ လုပ်ငန်းတံဆိပ်အမည် အမှတ်အသားကို မြစ်ကြီးနားမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ပိုင်ဆိုင်ကြောင်း ဝန်ခံမြွက်ဟကြေညာ၍ (၁၆-၇-၂၀၂၄)ရက်စွဲဖြင့် စာချုပ်မှတ်ပုံတင်အမှတ်(၃၀၄/၂၀၂၄)အရ မှတ်ပုံတင်သွင်း ခဲ့ပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ လုပ်ငန်းတံဆိပ်အမည်အမှတ်အသား တစ်ခုလုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေသုံးစွဲ၍ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားမပြုလုပ်ကြပါရန် သတိပေးတားမြစ်အပ်ပါ သည်။ အကယ်၍ အတုအပပြုလုပ်သုံးစွဲကြောင်း တွေ့ရှိရပါက တည်ဆဲဥပဒေ များနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဦးတင်ထွန်းနှင့် ဒေါ်စန်းမြင့် တို့(၂)ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးကျော်စိုးမိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၉၈၅)**
**ဖုန်း-၀၉၄၃၁၆၄၄၈၃၊ ၀၉-၇၉၃၀၈၇၄၆၄**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀) ကျောက်ဆည်မြို့နယ်တရားရုံးတော် ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၇၄

| | | |
|---|---|---|
| ဦးငွေမိုး | နှင့် | ဦးမြင့်သန်း |
| (တရားလို) | | (တရားပြိုင်) |

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့၊ ဘောဂဝတီရပ်ကွက်၊ မြို့ဦးရပ်နေ တရားပြိုင် ဦးမြင့်သန်း(ဘ)ဦးသက်ခို (ယခု နေရပ်လိပ်စာ မသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးငွေမိုး(ဘ)ဦးထွန်းရှိန်က မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊ ဘောဂဝတီရပ်ကွက်၊ မြို့ဦးရပ်ရှိ အကွက်အမှတ်-၃၄ (အလည်ကျွန်း)၊ ဦးပိုင်အမှတ်-၄၃၀(၁၉၉၂/၉၃)၊ မြို့မြေဧရိယာ ၀ ဒသမ ၀၄၂ ဧက အကျယ်ရှိ ဦးမြင့်သန်းအမည်ပေါက် ဂရန်မြေကွက်နှင့်ပတ်သက်၍ ပဋိညာဉ် အတိုင်း အရောင်းအဝယ်စာချုပ် မှတ်ပုံတင်ပြုလုပ်ပေးစေလိုမှု လျှောက်ထားစွဲဆို ချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက် များကို ပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက် (၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၃ ရက်) မွန်းမတည့်မီ(၁၀:၀၀)နာရီတွင် တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေး လိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ(၄) ရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇေယျာမျိုး)**
**တွဲဖက်မြို့နယ်တရားသူကြီး (၁)**
**ကျောက်ဆည်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃-A)၊ မြေကွက်အမှတ် -၃၊ မြေအတန်းအစား - ပဥ္စမတန်းစား၊ မြေဧရိယာ ၀ ဒသမ ၀၃၂ ဧက၊ အကျယ်အဝန်း (၂၅ ပေ x ၅၀ ပေ)ရှိ နှစ်(၉၀)မြေငှားဂရန်မြေကွက်၏ မြေအမည်ပေါက် ဦးကျော်ဝေ ၁၂/တမန(နိုင်) ၀၂၁၇၁၄ ထံမှ မြေအကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တစ်ဦးတည်းပိုင်ဆိုင် အကျိုးခံစားခွင့်ရှိပြီး တရားဝင် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသောကြောင့် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်တီတီမာ ၁၂/တမန(နိုင်)၀၄၃၅၇၀ နှင့် ဦးသီဟစိုး ၁၂/တမန (နိုင်)၁၂၁၀၃၃ တို့မှ အဆိုပါမြေကွက်ကို အပြီးအပိုင်ဝယ်ယူပြီးဖြစ်သောကြောင့် ကန့်ကွက်လို ပါက ကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ် ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်အေးအေးချို (LL.B)** | **ဦးဇော်ဇော် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၇၈၂၈)** | **အထက်တန်းရှေ့နေ (စဉ်-၂၄၉၅၄)** |

**အမှတ်(၁၁)၊ ၁၅၇လမ်း၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၂၇၈၃၉၄၊ ၀၉-၂၅၄၃၇၈၂၀၇**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်နေ ဦးငြိမ်းချမ်းဇော်-ဒေါ်သီတာဦးတို့၏ သား မောင်သူရငြိမ်းချမ်းသည် မိဘများ၏ ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်အောင်ပြုလုပ်ပြီး ၎င်း၏ သဘောအတိုင်း ဆောင်ရွက်နေသူဖြစ်ပါသဖြင့် ၎င်းအား ရာသက်ပန် သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စမှ (လုံးဝ)တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဖခင်-ဦးငြိမ်းချမ်းဇော် ၁၂/တမန(နိုင်)၀၄၉၈၆၆**
**မိခင်-ဒေါ်သီတာဦး ၁၄/ပသန(နိုင်)၀၃၀၇၇၅**

## ပတ်စ်ပို့ပျောက်

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့၊ ဇီးတောကျေးရွာနေ (ဘ) ဦးခင်မောင်ကြီး (သမီး) မနွယ်နွယ်စိုး ၁၁/မအန(နိုင်)၀၄၆၈၂၀၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံး။

ဖုန်း-၀၉-၄၃၀၈၆၁၃၉

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 49W/78380 Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြမြမိုး ၁၄/ဇလန(နိုင်)၁၅၇၄၂၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ဟသ်ာတ)

## ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော် ဦးမင်းသူ ၁၂/တကန(နိုင်)၀၉၇၇၆၂၏ ဇနီး ဒေါ်သန္တာဝင်း (ခ)မတူးတူး ၁၂/ထတပ(နိုင်)၀၀၅၀၈၁ သည် မိသားစု ဂုဏ်သိက္ခာကျဆင်းအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး နေအိမ်မှ ထွက်သွားပါသဖြင့် သူမနှင့် ပတ်သက်သည့်ကိစ္စရပ်များအားလုံးကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

ဦးမင်းသူ

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4S/7613 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွှေသာကြီး)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၅ယ/၁၇၁၈၇ Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်သူ ၉/တကန(နိုင်)၁၃၇၄၉၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ နေပြည်တော်ရုံး

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 23W/98184 Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မင်းသန်း ၁၄/ဟသတ(နိုင်)၁၉၈၀၉၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ဟသ်ာတ)

## အများသိစေရန် သတိပေးတားမြစ်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ကြည့်မြင်တိုင်မြို့နယ်၊ဈေးကလေးရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ်(၈၈)၊ ဒုတိယထပ်နေ ဒေါ်ပိုးအိဇင် ၇/ပခန(နိုင်)၃၉၀၄၆၆ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးတားမြစ် ကြေညာအပ်ပါသည်-

ကျွန်ုပ်တို့၏မိတ်ဆွေသည် ပုသိမ်မြို့သို့ ခရီးသွားလာနေစဉ်ကာလအတွင်း အထက်ဖော်ပြပါ လိပ်စာနေအိမ်သည် ဖောက်ထွင်းမှုကျူးလွန်ခံခဲ့ရပြီး ကျွန်ုပ်တို့၏ မိတ်ဆွေပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပ မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄/၃)၊ မြေကွက်အမှတ်(၃၇/၂)၊ (အရပ်အခေါ်) အမှတ်(၃၇/၂)၊ ကရမက်လမ်း၊ (၁၄/၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေကွက်ပိုင်ဆိုင်မှု နှစ်(၆၀)ဂရန်မူရင်း၊ အပါ အဝင်စာရွက်စာတမ်းမူရင်းများ၊ ယာဉ်အမှတ်(5R-7378)CHEVROLET EQUINOX ဦးသော်ဇင် ၁၂/စခန(နိုင်)၀၈၀၃၆၅ အမည်ပေါက် အနက်ရောင်မော်တော်ယာဉ် သက်သေခံလက်မှတ်(Owner Book)မူရင်း၊ အပါအဝင် မော်တော်ယာဉ်နှင့်သက်ဆိုင်သော စာရွက်စာတမ်းမူရင်း များသည် ဖောက်ထွင်းခိုးယူသူ၏ လက်ဝယ်သို့ ရောက်ရှိနေပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့် နေအိမ်၊ မော်တော်ယာဉ်တို့နှင့် ပတ်သက်၍ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်းတို့ လုံးဝမပြုလုပ်ကြရန် သတိပေးတားမြစ်အကြောင်းကြားအပ်ပါသည်။

**ဒေါ်ပိုးအိဇင် ၇/ပခန (နိုင်) ၃၉၀၄၆၆ ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဘူမောင်(LL.B) (စဉ်-၂၂၇၄၇) ဒေါ်ဖြိုးဖြိုးအောင်(LL.B) (စဉ်-၄၈၄၃၁)**

**အထက်တန်းရှေ့နေများ**

**အမှတ်(၅/၁၁)၊ ဘီ(မြေညီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**

**ဖုန်း-၀၉-၅၁၁၈၀၀၇၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၅၁၈၃၅၆၉**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၃၅H)၊ မြေကွက်အမှတ်-(၄၁၃)၊ အကျယ်အဝန်း(၂၀ပေx၄၀ပေ)၊ (၈၀၀)စတုရန်း ပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၃၃)၊ ရတနာလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော (၁)ထပ် ပျဉ်ထောင်နေအိမ်တို့အား နှစ်(၆၀)ဂရန်အမည်ပေါက်ပြီး လက်ရှိလက်ရောက် ပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်တင်တင်ဝင်း ၁၂/ဗဟန(နိုင်)၀၆၆၅၇၁ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဒေါ်သန်းကြည် ၁၁/မပတ(နိုင်) ၀၁၁၄၈၂ က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ၄င်းမြေကွက်၊ နေအိမ်တို့နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်စာချုပ် ချုပ်ဆိုကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဘူမောင်(LL.B) (စဉ် -၂၂၇၄၇)၊ ဒေါ်ဖြိုးဖြိုးအောင်(LL.B) (စဉ်-၄၈၄၃၁)၊ အထက်တန်းရှေ့နေများ**

**အမှတ်(၅/၁၁)၊ မြေညီထပ်(ဘီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၀၉-၅၁၁၈၀၀၇၊ ၀၉- ၅၁၁၅၉၉၀၊ ၀၉- ၅၁၈၃၅၆၉**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ မြေတိုင်းရပ်ကွက်(၅၉၀)၊ မြေကွက်(၂-က)+(၂-ခ)၊ မြေချိန် ဧရိယာ(၅.၅၃၃)ဧကအကျယ်အဝန်းရှိ ဂရန်မြေကွက်ကြီးပေါ်တွင်ဆောက်လုပ်ထားသော ဂါးဒင်းစီးတီး အိမ်ယာ၊ တာဝါ(၁၅)၊ (၄)လွှာ၊ အခန်းအမှတ်(၆)၊ ဧရိယာ (၉၂၅) စတုရန်းပေ အကျယ်အဝန်းရှိသော ဒေါ်ကေသီ အမည်ပေါက် တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ (ရေ+မီး အပြည့်အစုံ အပါအဝင်)၊ သွယ်တန်းတပ်ဆင်ထားသောပစ္စည်းအရပ်ရပ်အားလုံး၊ တိုက်ခန်း၏ ဥပစာတစ်ရပ်လုံးနှင့် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်နေထိုင်ပိုင်ဆိုင်ပြီး ကိုယ်တိုင်ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်ကေသီ(ဘ)ဦးမြင့်သိန်း ၁၂/မရက(နိုင်)၀၃၁၁၄၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍လည်းကောင်း၊ ဝယ်သူအမည်ပေါက်ကိစ္စများ၊ ဆောင်ရွက်ရန်ကိစ္စနှင့် ပတ်သက်၍လည်းကောင်း ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာလိုက်ပါသည်။

**လွှဲအပ်ချက်အရ**

**ဦးပြည့်ဖြိုးမောင်မောင် (မဟာဥပဒေဘွဲ့)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၈၄၉/၁၇-၁-၁၇)**

**အခန်း(၃/အေ)၊ တာဝါ(၃)၊ သီရိမင်္ဂလာကွန်ဒို၊ ၂၇လမ်း၊ ၇၃x၇၄ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊**

**ဖုန်း-၀၉-၂၀၃၅၃၀၁၊ ၀၉-၂၀၀၀၁၈၄၊ ၀၂-၂၈၄၄၉၅၉**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ တောမအုပ်စု၊ တောမ ကျေးရွာ၊ နယ်မြေ(၄)လမ်းဟုခေါ်သော အလျား ပေ၆၀၊ အနံ ပေ၄၀ အကျယ်အဝန်း ရှိ မြေကွက်နှင့် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ တောမအုပ်စု၊ လက်ပံခေါင်းကျေးရွာ၊ ဦးကျော်ငွေး၊ ဒေါ်ပြည့်ပိုင်ဆိုင်သော အလျား ၁၀၂ပေ၊ အနံ ၄၅ပေ အကျယ်အဝန်းရှိ အိမ်ခြံမြေ နှင့် ယင်းမြေပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်မာမာဆွေ(ဘ)ဦးစံအောင် ၅/ဘတလ(နိုင်)၀၇၆၄၃၇ မှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ဖြစ်ပါသည်။

အဆိုပါမြေကွက်များနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထို့အပြင် ၎င်းမြေကွက်များနှင့် ပတ်သက်ပြီး ယခုလက်ရှိ ပိုင်ဆိုင်သူ ဒေါ်မာမာဆွေမှ ပေးကမ်းထားခြင်း၊ စွန့်လွှတ်ထားခြင်း၊ ပြန်လည်ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်းမရှိဘဲ မိမိတစ်ဦးတည်းသာ လက်ရှိပိုင်ဆိုင်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်မာမာဆွေ၏လွှဲအပ်ချက်အရ -**

**ဒေါ်ဇာနည်ဝင်း(LL.B) အထက်တန်းရှေ့နေ(စဉ်-၅၅၅၂၂/၁-၆-၂၀၂၃) ၆၂လမ်းx၁၁၃လမ်းထောင့်၊**

**(ဇ-၈/၂၄)၊ (ဇ)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့**

**ဖုန်း-၀၉-၄၄၂၂၇၇၀၆၄**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၅ ၊ နည်းဥပဒေ-၂၀)
### ကျောက်ဆည်မြို့နယ်တရားရုံးတော်
### ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၇၆

ဦးငွေမိုး (တရားလို) နှင့် ဦးမြင့်ထွေး (ဗိုလ်မှူး-ငြိမ်း) (တရားပြိုင်)

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့၊ ဘောဂဝတီရပ်ကွက်၊ မြို့ဦးရပ်နေ တရားပြိုင် ဦးမြင့်ထွေး (ဗိုလ်မှူး-ငြိမ်း) (ဘ) ဦးတင်ဝင်း (ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးငွေမိုး(ဘ)ဦးထွန်းရှိန်က မန္တလေးတိုင်း ဒေသကြီး၊ ကျောက်ဆည်မြို့၊ ဘောဂဝတီရပ်ကွက်၊ မြို့ဦးရပ်ရှိ အကွက်အမှတ်-၃၄ (အလည်ကျွန်း)၊ ဦးပိုင်အမှတ်-၄၂၈(၁၉၉၂/၉၃)၊ မြို့မြေဧရိယာ ၀ ဒသမ ၀၅၅ ဧက အကျယ်ရှိ ဦးမြင့်ထွေး(ဗိုလ်မှူး)အမည်ပေါက် ဂရန်မြေကွက်နှင့်ပတ်သက်၍ ပဋိညာဉ်အတိုင်းအရောင်းအဝယ်စာချုပ် မှတ်ပုံတင်ပြုလုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက် (၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၃ ရက်) မွန်းမတည့်မီ နံနက် ၁၀:၀၀ နာရီတွင် တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဇေယျာမျိုး)

တွဲဖက်မြို့နယ်တရားသူကြီး(၁)

ကျောက်ဆည်မြို့နယ်တရားရုံး

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
### မဟာအောင်မြေခရိုင် တရားရုံးတော်
### ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၉၆နှင့် ဆက်နွှယ်သည့် ၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၄၅

ဦးခွန်အောင်ကျော် (၎င်း၏ အထွေထွေကိုယ်စားလှယ်စာရသူ ဦးစိုင်းမင်းသီဟအောင်) (တရားနိုင်) နှင့် ၁။ ဒေါ်ခင်မို့မို့လွင် ၂။ ဦးကျော်ထွေး (တရားရှုံးများ)

ဒေါ်ခင်မို့မို့လွင်၊ အကွက်အမှတ် (၁၄၇)၊ (၁၉) လမ်း၊ ပုလဲငွေရောင်ရပ်ကွက် အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၉၆ တွင် ရရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့် အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက် (၁၃၈၆ ခုနှစ်၊ နတ်တော်လဆုတ် ၁၁ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(နန်းစမ်ငင်း)

တွဲဖက်ခရိုင်တရားသူကြီး(၃)

မဟာအောင်မြေ ခရိုင်တရားရုံး

## ကြော်ငြာစာ
### (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)
### ကျောက်ဆည်ခရိုင်တရားရုံးတော်
### ၂၀၂၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၆၄

**ကွယ်လွန်သူ ဦးမောင်ညဏ်၏ ကျန်ရစ်သော ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၊ ငှက်တောင်ကျေးရွာတွင်နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးမောင်ညဏ်၏ ကျန်ရစ်သော မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည် မြို့နယ်၊ ငှက်တောင်ကျေးရွာအုပ်စု ကွင်းအမှတ်(၁၁၉-ခ)၊ ငှက်တောင်အရှေ့၊ ဦးပိုင်အမှတ်(၇၁)၊ ဧရိယာ ၁ ဒသမ ၂၀ ဧက ယာမြေပေါ်၌ အမွေထိန်း လက်မှတ် ထုတ်ပေးပါမည့် အကြောင်းနှင့် ဦးထွေးက အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက် (၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၇ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထား သည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးမောင်ညဏ်၏ ကျန်ရစ်သော ပစ္စည်းတွင် အကျိုးစီးပွားသက်ဆိုင်သည်အဆိုရှိသူအား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက် (၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်း လဆုတ် ၇ ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ် တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဦးထွေး၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက် ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

( ကျော့မခိုင် )

ဒုတိယခရိုင်တရားသူကြီး

ကျောက်ဆည်ခရိုင်တရားရုံး

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### ချမ်းမြသာစည်မြို့နယ်တရားရုံး
### ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၀၁

ဒေါ်စုထားမျက်ခြယ် (တရားလို) နှင့် ဒေါ်မေလှိုင် (၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဒေါ်ခင်မေဝင်း) (တရားပြိုင်)

မန္တလေးမြို့၊ အကွက်(ဖ-၃)၊ ဦးပိုင်အမှတ်(၃၅)၊ ကံသာယာရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်နေ ဒေါ်မေလှိုင်(ဘ)ဦးရွှေ ၉/မရမ(နိုင်)၀၆၆၂၉၀ (၎င်း၏ အထူးကိုယ်စားလှယ်စာရသူ ဒေါ်ခင်မေဝင်း) (ဘ)ဦးအေးမောင် ၉/မနတ(နိုင်)၀၇၉၇၈၀ သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်စုထားမျက်ခြယ် က မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ မြေကွက်အမှတ်(ဖ-၃)၊ ဦးပိုင်အမှတ်(၇၉)ဧရိယာ ၀ ဒသမ ၀၆၂ ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်အတွင်းမှ တောင်ဘက်ခြမ်း (၃၂ x ၄၅)ပေ အကျယ်အဝန်းရှိ မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ လ ၂၆ ရက် (၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၁၁ ရက်)မွန်းမတည့်မီ (၁၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင်အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(လှမျိုးလွင်)

တွဲဖက်မြို့နယ်တရားသူကြီး ( ၃ )

ချမ်းမြသာစည်မြို့နယ်တရားရုံး

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
### ပြည်ထောင်စုတရားလွှတ်တော်ချုပ်
### ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး
### ၂၀၂၄ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ်-၇၀

ဦးသက်နိုင် ပါ-၂ (အယူခံတရားလိုများ) နှင့် ဦးမြင့်သိန်းအောင် ပါ-၃ (အယူခံတရားပြိုင်များ)

၂။ ဦးစောလာဒူး ၃။ ဒေါ်မူမူအေး (အတူနေလင်မယား)

သာယာဝတီမင်းကြီးလမ်း၊ ၆၉ နှင့် ၇၀ လမ်းကြား၊

ဦးပိုင်အမှတ်(၄၅) အကွက်(၀/၆)၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊

မန္တလေးမြို့။ (ယခင်လိပ်စာ၊ ယခုလိပ်စာမသိနေ )တို့ သိစေရမည်။

အယူခံတရားလိုက မိမိအား ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၂၃ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၂၄၆ တွင် ချမှတ်သော ၂၀၂၄ ခုနှစ် ၊ ဖေဖော်ဝါရီလ ၂၂ ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီအပေါ် အထူးအယူခံဝင်ခွင့်ကို တရားစီရင်ရေး ဥပဒေပုဒ်မ ၁၉ အရ ပေးပါမည့်အကြောင်း အထက်အမည်ပါ ဖော်ပြပါ အယူခံတရားလို၏ တရားလွှတ်တော်ရှေ့နေက တင်သွင်း၍ ပြည်ထောင်စု တရားလွှတ်တော်ချုပ်တွင် မှတ်ပုံတင်ခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါ လျှောက်လွှာနှင့် စပ်လျဉ်း၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သင်တို့၏ ကိုယ်စား သင်တို့၏ တရားလွှတ်တော်ရှေ့နေကဖြစ်စေ(သို့မဟုတ်) သင်တို့ အတွက် ဆောင်ရွက်ရန် တရားဥပဒေအရ အာဏာလွှဲအပ်ထားသူ တစ်စုံတစ်ယောက်ကဖြစ်စေ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တရားမ တရားစီရင်ရေးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးထံ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက် နံနက်(၁၀:၀၀) နာရီတွင် ချိန်းဆိုပြီးကြောင်း အကြောင်းကြားပါသည်။

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(တင်မေလတ်)

လက်ထောက်ညွှန်ကြားရေးမှူး

တရားမတရားစီရင်ရေးဌာန

ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး

## ပျောက်ဆုံးကြောင်း

(ဘ) ဦးပီအဲက်စ်ခမ်ဒိုးနန်၏ သား မောင်ဇော်ဇက်စိန်ပြောင် ၁၂/ဒဂဆ(နိုင်)၀၁၂၇၅၃၏ နိုင်ငံကူးလက်မှတ်အမှတ်(MG-238683) ပျောက်ဆုံး၍ တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၀၈၃၇၉၇၆

## ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်ကေသီခိုင် ၁၂/ရကန(နိုင်)၀၀၂၇၀၃ ပတ်စ်ပို့ 301457 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။

ဖုန်း-၀၉-၄၂၁၀၉၂၉၅၁

## နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း အများသိစေရန်ကြေညာခြင်း

(ဘ) ဦးရဲအောင်၏ သား ဦးမင်းကိုအောင် ၁၂/ဗဟန(နိုင်)၁၀၂၀၅၅ နှင့် (ဘ) ဦးမင်းလွင်၏သမီး ဒေါ်မိမိခိုင် ၁၂/ဗဟန(နိုင်)၀၈၅၅၅၅တို့သည် ၁-၁၁-၂၀၂၄ ရက်တွင် ဗဟန်းရပ်ကွက်ရုံး၌ လူကြီးဆုံရာရှေ့တွင် မြန်မာဓလေ့ထုံးတမ်းဥပဒေနှင့်အညီ ကွာရှင်းပြတ်စဲခဲ့ပြီး ဖြစ်ပါသည်။ ထိုသို့ကွာရှင်းပြတ်စဲပြီးသည့် အချိန်မှစ၍ ဦးမင်းကိုအောင် ၁၂/ဗဟန(နိုင်)၁၀၂၀၅၅နှင့်ပတ်သက်သော ကိစ္စအဝဝသည် ဒေါ်မိမိခိုင် ၁၂/ဗဟန(နိုင်)၀၈၅၅၅၅ နှင့် သက်ဆိုင်မှုမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မိမိခိုင်

၁၂/ဗဟန(နိုင်)၀၈၅၅၅၅

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တ သာသန
## ရွှေကျင်နိကာယ ရတ္တညူမဟာနာယက
## သက်တော်(၈၄) နှစ်၊ ဝါတော် (၆၅)ဝါ

ရောဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့ ကျိုက်ညီနောင်သာသနာ့ဒီပ ကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော်ဖြစ်တော်မူသော ရွှေကျင်နိကာယ ရတ္တညူမဟာနာယက ဘဒ္ဒန္တ သာသနအရှင်သူမြတ်ကြီးသည် မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၁၁)ရက်၊ ခရစ်နှစ်၁၁-၁၁-၂၀၂၄ခုနှစ် (တနင်္လာနေ့) နံနက် ၇ နာရီခွဲတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ရပ်နီးရပ်ဝေးမှ တပည့်သံဃာများ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျိုက်ညီနောင်သာသနာ့ဒီပကျောင်းတိုက်၊ မြောင်းမြမြို့**

## ခရစ်တော်၌အိပ်ပျော်ခြင်း
## နော်ချယ်ရတီစိန်ဦး
## တွဲဖက်ပါမောက္ခ(ငြိမ်း)၊ အင်္ဂလိပ်စာဌာန
## ရန်ကုန်တက္ကသိုလ်
## အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းအရှေ့ရပ်ကွက်၊ မဟာသုခိတာလမ်း၊ အမှတ်(၈၂)နေ (ဦးစောစိန်ဦး-ဒေါ်နော်ဂရေ့စ်ညိုထွန်း)တို့၏သမီး၊ (သိက္ခာတော်ရဆရာ ဗစ်တာစံလုံး)၏ချစ်လှစွာသောဇနီး၊ စောနေသား-နော်ဝါးဒီးမူးတို့၏ မိခင်၊ စောဂျက်(ဖ်)ဗင်းစဲန့်နေမူးနှင့် နော်ဂရေ့စ်ဒိုနီးထာနေမူးတို့၏အဘွား ဖြစ်သူ နော်ချယ်ရတီစိန်ဦးသည် ၁၁-၁၁-၂၀၂၄ရက် (တနင်္လာနေ့) ည ၁၁:၁၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၃-၁၁-၂၀၂၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁:၃၀နာရီတွင် ဖူးသာဖြူ အောက်မေ့ဘွယ်ရာခန်းမ၊ ကျမ်းစာသင်ကျောင်းဝင်း၊ အင်းစိန်တွင် ဝတ်ပြုဆုတောင်းပြီး ထိန်ပင်ကရင်ခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ဓမ္မာရုံ၊ ရေတွင်း၊ ရေကန် ဒါယကာကြီး
## ဦးလှညွန့်
## (အငြိမ်းစားအထက်တန်းပြကျောင်းဆရာကြီး)
## ဖောင်ကြီး အ.ထ.က၊ လှည်းကူး အ.ထ.က၊ အ.ထ.က(၁)ဗဟန်း၊
## အ.ထ.က(၆)ဗိုလ်တထောင်
## အသက်(၈၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ အမှုထမ်းရပ်ကွက်၊ ယုဇနလမ်း၊ အိမ်အမှတ်(၁/က)နေ (ဒေါ်သန်းမြင့်) ၏ခင်ပွန်း၊ (ဦးမောင်သိန်း-ဒေါ်တင်)တို့၏သားကြီး၊ (ဦးထွန်းကြိုင်-ဒေါ်လှရင်)တို့၏သားသမက်၊ (ဦးသိန်းအောင်)-ဒေါ်နီနီ နှင့် ဦးမြသောင်း-ဒေါ်မြင့်မြင့် တို့၏ အစ်ကိုကြီး၊ ဒေါက်တာလှလှသန်း ၏ ချစ်လှစွာသောဖခင်ကြီး ဦးလှညွန့်သည် ၁၂-၁၁-၂၀၂၄ရက်(အင်္ဂါနေ့) မွန်းလွဲ (၂:၁၅)နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ၁၄-၁၁-၂၀၂၄ရက် (ကြာသပတေးနေ့)မွန်းလွဲ (၂)နာရီတွင် သန်လျင်မြို့၊ အမိုးနီသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟနှင့် တပည့်များအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
## ဦးကိုလေး(တရားလွှတ်တော်ရှေ့နေ)
## စစ်မှုထမ်းဟောင်း(ငြိမ်း)
## အသက် (၈၅)နှစ်

ရန်ကုန်မြို့နေ(ဦးစိုးမောင်-ဒေါ်သိန်းသိန်း)တို့၏သား၊ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ခ)ရပ်ကွက်၊ မြရတနာ(၁)လမ်း၊ အမှတ်(၄၉၇/ခ)နေ ဦးမြင့်အေး-ဒေါ်ပန်းဝါ(အ.မ.က(၄၁)မ/ဥ)၊ ဦးဝဏ္ဏ-ဒေါ်အေးအေးသင်း၊ ဒေါ်ပပဝင်းကို၊ ဦးကျော်စွာညီညီထွန်း-ဒေါ်ကြေးမုံဝင်း၊ ဦးနန္ဒ(တရားလွှတ်တော်ရှေ့နေ)တို့၏မွေးသဖခင်ကျေးဇူးရှင်၊ မြေး(၆)ယောက်တို့၏အဘိုး၊ (ဒေါ်ကြည်ကြည်ဝင်း)၏ခင်ပွန်းဖြစ်သူသည် ၁၂-၁၁-၂၀၂၄ရက်(အင်္ဂါနေ့) နံနက်(၇:၁၅)နာရီတွင် (၉၆)ပါးသော ရောဂါဝေဒနာဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၄-၁၁-၂၀၂၄ရက် (ကြာသပတေးနေ့)ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပြီး လိုက်ပါပို့ဆောင်နိုင်ပါရန်နှင့် ကွယ်လွန်သူအားရည်စူးလျက် ၁၈-၁၁-၂၀၂၄ရက်(တနင်္လာနေ့)နံနက်တွင် "မြောက်ဥက္ကလာပမြို့နယ်၊ (ခ)ရပ်ကွက်၊ မြရတနာ(၁)လမ်း၊ အမှတ်(၄၉၇)"နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

(နေအိမ်မှ ကားများ မွန်းလွဲ ၁:၃၀နာရီတွင် စတင်ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

### ပတ်စ်ပို့ပျောက်ဆုံးကြောင်း

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်၊ နတ်မောက်ကျေးရွာအုပ်စု၊ နတ်မောက်ကျေးရွာနေ(ဘ) ဦးအောင်သောင်းကြည် ၏သမီး မခင်မိုးချမ်း ၈/အလန(နိုင်)၁၈၀၃၂၁ ၏ နိုင်ငံကူးလက်မှတ်အမှတ် M-584120 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၆၂၂၇၉၁၀

### တစ်ဦးတည်းဖြစ်ကြောင်း

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ ကြို့ပင်စံပြကျေးရွာနေ မဇာဇာသိမ့်၏ ဖခင် ဦးမောင်စန်း(ခ)ဦးစန်းလွင် ၈/ခမန(နိုင်)၁၂၁၄၀၃သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမောင်စန်း(ခ)ဦးစန်းလွင်**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ကန် ဒါယိကာမကြီး
## ဒေါက်တာဝင်းသီတာလွင်
## မန်နေးဂျင်းဒါရိုက်တာ(သဘာဝရတနာအလင်းရောင်ကုမ္ပဏီလီမိတက်)
## မန်နေးဂျင်းဒါရိုက်တာ(သိန်းသန်းရတနာကျော်ကုမ္ပဏီလီမိတက်)
## ဒါရိုက်တာ(ရတနာစုကုမ္ပဏီလီမိတက်)
## အသက် (၅၅)နှစ်

ပုသိမ်မြို့နေ (ဦးမျိုးဝေ)-ဒေါ်အေးအေးလွင် (ဦးချိုဆန်စက်)တို့၏ သမီးကြီး၊ (ဦးမျိုးကျော်ကျော်ဦး)-ဒေါ်နွေဦးခိုင်၊ ဦးဇော်မျိုးလွင်-ဒေါက်တာသဇင်ဦး၊ ဦးသက်နိုင်ထွန်း-ဒေါက်တာ မြထွေးယဉ် တို့၏အစ်မကြီး၊ ရတနာစုကုမ္ပဏီလီမိတက် မန်နေးဂျင်းဒါရိုက်တာ ဦးရဲဝင်း ၏ဇနီး၊ မောင်ကောင်းထက်၊ မသက်စုစံ တို့၏ မွေးသမိခင်ကျေးဇူးရှင် ဒေါက်တာ ဝင်းသီတာလွင် သည် ၁၀-၁၁-၂၀၂၄ရက် ည ၉:၃၀နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ၁၂-၁၁-၂၀၂၄ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်း အား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်သန်းသန်းဝင်း
## အသက်(၇၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ အထက်ပုဇွန်တောင်လမ်း၊တိုက်အမှတ်(၆/၈)၊အခန်းအမှတ်(၄၀၂)(၅လွှာ)နေ (ဦးထိန်ဝင်း-ဒေါ်သန်းစိန်) တို့၏သမီး၊ မသူဇာဝင်း၏အစ်မ၊ ဦးခင်နိုင်(ဒုရဲမှူး-ငြိမ်း) ၏ဇနီး (ဒေါ်သန်းသန်းဝင်း) သည် ၈-၁၁-၂၀၂၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၁၁-၂၀၂၄ ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၄-၁၁-၂၀၂၄ရက် (ကြာသပတေးနေ့) နံနက် ၆ နာရီမှ မွန်းတည့် ၁၂နာရီထိ ရက်လည်ဆွမ်းကျွေးတရားနာယူမည်ဖြစ်ပါ၍ အထက်ပါနေအိမ်သို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အကြောင်းပြရန်ပေးသည့် အကြောင်းကြားစာ
## မော်လမြိုင်ခရိုင်တရားရုံးတော်၌
## ၂၀၂၄ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၅၀

| | | |
|---|---|---|
| ၁။ ဦးမောင်မောင်လတ် | **နှင့်** | ၁။ ဒေါ်ချိုချို |
| ၂။ ဒေါ်ခင်သီတာမိုး | | ၂။ဦးအောင်အောင် |
| | | ၃။ ဒေါ်တင်မေထွေး |
| **လျှောက်ထားသူများ** | | **လျှောက်ထားခံရသူများ** |

မော်လမြိုင်မြို့၊ ငန်းတေးရပ်ကွက်၊ အမှတ်(၁၆၆)ရပ်နေ (၁) ဦးအောင်အောင်၊(၂)ဒေါ်တင်မေထွေး(ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

အထက်အမည်ပါ ဦးမောင်မောင်လတ်ပါ-၂က ဤရုံးသို့ တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁၊ နည်း ၅၈ အရ စွဲကပ်ထားသည့် ပညတ်ဝရမ်းအားခွာပေးစေလိုမှု လျှောက်ထားသည့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်က ဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်း အကြောင်းပြရန် ၂၀၂၄ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက် (၁၃၈၆ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၁၃ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤရုံးသို့ လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါလျှောက်ထားချက်ကို သင့်မျက်ကွယ်တွင် တစ်ဖက်သတ် ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၂၄ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စမ်းသီတာအောင်)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**မော်လမြိုင်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅/တပင်ရွှေထီးရပ်၊ တပင်ရွှေထီးရပ်ကွက်ရှိ ဒု-တကကျော်နိုင် (ကိုယ်ပိုင်အမှတ် ၇၃၄၆၇၁) ၇/အတန(နိုင်)၀၂၁၈၂၃ (ဘ)ဦးထွန်းလှိုင် အမည်ပေါက် ပါမစ်မြေကွက်အမှတ် ပစ(င)/၄၅၄၇ အမည်ပေါက် (ကွယ်လွန်)၏ တရားဝင်အမွေခံသမီးဖြစ်သူ ဒေါ်စမ်းသီတာအေး ၅/ဖပန(နိုင်)၀၅၀၉၅၂ (ဘ) ဦးကျော်နိုင်မှ တရားဝင်အမွေခံသမီးဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ ဒု-တက ကျော်နိုင် သေဆုံးခြင်းလက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိ အဆောက်အအုံပုံများတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅/တပင်ရွှေထီးရပ်၊ တပင်ရွှေထီးရပ်ကွက်ရှိ တကတင်နွယ်ဦး (ကိုယ်ပိုင်အမှတ် ၈၅၉၄၄၉) ၇/ရတရ(နိုင်)၀၀၆၄၈၃(ဘ)ဦးသိန်းမောင် အမည်ပေါက် ပါမစ်မြေကွက်အမှတ် ပစ(င)၅၅၂ အမည်ပေါက် (ကွယ်လွန်)၏ တရားဝင် အမွေခံဇနီးဖြစ်သူ ဒေါ်ခင်ထားထားထွေး ၉/ပဥလ(နိုင်)၀၂၀၁၁၅(ဘ)ဦးသိန်းထိုက်မှ တရားဝင် အမွေခံဇနီးဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ တကတင်နွယ်ဦး သေဆုံးခြင်းလက်မှတ်မိတ္တူ၊မြေကွက်ပေါ်ရှိ အဆောက်အအုံပုံများတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြရတနာမြို့သစ်ရပ်ကွက်၊ ခွာညိုလမ်း၊ အမှတ်(၁၄၇၅)ဟုခေါ်တွင်သော အလျား(၂၀x၅၀)ပေရှိ မြေကွက်နှင့် နေအိမ်ကို အကျိုးခံစားခွင့်ရရှိထားပြီး လက်ရှိလက်ရောက်ပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုကမ်းလှမ်းလာသူ ဒေါ်မိုးမိုးဆွေ ၁၃/တလန(နိုင်) ၀၀၀၀၅၃ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးညွန့်မောင် ၁၁/ကတန(နိုင်) ၀၇၉၅၅၈ ၏ အမည် ငှားဖြစ်သော ဒေါ်ခိုင်ခိုင်ဝေ ၁၂/မဂဒ(နိုင်) ၁၅၃၀၆၈က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအိမ်ခြံမြေနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအိမ်ခြံမြေ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးညွန့်မောင် ၁၁/ကတန(နိုင်) ၀၇၉၅၅၈၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသဲမောင်ကြည်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၃၃၅)**
**အမှတ်(၂၆၁)၊ စံပယ်လမ်း၊ (၃/က)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း -၀၉-၇၉၅၇၆၈၉၄၄၊ ၀၉-၄၄၀၂၆၇၉၈၁**

### ပတ်စ်ပို့ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ အမှတ်(၆၉၈)၊ ရှမ်းတောရပ်မြို့မအုပ်စု၊ မိုးကုတ်မြို့နေ ဝဏ္ဏမောင်မောင်(ဘ)ဦးမောင်မောင် ၉/မကန(နိုင်)၀၀၀၀၃၅၏ နိုင်ငံကူးလက်မှတ်အမှတ်(MD-670221)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၆၆၁၄၆၂၆

### ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်နေ မယဉ်မေဦး (ဘ) ဦးမြင့်ဦး ၁၂/ကခက(နိုင်)၀၆၉၂၈၂၏ နိုင်ငံကူးလက်မှတ် (MD-066541)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၄၀၈၉၉၅၀

## ကန့်ကွက်နိုင်ကြောင်း အများသိရှိစေရန် ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့၊ ရတနာပုံရပ်ကွက်၊ အမှတ်(၃)လမ်းတွင်တည်ရှိသော အိမ်အမှတ် ၂/၆၁၊ အလျား(၃၄)ပေ၊ အနံ(၇၀)ပေ အရှေ့လားသော်-ဦးထွန်းကြိုင်၊ အနောက်လားသော်-ဦးကျောက်နီ၊ တောင်လားသော်- ဦးလှဝင်း၊ မြောက်လားသော်-အမှတ်(၃)လမ်း ၎င်းနယ်လေးရပ်အတွင်းရှိ ဝင်းမြေနှင့်ဝင်းမြေပေါ်ရှိ(၂)ထပ် နံကပ်တိုက် အဆောက်အအုံအား ဦးသန်းထိုက်(ဘ) ဦးစိုးလှ ၅/မရန(နိုင်)၁၃၇၁၂၇မှ ၎င်းတရားဝင်လက်ဝယ်ပိုင်ဆိုင်ကြောင်း ဝန်ခံ၍ ကျွန်ုပ်၏မိတ်ဆွေအား အရောင်းအဝယ်ပြုလုပ်ရန် ကမ်းလှမ်းထားပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေမှ ၎င်းအိမ်ဝင်း၏တန်ဖိုးငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါ၍ အပြီးသတ်အရောင်းအဝယ်ပြုလုပ်နိုင်ရန်အတွက် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။ ၎င်းဝင်းမြေ၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့်စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ဤသတင်းစာ ကြေညာပါသည့်ရက်မှ (၁၀)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။ အကယ်၍ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စအထမြောက်စေရန်အတွက် ဥပဒေနှင့်အညီ အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ရောင်းသူ ၊ ဝယ်သူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နှင်းနုထွေး (LL.B, LL.M) အထက်တန်းရှေ့နေ(စဉ်-၂၆၂၂၄)**
**အမက (၆)လမ်း၊ ထန်းတောအောင်လံရပ်ကွက်၊ မုံရွာမြို့၊**
**ဖုန်း-၀၉-၅၁၀၈၉၈၇၊ ၀၉-၉၇၀၇၀၃၇၁၄**

## ပျောက်ဆုံးကြောင်း

ဦးအိုက်မိုင်၏သား ကျွန်တော်အိုက်လီး (၁၃/မပတ(နိုင်)၀၄၇၁၇၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၄၇၆၇၃၈

### လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်မြို့၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာ၊ အေးသာယာရပ်ကွက်၊ ဗဟို(၉)လမ်း၊ (H.190)နေ မောင်လူဇော် ၁၂/သဃက(နိုင်)၁၆၆၁၉၅ ၏ ဖခင်အမည်မှာ ဦးကြည်ရှိန် ဟုလည်းကောင်း၊ ဦးကြည်ရှိန်(ခ)ဦးကျော်ရင်ဟု လည်းကောင်း ကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်၊ 5M/6298, Toyota Wish ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ဝင်း(၁၃/တခလ(နိုင်)၀၀၂၅၅၀) က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံ သောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ(၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**က.ည.န၊ ခရိုင်ရုံး(တာချီလိတ်)**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## အများသိစေရန်အသိပေးကြေညာခြင်း

တာချီလိတ်မြို့၊ မကာဟိုခမ်းရပ်ကွက်(ယာမြေကုန်း)၊ အကွက်(၈)၊ မြတ်လေးလမ်းသွယ်ရှိ အလျား(၆၀)ပေ၊ အနံ(၄၀)ပေရှိ မြေကွက်အမှတ်(၄/၄) နှင့် (၄/၅) မြေကွက်(၂)ကွက်အား တာချီလိတ်မြို့နယ်၊ ပြည်သူ့ကောင်စီအလုပ်အမှုဆောင် အဖွဲ့၏ (၁၂-၁-၁၉၈၈) ရက်စွဲပါစာဖြင့် ဦးအိုက်ရန်း(KTG-၀၃၀၇၃၄) သို့ ခွင့်ပြုချထားပေးခဲ့ပါသည်။ အဆိုပါဦးအိုက်ရန်းသည် (၁၆-၇-၁၉၉၇) ရက်တွင် ကွယ်လွန်သွားပြီဖြစ်ပါ၍ ဇနီးဖြစ်သူ ကျွန်မ ဒေါ်မွှေးရင်(၁၃/တခလ (နိုင်) ၀၀၄၂၆၆) မှ တရားဝင်ပိုင် ဆိုင်ခွင့်ရှိသူ တစ်ဦးဖြစ်ကြောင်းနှင့် ဦးအိုက်ရန်းမကွယ်လွန်မီကသော်လည်းကောင်း မိမိပိုင်ဆိုင်ခွင့်ရရှိပြီးနောက်ပိုင်းတွင် လည်းကောင်း၊ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ယင်းမြေကွက် (၂)ကွက်အား လွှဲပြောင်းခြင်း၊ ရောင်းချထားခြင်း၊ ပေါင်နှံခြင်း၊ အသိအမှတ်ပြုနေထိုင်ခွင့်ပေးထားခြင်းများ (လုံး၀)မရှိပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်မွှေးရင်(၁၃/တခလ(နိုင်)၀၀၄၂၆၆)**

## ပတ်စပို့ပျောက်

ကျွန်မ မသီသီအောင် ၉/လဝန(နိုင်)၂၅၉၆၉၁ ၏ နိုင်ငံကူးလက်မှတ် (MF 452422) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉ ၂၅၀ ၉၂၁ ၂၀၆

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ စနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **နိုင်ငံတစ်နိုင်ငံ၏ အင်အားသည် ပညာပေါ်တွင် အခြေခံ . . .**

❖ **ဗလငါးတန်ပြည့်ဝပြီး အသိဉာဏ် ပညာပြည့်စုံသည့် ကျောင်းသား၊ ကျောင်းသူလူငယ်များသည် နိုင်ငံ၏ အင်အား၊ နိုင်ငံ၏ အနာဂတ်များဖြစ် . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့တွင် ပြုလုပ်သော မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၄) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## တောင်ကြီးမြို့၌ ၂၀၂၄ ခုနှစ် တန်ဆောင်တိုင်မီးပုံးပျံပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပ



တောင်ကြီး နိုဝင်ဘာ ၁၂

မြူနှင်းများဖုံးလွှမ်းပြီး မှိုင်းညို့သည့်တောင်တန်းများနှင့်အတူ အေးချမ်းသာယာသည့်ရာသီဥတုနှင့်အညီ မြိုင်မြိုင်ဆိုင်ဆိုင်လတန်ဆောင်တိုင်ဆိုသည့်အတိုင်း ၂၀၂၄ ခုနှစ် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ တန်ဆောင်တိုင်မီးပုံးပျံပွဲတော် ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၁ ရက် ညနေ ၄ နာရီခွဲက တောင်ကြီးမြို့ အဝေရာမီးပုံးပျံကွင်း၌ စည်ကားသိုက်မြိုက်စွာကျင်းပသည်။

ဦးစွာ စူဠာမုနိလောကချမ်းဘုရားအား ပန်း၊ ရေချမ်း၊ ဆီမီးတို့ကို

*စာမျက်နှာ ၁၅ ကော်လံ ၁* ❄

## MNL ယူ-၂၀ လိဂ်ပြိုင်ပွဲ ပွဲစဉ် (၂၃) ကျင်းပ



နေပြည်တော် နိုဝင်ဘာ ၁၂

၂၀၂၄ ရာသီ MNL ယူ-၂၀ လူငယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၂၃) ပထမနေ့ကို နိုဝင်ဘာ ၁၂ ရက်က ကျင်းပရာ Junior Lions အသင်းနှင့် ဒဂုံစတားအသင်း အနိုင်ရရှိသည်။

ပထမနေ့တွင် Junior Lions အသင်းက ဟံသာဝတီယူနိုက်တက်အသင်းကို တစ်ဂိုး - ဂိုးမရှိ၊ ဒဂုံစတားယူနိုက်တက်အသင်းက မြဝတီအသင်းကို သုံးဂိုး - ဂိုးမရှိဖြင့် အနိုင်ရပြီး ရတနာပုံအသင်းနှင့် ရှေ့ဝတီယူနိုက်တက်အသင်း


*စာမျက်နှာ ၁၅ ကော်လံ ၄* ◆

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၂

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်း၊ အိန္ဒိယနိုင်ငံတမီးနာဒူးလ်မြောက်ပိုင်းကမ်းလွန်နှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အင်ဒရာပရာဒေ့ရှ်တောင်ပိုင်းကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။

မိုး/ဇလ



**ယနေ့ *သတင်းအညွှန်း***

**သီရိလင်္ကာနိုင်ငံ၌ အင်တာနက်လိမ်လည်မှုများ မြင့်တက်၊ ပြည်သူများဆိုက်ဘာပြစ်မှုကျူးလွန်နိုင်သည့်နည်းလမ်းများကို သတိထားရန်လို**

နိုင်ငံတကာသတင်း စာ ၁၃

**သာစည် - မန္တလေး ရထားလမ်းပိုင်း၌ လူစီးရထား စတင်ပြေးဆွဲ**

စာ ၁၅ ပြည်တွင်းသတင်း

**တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ဆိုင်ကယ်အပိုပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ**

ပြည်တွင်းသတင်း စာ ၁၉